
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

BURMESE CLASSIC

## မထူးဆန်းသလို ထူးဆန်းမဆုံး တောင်ပေါ်မှာ တောင်သူကုန်း

(ပထမအကြိမ်)

စီစဉ်သူ - အတီး

---

ဖြန့်ချိရေး

---

နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက်                                                                 ၈၉၅ . ၁၃
မထူးဆန်းသလို ထူးဆန်းမဆုံး တောင်ပေါ်ရွာ တောင်သူကုန်း/ ကိုပိုက်
။ – ရန်ကုန်။
ရဲအောင်စာပေ ၊ ၂၀၁၂ ခုနှစ် ။
စာမျက်နှာ ၁ မှ ၁၇၆ အထိ ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) မထူးဆန်းသလို ထူးဆန်းမဆုံး တောင်ပေါ်ရွာ တောင်သူကုန်း

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၉၉၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၄၀၈၁၁
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဧပြီလ
အုပ်ရေ - ၅၀၀ - တန်ဖိုး - ၂၀၀ ကျပ်
ကွန်ပျူတာစာစီ - မြစ်ခွဲ ၉ စင်း ကွန်ပျူတာ
ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
အတွင်းနှင့်အဖုံးပုံနှိပ် - ဦးကျင်ရင် (၀၅၄၁၇)(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ အလုံမြို့နယ်
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ဦးရသေ့အားဦးထိပ်ထားကာ

မွေးဖေ၊ မွေးမေ၊

ပြီးတော့. . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

## ဒေါ်သမုဒ်ဆိုး ကြမ္မာဆိုး

(စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၆၀၀၄၁၁)

ဆက်လက်ထွက်ရှိမည်။

ဖြန့်ချိရေး

နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် မုဆိုးကြီး တာလူးတို့သည် "စိန်တောင်"သို့ ရောက်နေကြသည်မှာ လေးရက်ပင်ရှိချေပြီဖြစ်သည်။

လွန်ခဲ့သောနှစ်သုံးဆယ်ကျော်လောက်က စိန်တောင်အဖျားတွင် ကျွန်တော်တို့သည် လေယာဉ်ငယ်အပျက်တစ်စင်းကို တွေ့ခဲ့ကြ၏။

ထိုလေယာဉ်ငယ်သည် စစ်တွင်းကာလ သို့မဟုတ် စစ်ပြီးကာလက ကုန်တင်လေယာဉ်ဖြစ်ချိမ့်မည်။

ခရီးသွားရင်းပျက်ကျ၊ တောင်နံရံကို ထိုးဖောက်ဝင်ရောက်နေခြင်းဖြစ်ချေ၏။ ထိုစဉ်က ကျွန်တော်သည် သစ်တောဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် စိန်တောင်ဘက်သို့ ကျွန်းသင်းသတ်ခြင်းလုပ်ငန်း လုပ်ဆောင်နေရာမှ မြင်တွေ့ခဲ့ခြင်းဖြစ်တော့၏။ စပ်စပ်စုစု ကျွန်တော်တို့ လေယာဉ်ပျက်သို့ သွားကြည့်ခဲ့ဖူး၏။ အထွေအထူးတော့ဖြင့် မရှိပါချေ။ ကျွန်တော့်အထင် ကုန်တင်လေယာဉ်ငယ်ဆိုပေမင့် ကြေးလင်းကွင်းများ သယ်ယူပို့ဆောင်ရင်း ပျက်ကျရေခြင်း ဖြစ်ချိမ့်မည်။ လေယာဉ်မောင်းသူနှင့်တကွ လူဘယ်နှယောက်ပါလိမ့်မည်ကိုတော့ဖြင့် မသိပါချေ။ ထိုလေယာဉ်အကြောင်း ကြေး

www.burmeseclassic.com

www.burmeseclassic.com



လင်းကွင်းအကွဲအပျက် လေး၊ ငါး၊ ဆယ်ခုလောက် တွေ့ရခြင်းဖြစ်ပေမင့် ကျွန်တော်တို့ သစ်တောအဖွဲ့ ထိုနေရာတစ်ဝိုက် လုပ်ငန်းတာဝန်များလုပ်ဆောင်ကြစဉ် ဝန်ထမ်းများ၊ လုပ်သားများက ကြေးလင်းကွင်းများ မကြာခဏရတတ်သည်ကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ လေယာဉ်ပျက်ကို တွေ့သည်ကြောင့်လည်းကောင်း တွက်ဆပြောရပါလျှင် ကြေးလင်းကွင်းများ သယ်ဆောင်လာသည့် လေယာဉ်ပျက်ကျ တောင်နံရံတွင်း ထိုးဖောက်ဝင်ရောက်လေခြင်းဖြစ်ချိမ့်မည်။

လေယာဉ်ဦးခေါင်းပိုင်းသည် တောင်နံရံမြေသားတွင် နစ်မြုပ်နေလေခြင်းကြောင့် လေယာဉ်မောင်းသူနှင့် မည်သူ မည်ရွေ့မည်မျှ ပါလာကြသည်ကို မသိနိုင်သလို ထိုလေယာဉ်နှင့် လိုက်ပါသူများ သေဆုံးခြင်း ရှိ၊ မရှိကိုလည်း မသိနိုင်ပါချေ။ ကျွန်တော်တို့ လေယာဉ်ပျက်ကို စတင်တွေ့မိချိန်တွင်မတော့ လေယာဉ်ကိုယ်ထည်သည် အတော်ကလေးကို ပျက်စီးယိုယွင်းနေလေပြီဖြစ်တော့၏။ လေယာဉ်ကိုယ်ထည်ချည်းသာ ရှိချေ၏။ အင်ဂျင်လည်းမရှိ၊ အခြားစက်ကိရိယာအပိုင်းအဆတို့လည်း မတွေ့ရပါချေ။

သို့ပေမင့်လို့ စပ်စုတတ်သော ကျွန်တော့်ကြောင့် ကြေးလင်းကွင်းမှလွဲ၍ ရလိုက်သောပစ္စည်းလေးတစ်ခုသည် အရိုးအသွား ၈ လက်မခန့်သာရှိသည့် ဓားမြှောင်တစ်ချောင်းသာ ဖြစ်ချေတော့၏။

ကျွန်တော်ရရှိခဲ့စဉ်က သံချေးတက်နေပြီဖြစ်ငြား ကျွန်တော်၏ လက်ရင်းတပည့်ကြီးသည် ဂေါ်မုတ်အား ပြန်လည်သန့်စင်နိုင်းသည်တွင်မတော့ ဆက်လက်အသုံးပြု၍ရလောက်သော ဆောင်ဓားမြှောင်လေးတစ်လက် ရလိုက်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခားမြောင်လေးကို မည်သူအသုံးပြုခဲ့လေသည် မသိ ချေ။ လေယာဉ်မောင်းသူလား၊ လေယာဉ်ပါသူတစ်ယောက်ယောက် လား သို့တည်းမဟုတ် ထိုခားမြောင်လေးသည် လေယာဉ်ပါသူတို့ နှင့် ပတ်သက်ချင်မှလည်း ပတ်သက်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်တွက် တန်ဖိုးထားရသော ခားမြောင်လက်ဆောင်လေးတစ်ခုပင် ဖြစ်ချေတော့၏။

ခားမြောင်သွားသည် စတီးအစစ်ဖြစ်ချိမ့်မည်။ ပြန်လည် သွေးလိုက်သောအခါ ပြောင်လက်လို့လာချေ၏။

အရိုးသည် ဆင်စွယ်ဖြင့် လုပ်ထားခြင်းဖြစ်ချေ၏။ သို့ပြင် ခားမြောင်အရိုးလေးတွင် မန်ကျည်းစေ့ခန့် ပွဲနေသည်က လွဲ၍ အကောင်းပကတိဟု ပြောရချိမ့်မည်။ အဖျား ငါးလက်မ၊ အရိုးသုံး လက်မ ရှိချေ၏။

လူသတ်လက်နက်တွေဖြင့် မဖြစ်နိုင်။ အသုံးမပြုနိုင်။

ထိုစဉ်ကာလက ထိုခားမြောင်လေးကို မည်သူပိုင်ဆိုင်ခဲ့ လေသည်ကိုတော့ဖြင့် မသိပါချေ။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်မှစ၍ ကျွန်တော် ပိုင်ဆိုင်လေခြင်းဖြစ်တော့သည်။

ယခင်ပိုင်ရှင်တော့ဖြင့် မသိ။ ကျွန်တော့်အတွက်တော့မူ လာဘ်ကောင်းသောခားမြောင်ဟု ဆိုရချိမ့်မည်။

သစ်တောဌာနမှ အနားယူပြီးဖြစ်သော်လည်း ဝင်္ကြေး ကြောင့်ဟု ထင်ပါသည်။ တောတောင်နှင့်တော့ဖြင့် ဝေးကွာသွား ခြင်း မရှိပါချေ။

တကယ်တော့ ကျွန်တော်သည် တောတောင်ကိုချစ် သည်။ တောတောင်တွင်း နေရသည်ကို ကျေနပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝက တောတောင်နှင့် မည်သို့ပတ်သက်ခဲ့လေသည် မသိ။ ကျွန်တော့်ကို မြို့ပြတွင် မွေးဖွားခဲ့သော်လည်း ခရီးမိုင်ပေါင်းဝေးလှသော ပဲခူးရိုးမကြီးအတွင်း သစ်တောဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်စဉ်မှစ၍ တစ်နှစ်လျှင် တစ်ခေါက် တစ်ခေါက်လျှင် သုံး၊ လေးလ ဆိုသလို ရောက်ခဲ့ရ၏။

လုပ်ငန်းတာဝန်ဖြင့် ဖြစ်ချေ၏။ သစ်တောဌာနတွင်းလုပ်ခဲ့သည့် လုပ်သက်တစ်လျှောက် တောတောင်တွင်း နေခဲ့ရခြင်းဖြစ်ချေ၏။ သည်တော့ ကျွန်တော် တောတောင်ကို အစက ကြောက်လန့်ခဲ့ပေမင့် နေသားကျလေတော့ တောတောင်တွင်နေရသည်ကို ကျေနပ်မိ၏။ တောတောင်တွင်း နေထိုင်ရစဉ်ကာလ ကျွန်တော် မုဆိုးတွေနှင့် ပေါင်းဖက်မိခဲ့၏။ သူတို့ထံမှ အမဲလိုက်ခြင်းပညာကို ရခဲ့၏။ ကိုယ်တိုင် သားကောင်ကို လိုက်လံသတ်ဖြတ်စားခဲ့ရ၏။

သို့မှသည် ကျွန်တော် အပျော်တမ်းမုဆိုးဖြစ်ခဲ့ရ၏။ လုပ်ငန်းမှ နားလိုက်ရသော်လည်း တောတောင်နှင့် ကျွန်တော် ပတ်သက်နေရပြန်တော့၏။

မည်သို့ကြောင့်ဆိုမူ လင်းမြင့်လှိုင်နှင့် ရင်းနှီးခဲ့၏။ သူသည်လည်း မုဆိုးဟု ဆိုရချိမ့်မည်။

သည်တော့ အခါအားလျော်စွာ ပဲခူးရိုးမတောတွင်း ရောက်ခဲ့ကြရပြန်၏။

သို့ဆိုတော့ ကျွန်တော် ရလိုက်သောဓားမြှောင်သည် ကျွန်တော်နှင့် မြဲနေချေသေးတော့၏။ ဓားကောင်းတစ်လက်မို့ သားကောင်ရသည်တွင် အရေစုတ်လေသည့်အခါ ထိုဓားမြှောင်လေးသည် အသုံးတည့်သေးတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ အသေးသုံးလေးတော့ဖြင့် အသုံးဝင်လေ၏။ ဖွတ်တို့၊ ပဒပ်တို့အားလည်းကောင်း၊ မြွေလိုအကောင်လေးများကိုလည်းကောင်း ထိုဓားမြှောင်လေးဖြင့် ပစ်ပေါက်ဖမ်းလို့လည်း ရချေ၏။

ဆင်စွယ်ဖြင့် လက်ကိုင်လေးလုပ်ထားလေခြင်းကြောင့် 'ဆင်စွယ်ဓားမြှောင်' ဟု ကျွန်တော် ခေါ်ခဲ့၏။

ထိုဓားမြှောင်လေးသည် တောတောင်ထဲတွင်သာ မဟုတ်၊ မြို့ပြပြန်ရောက်လာသည်တွင်လည်း ဇနီးသည်အတွက် အသုံးဝင်သေးတော့၏။

သစ်သီးတို့ အခွံနွှာရာတွင် ဇနီးသည်က အသုံးပြု၏။ ကြက်သွန်အခွံနွှာလျှင်လည်း အသုံးပြုချေ၏။

ဘူးသီး၊ ခရမ်းသီး၊ အာလူးသီးတို့ကို အခွံနွှာ၊ ခွဲခြမ်းစိတ်ဖြာရာတွင်လည်း အသုံးပြုသေးတော့၏။

တကယ်တော့ ထိုဓားမြှောင်လေးသည် ကျွန်တော့်လက်တွင်း ရောက်ရှိချိန်မှ မှတ်မှတ်ရရ နှစ်ပေါင်းသုံးဆယ် တစ်ရက်စွန်းတွင် ကျွန်တော့်ထံမှ ပျောက်ခြင်းမလှ ပျောက်သွားရချေတော့၏။

တိုက်ဆိုင်သည်ဟု ပြောရလေမလား။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်လောက်က ထိုဓားမြှောင်လေးကို ရခဲ့သော စိန်တောင်တွင်ပင် ပြန်လည်ဆုံးရှုံးလိုက်ရခြင်း ဖြစ်လေတော့၏။

ဘာကြောင့်ရယ် မသိ။ ထိုဓားမြှောင်လေး စတင်ရခဲ့သော နေ့မှစ၍ ကျွန်တော်သည် ထိုစိန်တောင်သို့ မကြာခဏ ရောက်ခဲ့လေခြင်းဖြစ်တော့၏။

ထိုဓားမြှောင်လေးကိုရခဲ့စဉ်က လေယာဉ်ပျက်ကြီးထဲတွင်းမှ ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးခဲ့ရသည်တွင်မတော့ ထိုလေယာဉ်ပျက် ထိုနေရာတွင် မရှိပါတော့ချေ။ ကြားကာလတွင် မည်သူတွေ လေယာဉ်ကိုယ်ထည်ကို လာရောက်ဖြုတ်ထုခွဲယူသွားကြလေသည် မသိပါချေ။

နှစ်ပေါင်းသုံးဆယ်က ခါးမြောင်လေးရရှိချိန်တွင် ကျွန်တော့် အနားတွင် ဂေါ်မုတ်ရှိချေ၏။

သို့မှ ဂေါ်မုတ်နှင့် ကျွန်တော် ဆုံစည်းခဲ့ကြခြင်း မရှိကြပါတော့ချေ။

သည်တော့ ကျွန်တော် မုဆိုးဘဝဖြင့် သွားလာနေသည့် အချိန်တွင်မတော့ ကျွန်တော်တို့နှင့် အမြဲပါလေ့ရှိသူမှာ မီးလောင်ကုန်းရွာသား မုဆိုးကြီးတာပုပင် ဖြစ်ချေတော့၏။

ဆိုရပါလျှင် သည်တစ်ခေါက် စိန်တောင်သို့ ရောက်ခဲ့ကြသည်တွင် မုဆိုးကြီးတာပု ပါချေ၏။

'ကိုပိုက် သည်နေရာ မကြာခဏရောက်လာရတာ သည် ခါးမြောင်လေးကြောင့် ထင်ပါရဲ့'

သို့ လင်းမြင့်လှိုင်က ခါးမြောင်လေးမပျောက်ခင် တစ်ရက် လောက်က ပြောလာသေးတော့၏။

ဘာကြောင့် ဘယ်လိုပျောက်ရသည်ကိုတော့ ကျွန်တော် မသိနိုင်ပေမင့် ထိုနေ့ကအဖြစ်အပျက်ကို ကျွန်တော် ကောင်းကောင်း မှတ်မိပေသေးတော့၏။

လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် မုဆိုးကြီးတာပုတို့သည် စိန်တောင်ဝါးတောအတွင်း စခန်းချနေကြလေ၏။

သစ်ခုတ်သမားတို့၏ ဝါးတဲအဟောင်းကို အနည်းငယ်မျှ ပြုပြင်နေခဲ့ကြခြင်း ဖြစ်ချေ၏။

www.burmeseclassic.com



စခန်းချပြီး နောက်တစ်နေ့ . . .

'ဆရာပိုက် . . . ဆရာပိုက် လာကြည့်ချေစမ်း'

သို့ တာပုက ပြောသဖြင့် ကျွန်တော်သည် မုဆိုးကြီး တာပုရှိရာသို့ သွားလိုက်၏။ သို့ဆိုတော့ လင်းမြင့်လှိုင်သည် စခန်း တဲပေါ်တွင် လဲလျောင်းကျန်ရစ်ခဲ့၏။

ကျွန်တော်နှင့် တာပုသည် ဝေးဝေးလံလံတော့ဖြင့်မဟုတ်။ စခန်းနှင့် ပေ ၁၀၀ လောက်မျှသာ ဝေးသည့်နေရာလေးမှ တစ်ဖက် တောင်ကြောသို့ လှမ်းကြည့်နေကြခြင်း ဖြစ်ချေတော့၏။

'ဖထီ ဘာများတုံးဗျ'

ကျွန်တော်က စောတာပုနား ရောက်သည်တွင် သို့မေး လိုက်၏။

'ဟိုဘက်တောင်ကြော သိတယ်ဟုတ်'

'ဘယ့်နှယ် မသိရမှာတုံး ဖထီရယ်၊ တချို့က လေယာဉ် ပျက်ကြီးရှိတဲ့ တောင်ကြောလေ၊ ပြီးတော့ ဒီဓားမြောင်လေးရခဲ့တဲ့ တောင်ကြောလေ'

'ဟိုမယ် ဆရာလေး အသေအချာကြည့်စမ်း၊ ဘာတွေ လဲ မြင်လား'

သို့ဆိုတော့ ကျွန်တော် စေ့စေ့ကြည့်လိုက်၏။ တကယ် တော့ ညနေဝင်ပြီး မှောင်စပျိုးချိန် ဖြစ်ချေတော့၏။

ထိုတောင်ကြောနံရံတစ်ပိုက် မည်းမည်းသဏ္ဍာန်များ ဖြစ်ချေတော့၏။

'ငှက်တွေလား'

ကျွန်တော်က မေးလိုက်၏။

'မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နို့ဖြင့် ပြောချေ ဖထီ'

'လင်းဆွဲတွေ'

'ဩော်...'

'သူတို့က အမြင်အားနည်းကြတယ်လေ၊ နေ့လယ်ခင်းလို အချိန်မှာလည်း အပြင်မထွက်ကြဘူး၊ ညဥ့်နက်ဆိုပြန်လျှင်လည်း မထွက်ကြဘူး၊ အဲ... ခုလို မှောင်စပျိုးမတော့ အစာထွက်စားကြတယ်လေ၊ သည်လို နေဝင်ပြီးစအချိန်မယ် ထွက်တတ်တဲ့ ခြင်ကောင်၊ ယင်ကောင်၊ ပလူလေးတွေ ပျံသန်းနေတဲ့ အင်းဆက်ငယ်လေးတွေကို ထွက်စားကြတာလေ'

'ဩော်...'

'နို့ဖြင့် ဘာများထူးဆန်းလို့လဲ ဖထီရယ်'

'အင်း... သည်လိုပဲ ကြည့်နေမယ်ဆိုလျှင်ဖြင့် မထူးဆန်းဘူးပေါ့ကွာ'

'ဖထီပြောပုံက ဘယ်လိုကြည့်လျှင် ထူးဆန်းနိုင်မှာမို့လဲ'

သို့ ကျွန်တော်က မေးလိုက်ချေ၏။

'ဆရာပိုက် သည်လင်းဆွဲတွေနဲ့ ပတ်သက်ပြီး ဘာသိတာ ရှိလဲ'

ဘုရားရေ... မုဆိုးကြီးတာပု ဘာကိုပြောချင်တာပါလိမ့်။ သို့သော သိလိုက်သော ကျွန်တော်က...

'ဖထီ ကျွန်တော့်ကို တစ်ခုခုပြောချင်နေပြီထင်ပါရဲ့၊ ပြောပါ နားထောင်နေပါတယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မုဆိုးကြီးက ကျွန်တော့်အား ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



'တောမှုဆိုးတစ်ယောက်က တိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး သိသင့်တာကို သိထားသင့်တယ် ဟုတ်လား'

'ဟုတ်တာပေါ့ ဖထီရယ်၊ မုဆိုးဆိုတော့ ကိုယ့်သားကောင်ရဲ့ အမူအကျင့်စရိုက်ကို သိထားလျှင်ဖြင့် အကောင်းဆုံးပေါ့ဗျာ၊ လက်မှန်းတည့်ရုံနဲ့ မရဘူးလေ'

'သိပ်ဟုတ်တာပေါ့၊ နို့ပေမင့် ခြေလေးချောင်းသတ္တဝါမှ မဟုတ်ဘူးနော်၊ ကုန်ကုန်ပြောမယ်ကွာ၊ ယင်ကောင်ကအစ အောင်လောင်ငှက်ကြီးအထိ သိထားသင့်သလို ဖွတ် ပဒပ်ကအစ မိကျောင်းထိ သိသင့်သလို ကွက်လေးကြောင်လေးကစ ဟင်းကောင်(ကျား)၊ ဆင်အထိ သိသင့်တာပေါ့'

'နို့ဆိုတော့ ဖထီ ဘာပြောချင်တာတုံး'

'ခုပြောနေတာက လင်းဆွဲအကြောင်း ဆရာလေး ဘယ်လောက်သိလဲလို့'

'နို့တော့ ကျွန်တော် ဝန်ခံပါတယ် ဖထီရယ်၊ လင်းဆွဲဆိုလို့ သစ်ကိုင်းမယ် ဇောက်ထိုးနေတတ်တာရယ်၊ နို့တိုက်သတ္တဝါဖြစ်တာရယ်၊ အကြားအာရုံကောင်းတယ်ဆိုတာရယ်၊ ပြီးတော့ ပျံသန်းတဲ့သတ္တဝါကောင်ဖြစ်ပေမင့် ငှက်အမျိုးအစားထဲမယ် မပါဘူးဆိုတာရယ်လောက်ပဲ သိတာပါ'

သို့ ကျွန်တော်က ဝန်ခံပြောလိုက်၏။

'ဟင်း… ဟင်း… ဟင်း… နို့ဖြင့် ငါပြောပြမယ်၊ နားထောင်မှာလား'

'ဘယ်လိုပြောလိုက်ပါလိမ့် ဖထီရယ်၊ ဖထီဆီက ကျွန်တော်တို့နှစ်ယောက် (လင်းမြင့်လှိုင်) ပညာတွေရနေတာပဲ မဟုတ်လား၊ လိုသေးတယ် ပြောရမပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါ သိသလောက်ပေါ့ကွာ၊ နားထောင်'

'ဟုတ်ပြီ ဖထီး၊ ပြောပါ'

သို့အသံနှင့်အတူ လင်းမြင့်လှိုင် အနားရောက်လာလေ၏။

'ကိုလင်းလည်း စိတ်ဝင်စားပြီလား'

ကျွန်တော်က မေးလိုက်၏။

'ဖထီးနဲ့ ကိုပိုက်ပြောနေတာကြားလို့ ထလာတာ၊ စိတ်ဝင်စားတာပေါ့ဗျာ၊ သည်ကောင်ခေါင်းက ခွေးခေါင်းနဲ့တူတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'ထူးခြားတာက နားနှစ်ဖက် ဟုတ်လား'

'ဟုတ်တယ် ဖထီး'

'သွားတွေရော တကယ်မထူးခြားဘူးလား'

'ဟုတ်တယ်'

'အေး… မင်းတို့ လုံးဝမသိတာလေးကို ငါပြောပြမယ်'

'ဟုတ်ပြီ… ပြောပါ ဖထီး၊ မှတ်ထားပါတယ်'

'သည်ကောင်တွေမယ် ဖွေးစွေ့အင်္ဂါပါတယ်'

'ဗျာ…'

'ဟင်…'

'ပြီးတော့ အမျိုးသမီးတွေလို မမ္မတာလာတတ်တယ်၊ ခြေလေးချောင်းသတ္တဝါတွေလို ကျင်ငယ်စွန့်တတ်တယ်၊ အကောင်လိုက်ပေါက်တတ်ကြတယ်'

'ဟုတ်ပါပြီ၊ သူတို့ သားပေါက်လျှင်ကော ဖထီး'

'သုံးကောင်ထိ မွေးတတ်တယ်၊ သူတို့ရဲ့ ကလေးတွေကို ပါးစပ်နဲ့ ကိုက်ချီသွားတတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟာ… ပြောရင်း ဆိုရင်း သည်ဘက်ကို ပျံလာကြပြီ၊ သည်မယ်လည်း ပိုးကောင်လေးတွေ ထွက်နေပြီလေ၊ နို့ကြောင့် သည်ရောက်လာတာ'

စောတာပု ပြောသလိုပင် တစ်ဖက်တောင်ကြောမှ လင်းဆွဲကောင်တို့သည် ကျွန်တော်တို့ရှိသော တောင်ကြောနားသို့ ရောက်လာကြချေ၏။

မြောင်တွင်းမှထွက်၍ မိုးပေါ်မျံသန်းသွားကြသော ပလူကောင်လေးများကို လာရောက်စားသောက်ကြခြင်းဖြစ်တော့၏။

'လင်းဆွဲက စားရတယ်မဟုတ်လား'

ကျွန်တော်က မေးလိုက်၏။

'ဘယ့်နှယ်မေးပါလိမ့် ဆရာလေးပိုက်ရယ်၊ ဆလုံတွေဆိုသူတို့ အရမ်းကြိုက်ကြတာကလား၊ ငါလည်း စားတာပဲ'

'ဆရာလေးပိုက်တို့ ညစာအမြည်း ငါလုပ်ပေးမယ်'

သို့ဆိုလျက် မုဆိုးကြီးတာပုသည် သူ၏ဒူးလေးဖြင့် မိုးယံထက်တွင် ပျံသန်းအစာကောက်နေကြသည့် လင်းဆွဲတို့ကို မော်ကြည့်ချိန်တွယ်နေချေတော့၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မုဆိုးကြီးတာပု၏ ဒူးလေးမြားတံလားရာကို ကြို၍ကြည့်နေကြတော့၏။

သို့ရှိစဉ်…

'ဝှစ်…'

မုဆိုးကြီးတာပုက ဒူးလေးမြားတံတစ်ချောင်း ပစ်လွှတ်လိုက်ချေ၏။ လေဟုန်ကိုခွင်း၍ထွက်သွားသော မြားတံသည် ကံအားလျော်စွာပင် လင်းဆွဲတစ်ကောင်ကို ထိမှန်သွားချေတော့၏။

သို့ဆိုတော့ မြားတံဖောက်ထွင်းခံလိုက်ရသည့် လင်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ကောင်သည် မြေပြင်သို့ ချာလည်ပတ်လည်ရမ်း ပြုတ်ကျလာချေတော့၏။

"ဖထီ နောက်တစ်ကောင်ထပ်ပစ်ရလိမ့်ဦးမယ်"

မြေပြင်သို့ ပြုတ်ကျလာသည့် လင်းဆွဲကောင်ကို စောတာပုသွားကောက်လေသည်နှင့် သို့ ကျွန်တော်က ပြောလိုက်ချေ၏။

မကြာမီ မုဆိုးကြီးတာပု ပြန်ရောက်လာ၏။

သူ၏မြားတံကို ကိုင်တွယ်ကြည့်ရင်း ရောက်လာခြင်းဖြစ်ချေတော့၏။

"သည်မယ်ကြည့်စမ်း ဆရာလေးတို့"

မုဆိုးကြီးတာပုက သူ၏မြားတံ ထွင်းဖောက်ဝင်ရောက်သွားခံရသည့် လင်းဆွဲကောင်ကို ပြလာ၏။

"ဟင်..."

"ဟာ..."

လင်းမြင့်လှိုင်ရော ကျွန်တော်ပါ အံ့ဩသွားကြချေတော့၏။ ဘယ့်တွက်မှု စောတာပု ပစ်လိုက်သည်မှာ မြားတစ်ချောင်း ကျွန်တော်တို့ရှေ့တွင် ပစ်လိုက်ခြင်းဖြစ်၏။

ယခု မြားစိုက်ဝင်ခဲ့သည်မှာ လင်းဆွဲနှစ်ကောင် ဖြစ်ချေတော့၏။

"ဘယ်လိုကြောင့်ပါလိမ့်"

"သူတို့နှစ်ကောင်က ပူးလျက်ရှိတာကလား"

"အင်း... ကျွန်တော်တို့မြင်တာ တစ်ကောင်တည်း၊ မြားစူးကျတာက ခု ဘယ်လိုကြောင့် နှစ်ကောင်ဖြစ်နေတာတုံး"

ကျွန်တော် ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က...

www.burmeseclassic.com

www.burmeseclassic.com



'ကိုပိုက်ရယ် သည်လိုဖြစ်မပေါ့'

'ပြောချေမယ်ဗျာ ကိုလင်း'

'စောစောက ဖထီပြောတယ် မဟုတ်လား၊ လင်းဆွဲ ကောင်တွေက သူတို့ကလေးကို ပါးစပ်နဲ့ ကိုက်ချီပျံသန်းကြတယ်၊ ဟာကလည်း လင်းဆွဲကောင်ကြီးက ကိုက်ချီပျံသန်းလာတာ ကြောင့် မြားတစ်ချောင်းတည်းက နှစ်ကောင်ရလိုက်တာဖြစ်မပေါ့'

'ဟား… ဟား… ဟား… ဟား… ဟား… ဟိ… ဟိ… ဟား… ဟား… ဟား… ဟား…'

လင်းမြင့်လှိုင် စကားဆုံးသည်နှင့် စောတာပုတစ်ယောက် အားပါးတရ ရယ်မောချေတော့၏။

'ဖထီ ဘာကြောင့် ရယ်ရတာလဲ၊ ကျွန်တော် ပြောတာ မဟုတ်လို့လား'

လင်းမြင့်လှိုင်က မေးလိုက်ချေတော့၏။

'ဆရာလင်းရယ်… သူ့ရဲ့ သားပေါက်က သူ့အရွယ် လောက်နီးနီး ဘယ်လိုဖြစ်နိုင်မှာတုံး'

သို့ဆိုတော့လည်း အဟုတ်သားကလား။ လင်းဆွဲနှစ် ကောင် အရွယ်တူမျှဖြစ်ချေတော့၏။

'နို့ဖြင့် ဘယ်လိုကြောင့်များ'

'အေး… ဆရာလေးတို့ကို စောစောက ပြောဖို့တစ်ခု ချန်ခဲ့တယ်၊ ခုတော့ တိုက်တိုက်ဆိုင်ဆိုင် မမျှော်လင့်ဘဲ ဆရာ လေးတို့ကို လက်တွေ့ပြပြောနိုင်လာတာပဲ'

'ဗျာ… ဘယ်လို… ရှင်းအောင်ပြောပါလား ဖထီ'

သို့ ကျွန်တော်က ပြောလိုက်ချေတော့၏။

'တကယ်တော့ ငါကလည်း သည်လိုဖြစ်မယ်ရယ်လို့

www.burmeseclassic.com



ပြီး ပစ်လိုက်တာ မဟုတ်ဘူးကွ၊ ကံအားလျော်စွာနဲ့ ခုလိုဖြစ်သွား ရတာ'

'သည်လင်းဆွဲကောင်တွေက မိတ်လိုက်တဲ့အခါ ပျံသန်း ရင်း မိတ်လိုက်ကြတာလေကွာ'

'ဟင်…'

'ဗျာ…'

'အေး… ပျံသန်းရင်း မိတ်လိုက်နေတဲ့ လင်းဆွဲနှစ်ကောင် ကို ငါ မမျှော်လင့်ဘဲ ပစ်ခတ်ရလိုက်တာကွ'

အလိုလေးဗျာ… အံ့ဖွယ်ကောင်းသေးတော့၏။

သို့ပေမင့်လို့ ကျွန်တော်တို့သည် ထိုလင်းဆွဲနှစ်ကောင် ကို အရေစုတ်၊ ဗိုက်ခွဲ၊ အူနုတ်၊ တံစို့ထိုးမီးကင် အမြည်းလုပ်လိုက် ကြချေတော့၏။

သို့ဆိုတော့ ကျွန်တော်၏ ဓားမြောင်သည်လည်း စောတာ ပု၏ လင်းဆွဲအသားဖျက်လက်နက် ဖြစ်သွားရချေတော့၏။

လင်းဆွဲသားကို ကျွန်တော် ပထမအကြိမ်စားဖူးခြင်း ဖြစ်ချေတော့၏။ ထိုနေ့တွင် ကျွန်တော်တို့ စားသောက်နေရင်း နက်ဖြန် ချောင်းဖျားသို့သွားရန် တိုင်ပင်လိုက်ကြ၏။

ချောင်းဖျားတွင် မျောက်ညိုကြီးများ ပေါသည်ဆိုသော ကြောင့် ဖြစ်ချေတော့၏။

'မျောက်ချေးခါး မစားရတာ ကြာပြီဆိုလေသည့် မြို့ပြ မိတ်ဆွေကြီး ဦးသောင်းမြင့်ထွန်းအတွက်လည်းကောင်း မျောက် ချေးခါးဆိုတာ တစ်သက်နဲ့တစ်ကိုယ် မစားဖူးဘူးဗျာဆိုသည့် ဆရာကြီး မုဒ္ဒိသုမ္မန်အတွက်လည်းကောင်း ပူသွားလို့ရှိမျောက်ညို များပေါသော ချောင်းဖျားသို့ သွားလိုကြခြင်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မျောက်ချေးခါးသည် မျောက်ညိုကြီးများဟုခေါ်သည့် မျောက်မြီးရှည်၏ ချေးခါးက လွန်မင်းစွာဆေးဘက်ဝင်၍လည်း ဖြစ်ချေတော့၏။

ထိုညတွင် ကျွန်တော် အိပ်မက်တစ်ခု မက်လေသည်။ ဘာကြောင့်ရယ် မသိ။

ကျွန်တော် အိပ်မက်ထဲတွင် ကျွန်တော်နေထိုင်သည့်အိမ်တွင် ကျွန်တော်ရှိနေစဉ် လင်းဆွဲကောင်ဝင်သည်ဟု မြင်မက်လာခြင်းဖြစ်တော့၏။

ထိုအိပ်မက်ကို နောက်တစ်နေ့တွင် ကျွန်တော်က လင်းမြင့်လှိုင်နှင့် စောတာပုကို ပြောလိုက်ချေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က...

"ဟင်... ဟင်... ကိုပိုက် လင်းဆွဲသားစားပြီး လင်းဆွဲကို စိတ်ခွဲပြီးမက်တာဖြစ်မပေါ့"ဟု ပြောခဲ့ပေမင့် စောတာပုကတော့ မျက်စိမျက်နှာပျက်နေချေပြီး...

"နက်ဖြန် ခရီးသွားမယ်ဆိုလျှင် ပစ္စည်းတွေကို ဂရုတစိုက်ထားသွားချေ"လို့ မှာသဖြင့်...

"ဘာကြောင့်လဲ ဖထီ"လို့ မေးလိုက်လေ၏။

"ဆရာလေး ကိုပိုက်ရဲ့ အိပ်မက်အရ ပြောရလျှင်ဖြင့် ဆုံးရှုံးမှုရဲ့နိမိတ်ကို ဆောင်တယ်လို့ ပြောရလိမ့်မယ်"

"ဗျာ..."

"ဘယ်လို..."

"ဆရာလေးရဲ့ ပစ္စည်းတစ်ခုခု ပျောက်နိုင်တယ်လို့ ပြောတာ"

"ကျွန်တော် သတိကောင်းပါတယ်၊ မူးလျှင်တောင် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်မူးမူး ကျွန်တော့်ပစ္စည်း ဘာတစ်ခုမှ မေ့ကျန်တာတို့ ပျောက်တာတို့ မရှိခဲ့ဖူးဘူး ဖထီရဲ့'

သို့ ကျွန်တော်က ပြောလိုက်၏။

'အေးလေကွာ… ငါက လင်းဆွဲနဲ့ပတ်သက်လို့ အိပ်မက်နိမိတ်ကို ပြောရတာ၊ ဖြစ်နိုင် မဖြစ်နိုင်တော့ ငါလည်း တိတိကျကျ မကြုံပေဘူးကွ၊ ပြောမယ့်သာ ပြောရတယ်၊ ငါက အိပ်မက်ရဲ့ အဆိုကိုပဲ ပြောလိုက်တာ၊ တကယ်တော့ အကောင်းအိပ်မက်လည်း ရှိတယ်'

'ပြောပါဦး၊ ဗဟုသုတပေါ့'

လင်းဆွဲကို အိပ်မက်မယ်ဆိုလျှင် သူတော်စင် သူတော်ကောင်းအမျိုးသားဖြစ်ခြင်း၏ နိမိတ်ကို ဆောင်စေတယ်လို့လည်း ယူဆကြတယ်၊ ပြီးတော့ အချို့အိပ်မက်နိမိတ်ဖတ်သူတွေက စိုးရိမ်ပူပန်စိတ်များ ကုန်ဆုံးသွားခြင်းရဲ့သဘောလို့လည်း ပြောကြတယ်'

'တကယ်တော့ကွာ ကိုယ်ဝန်ဆောင်သည်အနေနဲ့ လင်းဆွဲကို အိပ်မက်မက်လျှင်ဖြင့်လည်း ကောင်းတာပဲ'

'ဘာကောင်းတာလဲ ဖထီ'

ကျွန်တော်က မေးလိုက်၏။

'လွယ်ကူစွာ မွေးဖွားခြင်း၏ နိမိတ်သဘောကို ဆောင်ပေတာကွ'

'ဖထီရယ်… အဲလို အကောင်းမြင်ဝါဒနဲ့ ပြောပါလားခုတော့ ကျွန်တော် လင်းဆွဲကို အိပ်မက်မက်တာ ဘာလို့ ဆုံးရှုံးခြင်းရဲ့နိမိတ်လို့ ပြောရတာလဲ'

'နို့ကတော့ ဆရာလေးပိုက်ရယ်၊ ဆရာလေးပိုက်ရဲ့ အိပ်မက်က လင်းဆွဲကောင်ကိုချည်း အိပ်မက်မှ မက်တာ၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ရဲ့ အိမ်ထဲကို လင်းဆွဲဝင်တာလို့ မက်တာဆိုတော့ အဲဒီသဘော နိမိတ်ဆောင်တာပေါ့'

'ဟုတ်ပါပြီ ဖထီးရယ်၊ နို့ကတော့ ဖြစ်တာ မဖြစ်တာ ဘယ်လိုပြောရဦးမှာလဲ၊ ကျွန်တော်က ကျွန်တော် ဘာမှမပျောက်ရ တတ်တာချည်း၊ ကဲ... ကဲ... ကိုလင်း ကျွန်တော်တို့ သွားကြမယ်'

သို့ဖြင့် ကျွန်တော်တို့သည် စခန်းနေရာလေးမှ ချောင်းဖျားသို့ တက်ခဲ့ကြတော့၏။ ချောင်းအတိုင်း ကျွန်တော်တို့ တက်ခဲ့ကြရာမှ ချောင်းကမ်းတစ်ဖက်ပေါ်မှ သားကောင်ငယ်တို့ ပြေးလွှားသံ ကြားမိပေမင့် ကျွန်တော်တို့သည် ချောင်းအထက်သို့သာ ခပ်သွက်သွက်ဆန်တက်ခဲ့ချေတော့၏။ ဘယ့်တွက်မူ ချောင်းဖျားသို့ ညနေခင်းလေးတွင် ရောက်သွားလို၍ ဖြစ်ချေတော့၏။ ချောင်းဖျားသို့ ညနေခင်းလေးရောက်သွားမှ စခန်းတဲဆောက်ရမည် ဖြစ်သည်ကိုး။

'ချောင်းဖျားမပဲ ဝါးခုတ်တဲတွေ မရှိဘူး'

သို့ သိခဲ့ရသည်ကိုး။ ကျွန်တော်တို့သည် ချောင်းဖျားတွင် သုံး၊ လေးရက် စခန်းချနေ၍ မျောက်ချေးခါးအလို့ငှာ မျောက်မြီးရှည်တို့ကို ပစ်ခတ်ရမည် မဟုတ်ပါကလား။ မျောက်ချေးခါးချည်း သက်သက် များများလိုချင်သည့် ခရီးစဉ်ဖြစ်ချေတော့၏။

ကျွန်တော်တို့သည် သို့ကြောင့် ထိုလမ်းခရီးတွင် အချိန်မဖင့်လို၍ ဖြစ်ချေတော့၏။ အံကယ်၍ သားကောင်များတွေ့၍ ပစ်ခတ်မိလျှင် ကျွန်တော်တို့တွက် ရိက္ခာဖြစ်ပေငြား လမ်းတွင် ကြာသွားမည်စိုး၍ ဖြစ်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် ချောင်းအတိုင်း ဆန်တက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရာမှ ချောင်းတစ်ဖက်သည် သစ်ပင်ကြီးများ ပေါက်ရောက်လျက် ရှိပြီး အောက်ပေါင်းရှင်းလေသဖြင့်…

'ဆရာလေးတို့ရေ… ငါတို့တွေ ချောင်းကမ်းပေါ်ကနေ သွားကြလျှင်ဖြင့် မကောင်းပေဘူးလား'

သို့ စောတာပုက ပြောလာလေတော့၏။ သို့ကြောင့် ကျွန်တော်က လင်းမြင့်လှိုင်ကို ကြည့်ကာ…

'ဖထီး ပြောသလို လုပ်ကြတာပေါ့'

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

ကျွန်တော်တို့သည် အတက်အဆင်းပြေသည့် ချောင်းနံရံလေးနားရောက်လာသည်တွင် ချောင်းကမ်းပေါ် တက်လိုက်ကြ၏။

ချောင်းကမ်းစပ်ပေါ်တွင် ထင်ထားသည်ထက် ပို၍ရှင်းနေချေ၏။

တကယ်တော့ ထိုနေရာလေးသည် တောတောင်ထဲတွင် သဘာဝအနေအထားရှိနေခြင်းသာ ဖြစ်ချေ၏။ မည်သူကမျှ ရှင်းလင်းထားခြင်းလည်း မဟုတ်။

ကျွန်တော်တို့သည် ထိုနေရာလေးတွင် ထိုင်နားလိုက်ကြချေ၏။ သို့မှတစ်ဖန် ခရီးဆက်ခဲ့ကြပြန်တော့၏။

သစ်ပင်ကြီးများပေါ်မှ ကျေးငှက်သာရကာတို့သည်လည်း ကျလိကျလိ အော်မြည်ကြချေ၏။ ပျံသန်းကြလေ၏။

သို့အသံနှင့်အတူ သင်းပျံ့သောရနံ့ကို ရလိုက်ကြချေတော့၏။

'ဟာ… သဇင်ပန်းရနံ့ပါကလား'

ကျွန်တော်က သို့ပြောလည်း ပြော၊ ပတ်ဝန်းကျင်တွင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများပေါ်သို့လည်း စူးစူးစိုက်စိုက် ကြည့်နေချေတော့၏။

'ကိုပိုက် လာချေဗျာ၊ ဘာလုပ်နေတာလဲ'

လင်းမြင့်လှိုင်က လှမ်းခေါ်လေသဖြင့်…

'ကျွန်တော် သဇင်ပန်းနံ့ရလို့ ကြည့်နေတာ'

'ဘာလဲ ဆရာလေးပိုက် လိုချင်လို့လား'

စောတာပုက အနားရောက်လာ ကျွန်တော့်ကဲ့သို့လည်း သစ်ပင်တို့အဖျားကို လှမ်းကြည့်ပြောလာလေတော့၏။

'အင်း… နို့တော့ တော်ဝင်သဇင်ပန်းရနံ့အစစ်ပေပဲဗျ၊ ရလျှင်ဖြင့် လိုချင်တာပေါ့'

သို့ဆိုတော့ မုဆိုးကြီးစောတာပုက…

'ဟော… ဟော… ဟိုမယ်၊ ဟိုမယ် သဇင်ပန်းပင် မဟုတ်လား'

စောတာပု ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ ကျွန်းပင်ကြီးထိပ်ဖျားရှိ ကိုင်းခက်တစ်ခုတွင် ငြိကပ်နေသည့် ပင်လုံးပြည့် သဇင်ပန်းပင်ကို မြင်လိုက်ချေ၏။

'သိပ်တော့မြင့်တဲ့ပုံမပေါက်ဘူး၊ နို့မေမင့် အပင်ပေါ်တက်တာ ခက်လိမ့်မယ်'

စောတာပု ပြောသလိုပင် ထိုကျွန်းပင်သည် ပင်စည်တဖြောင့်တည်းထိုးတက်သွားခြင်းဖြစ်တော့၏။ ကိုင်း၏ခွဆုံနေရာသည် အမြင့်ပေ အစိတ်လောက်တွင်သာ ဖြစ်ချေ၏။

သို့ ခွဆုံမှ တက်သွားသော သစ်ကိုင်းတစ်ခု၏ အဖျားကျကျတွင် သဇင်ပန်းအုံရှိနေလေခြင်း ဖြစ်တော့၏။

သို့ကြောင့် ကျွန်တော်က လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုပိုက်သဘောက အဲဒီသစ်ပင်ပန်းအုံကို သေနတ်နဲ့ ပစ်ချ ထိုးဖွလိုက်မယ်ပေါ့၊ ဟုတ်လား'

သို့အသံနှင့်အတူ လင်းမြင့်လှိုင် အနားရောက်လာချေတော့ ၏။

'ဖြစ်နိုင်လေမလား လုပ်ကြည့်မလို့'

ကျွန်တော်က ပြောလိုက်ရင်း သေနတ်မောင်းထိန်းခလုတ် ကို ဆွဲညှစ်လိုက်မည်ပြုလေသည်တွင်မတော့...

'ကိုပိုက် မလုပ်ပါနဲ့၊ သူ့ဘာသာ အပင်ပေါ်မှာ ရှိနေပါ စေ၊ ကိုပိုက် ပစ်လိုက်လို့လည်း တွက်ထားသလို ဖြစ်မလာပဲ၊ အပင်သာလျှင် ကြေမွသွားလျှင်ဖြင့်လည်း မကောင်းပါဘူး'

သို့ လင်းမြင့်လှိုင်က ပြောလာလေသဖြင့် ကျွန်တော်သည် သေနတ်မောင်းထိန်းခလုတ်ပေါ် ဖွဖွတင်ထားသည့် လက်ညှိုးလေး ကို ခွာလိုက်ချေတော့၏။

'အင်း... ကိုလင်း ပြောတာ ဟုတ်ပါရဲ့၊ အကျိုးမရှိတဲ့ အလုပ်ကို မလုပ်တာ ကောင်းပါတယ်'

သို့မှ ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန် ၏။ သို့ပေမင့် သင်းပျံ့သောသစ်ပန်းရနံ့ကလေးက လေပြေနှင့် အတူ ကပ်ပါလာလေခြင်းကြောင့် ကျွန်တော်သည် နောက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြင့် လင်းမြင့်လှိုင်တို့နောက် လိုက်သွားရာ မှ...

'ဟာ...'

'ဟင်...'

'ဘုတ်...'

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြေပြင်ရှိ အမာတစ်ခုနှင့် ခလုတ်တိုက်မိကာ ရှေ့သို့ ဟပ်ထိုးလဲကျသွားသဖြင့် သို့ဆိုသလို လင်းမြင့်လှိုင်နှင့် စောတာပုသည် စိုးရိမ်စိတ်ဖြင့် ကျွန်တော့်အနား ရောက်လာကြတော့၏။

ကျွန်တော့်လက်ကို ဆွဲကိုင်ထူလာကြချေ၏။

'ဘယ်လိုဖြစ်ရတာလဲ ဆရာလေးပိုက်ရယ်၊ မူးနေတာလည်း မဟုတ်ဘဲနဲ့'

စောတာပုက သို့ ပြောလာပြုံးပြနေချေ၏။

ကျွန်တော် ခလုတ်တိုက်မိသောအရာကို ငုံ့ကြည့်လိုက်ချေ၏။

မြေမှ တစ်ပိုင်းတစ်စထွက်နေသော သံတိုသံစလေးဖြစ်ချေ၏။

'နေဦးဗျ… ဘာလဲမသိဘူး'

ကျွန်တော်က မြေပြင်သို့ ငုတ်တုတ်ထိုင်ချ ထိုအရာကို ဓားမြှောင်ငယ်ဖြင့် တူးဆွကြည့်လိုက်၏။

ဘုရားရေ… သံတိုသံစ မဟုတ်သည်မှာ အမှန်။ အထင်ပြောရပါလျှင် သံသေတ္တာဖြစ်နိုင်ချေများ၏။

'ကိုလင်းရေ… သံသေတ္တာငယ်တစ်ခု ဖြစ်မယ်'

သို့ဆိုလျက် ကျွန်တော်က ထိုအရာကို တူးဖော်နေလိုက်၏။ စောတာပုကပါ စိတ်ဝင်တစား ရောက်လာကူညီပေးချေ၏။

'ကိုပိုက်တော့ ပွတာပဲ၊ သံသေတ္တာထဲမယ် ရွှေငွေကျောက်သံပတ္တမြား တွေ့လျှင်ဖြင့်တော့ အပိုင်ပဲဗျာ၊ ဟင်း… ဟင်း… ဟင်း…'

သို့အသံနှင့်အတူ လင်းမြင့်လှိုင်သည်လည်း အနားရောက်

www.burmeseclassic.com



လာလေ၏။ ကျွန်တော် တူးဖော်နေသည့် အရာကို စိတ်ဝင်တစား ကြည့်နေလေ၏။

သို့မှ ထိုသေတ္တာလေးကို ကျွန်တော် မြေကြီးအတွင်းမှ ဆွဲဖော်ရလိုက်ချေတော့၏။

အရှည်အလျားအနံ ၂ ပေသာသာရှိခြိမ့်မည်။ တကယ်တော့ အမြင့်အနံ ၁ ပေခန့်နှင့် အလျား လက်မဝက်ခန့်ရှိ တပ်မတော်သုံးသေတ္တာငယ်လေး ဖြစ်ချေ၏။ ခဲယမ်းမီးကျောက်များထည့်သော သေတ္တာဖြစ်ချိမ့်မည်။

ကျွန်တော်သည် ထိုသေတ္တာငယ်ကို စေ့စေ့ကြည့်ကာ ဆွဲလှန်ဖွင့်လိုက်ချေတော့၏။

'ဟာ…'

'ဟင်…'

'အို…'

သေတ္တာအတွင်း မြင်လိုက်ရသောအရာကြောင့် ကျွန်တော်တို့သုံးယောက်စလုံး အံ့အားသင့်သွားကြတော့၏။

ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြချေတော့၏။

ထိုသေတ္တာငယ်လေးအတွင်း ကျွန်တော်တို့ တွေ့လိုက်သည်မှာ ရုပ်တုလေးတစ်ခု ဖြစ်ချေတော့၏။

ကျွန်တော့်အထင် ယင်းတိုက်သားနှင့် ပြုလုပ်ထားသော ရုပ်တုလေးဟု ထင်မိ၏။ သေတ္တာငယ်အတွင်း ထည့်ထားသောကြောင့်လေလားတော့ဖြစ်ငဲ့ မသိ။ ထိုရုပ်တုလေးသည် ပျက်စီးယိုယွင်းခြင်း အလျဉ်းမရှိပါချေ။ ထူးခြားသည်မှာ ထိုရုပ်တုလေးတွင် သင်းပျံ့သောရနံ့ရှိလေခြင်းကြောင့် ဖြစ်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် စွဲလမ်းနေလို့လားတော့ မသိဘူး၊ သည်ရုပ်တု လေးက သဇင်ပန်းရနံ့ သင်းနေတာပဲဗျာ၊ အံ့ပါရဲ့'

'မှန်း... ဘယ်ကလဲ'

ကျွန်တော့်လက်ထဲမှရုပ်တုလေးကို လှမ်းယူရင်း လင်းမြင့်လှိုင်က စေ့စေ့ကြည့်လိုက်ချေပြီး...

'ကြွက်ဖြူရုပ်တုပေပဲဗျ'

လင်းမြင့်လှိုင်က ပြောလေ၏။

စောတာပုက စေ့စေ့ကြည့်လိုက်ပြန်လေပြီး...

'ရှေးဟောင်းလက်ရာများလား'

ပြောလေသဖြင့် လင်းမြင့်လှိုင်က အရုပ်ကို စေ့စေ့ကြည့် နေရာမှ ခေါင်းကို ညင်သာစွာခါယမ်းလိုက်ချေပြီး...

'မဟုတ်ဘူး၊ ရှေးဟောင်းရုပ်တုမဟုတ်ပေမင့် လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်လောက်က ဖြစ်နိုင်တယ်'

'ကိုလင်း ဘယ်လိုပြောနိုင်လဲ'

ကျွန်တော်က မေးလိုက်၏။

'ဟင်း... ဟင်း... ဟင်း... သည်မယ် ကြည့်လေ ဗျာ'

လင်းမြင့်လှိုင်က ကြွက်ဖြူရုပ်လေး၏ နောက်ခြေဖဝါး ဘက်ကို လှန်၍ ထိုးပေးပြလာချေလေသဖြင့် ကျွန်တော် လှမ်းယူ ကြည့်လိုက်ချေ၏။

သစ်သားကိုထွင်း၍ လုပ်ထားခြင်းဖြစ်၏။ မြန်မာလက်ရာ နှင့် ထွင်းထုထားလေခြင်း ဖြစ်တော့၏။

၁၉၅၃ ခု ဆိုပါကလား။

သို့ဆိုလျှင်ဖြင့် ထိုကြွက်ဖြူသည်လည်း ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့သည့်ခုနှစ်က ထွင်းထုထားခြင်း ဖြစ်ချေတော့၏။ ကျွန်တော့် တစ်သက်ရှိပြီဟု ဆိုရချိမ့်မည်။

'ထူးဆန်းတယ်လို့ ပြောရမယ် ကိုလင်း'

'ဘာလို့လဲ'

'သည်ရုပ်တုလေးအသက်က ကျွန်တော့်အသက်လေ၊ ပြီးတော့ ကြွက်ရုပ်လေးဆိုတော့ ကျွန်တော့်မွေးနေ့နံလေဗျာ၊ ကျွန်တော်က ကြာသပတေးဖွားလေ'

'ဟုတ်ပ့ါဗျာ၊ နို့ဖြင့် ကိုပိုက် အသေအချာသိမ်းထားချေပါ'

'အဲလိုပဲ လုပ်ရမှာပေါ့'

'ဆရာပိုက် သေတ္တာပါ ယူသွားမှာလား'

'ဟာ… ဖထီကလည်း သံသေတ္တာဟောင်း ဘာလုပ်မှာတုံး၊ ထားခဲ့ပေါ့ဗျာ'

သို့ဆိုတော့ စောတာပုက ကျွန်တော့်အား ပြုံး၍ကြည့်လာချေတော့၏။

ကြွက်ရုပ်လေးသည် တကယ်တော့ လက်တစ်ဆုပ်စာမျှပင် မရှိပါသဖြင့် ကျွန်တော်၏ အင်္ကျီအိတ်တွင်း ထည့်လိုက်ချေ၏။

အိတ်ဖောင်းနေသည်ကလွဲ၍ ကျွန်တော့်တွက် အနှောင့်အယှက် မဖြစ်ပါချေ။ ရသေ့မေ့ပါလန့်နှင့် တွေ့ပါမှ သည်ကိစ္စကို ပြောပြရပေတော့မည်။ တိုက်ဆိုင်တာပဲလား တစ်ခုခုကြောင့်များလား။

သို့ ကျွန်တော်က တီးတိုးရေရွတ်လိုက်ချေ၏။

သို့မှ ကျွန်တော်သည် ထိုမြေပြင်နေရာလေးမှ ခပ်လှမ်းလှမ်းလျှောက်ခဲ့ကြရာမှ မြက်ရိုင်းပင်တို့ ဒူးဆစ်လောက်ရှိနေရာလေးသို့ ရောက်ခဲ့ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြက်ရိုင်းတို့အလွန်တွင် သစ်ငုတ်ကြီးတစ်ခု တွေ့လိုက်ကြ၏။

သစ်ငုတ်ဆိုပေမင့် မြေပြင်မှ အမြင့်သုံးပေခန့် ပင်စည်နေရာမှ ဖြတ်ထားခြင်းဖြစ်ချေ၏။

ကျွန်တော်တို့သည် မြက်ရိုင်းတောကို ဖြတ်လိုက်ကြစဉ်တွင်…

'ကျွီ… ကျွီ… ကျွီ… ကျွီ…

'အလိုလေးဗျာ…'

မြက်ရိုင်းတောတို့အောက်ခြေမြေပြင်မှ တွားသွားသတ္တဝါလေးများ သို့နှယ်အော်ဟစ်ပြေးလွှားသွားမှုကြောင့် ယိမ်းယိုင်လှုပ်ခါလို့ နေချေ၏။

'ကြွက်တွေပဲဗျ'

'တောကြွက်တွေပေါ့'

လင်းမြင့်လှိုင်က ပြော၏။

ကြွက်သိုက်ကို မမြင်မစမ်း ခြေထောက်ဖြင့်ထိုးမိလေခြင်းကြောင့် သို့ဆိုသလို တောကြွက်များ လန့်ဖျပ်ပြေးလွှားသွားခြင်းဖြစ်ချေတော့၏။

'ကိုလင်းရေ… ကျွန်တော်တို့တော့ ဟိုးရှေ့က သစ်ငုတ်ကြီးတွေဆီ သွားကြတာပေါ့၊ အဲဒီသစ်ငုတ်ကြီးကို မြင်ရတာကျွန်တော်တော့ တစ်ခုခုခံစားရသလိုပဲဗျာ'

သို့ ကျွန်တော်က ပြောလိုက်၏။ သို့မှ ကျွန်တော်တို့သည် မြက်ရိုင်းတောကို ဖြတ်လျှောက်လိုက်ကြ၏။

'ကျွီ… ကျွီ… ကျွီ… ကျွီ… ကျွီ…

www.burmeseclassic.com

www.burmeseclassic.com



သစ်ငုတ်ကြီးနား ရောက်လုတွင် သို့ဆိုသလို ကြွက်များ၏ အသံကို ကြားနေရ၏။ အလိုလေးဗျာ...။

သစ်ငုတ်ကြီးအခေါင်းပေါက်အတွင်းမှ များပြားလှသော ကြွက်စုတ်များ ထွက်လာကြ၏။ ပြီးနောက် တစ်ဖက်တောတွင်း ပြေးလွှားသွားကြတော့၏။ မည်မျှများသနည်းဆိုပါမူ ကြွက်အုပ် အတန်းကြီးသည် မည်းမည်းလှုပ်နေချေတော့၏။

'သည်လောက်များတဲ့ ကြွက်အုပ် ခုမှပဲ တွေ့ဖူးတော့ တယ်'

သို့မှ ကျွန်တော်တို့သည် တဖြည်းဖြည်း လျှောက်ခဲ့ကြ ရာမှ သစ်ငုတ်ကြီးသို့ ရောက်လာကြတော့၏။

ထိုသစ်ငုတ်ကြီး မည်သို့ဖြစ်ရသည်ကို မသိပါချေ။ ဖြတ် တောက်ထားခြင်းတော့ဖြင့် မဟုတ်နိုင်ချေ။

ကျွန်တော့်စိတ်ထင် လေပြင်းတိုက်ခတ်ခံရ၍လည်းကောင်း၊ သို့တည်းမဟုတ် တောဆင်ရိုင်းကောင် တွန်းတိုက်သွား၍လည်း ကောင်း သစ်ပင်ကြီးပြိုလဲကျသွားရာမှ ကျန်ခဲ့သော သစ်ငုတ်တို ကြီး ဖြစ်ချိမ့်မည်။

'ကျွိ... ကျွိ... ကျွိ...'

အလိုလေးဗျာ... သစ်ငုတ်ကြီး အခေါင်းပေါက်အတွင်း မှ သို့ဆိုသလို ကြွက်များ၏အသံ ထပ်မံကြားရလေသဖြင့် ကျွန်တော် တို့သုံးယောက်သည် အခေါင်းပေါက်အတွင်းသို့ ငုံ့ကြည့်လိုက်ကြချေ တော့၏။

မှောင်မည်းနေသည်ကြောင့် လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသည် သံကိုသာမှု ကြားရသဖြင့်...

'ကိုပိုက် ဓာတ်မီးထိုးချေဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင် ပြောလာသဖြင့် ကျွန်တော် ခတ်မီး ဖြင့် တွင်းပေါက်အတွင်း ထိုးကြည့်လိုက်ချေတော့၏။

ဘုရားရေ… နီတာရဲ ကြွက်ပေါက်လေးများပါကလား။ အချို့ မျက်လုံးများပင် မဖွင့်သေးချေ။

'ဟာ… ငါတော့ပွပြီကွ'

မုဆိုးကြီးတာပုက သို့ ပြောလေပြီး သစ်ငုတ်အခေါင်း ပေါက်အတွင်း ၎င်း၏ လက်လှမ်းလိုက်ချေ၏။

'ဘာလုပ်တာလဲ ဖထီ'

ကျွန်တော်က မေးလိုက်၏။ စောတာပုက မဖြေ။ သို့ပေ မင့် သူ တွင်းထဲနှိုက်လိုက်သောလက် ပြန်ရုပ်လိုက်သည်တွင် မတော့ စောတာပု ဘာလုပ်သည်ကို သိလိုက်ချေတော့၏။

စောတာပု လက်ထဲတွင် ကြွက်နီတာရဲလေးများ လေး၊ ငါး၊ ခြောက်ကောင်ခန့် ပါလာချေတော့၏။

'သည်အရွယ် အတော်ပေပဲ'

'အင်း… ဖထီ ဘာပြောချင်တာလဲ'

'သည် နီတာရဲလေးတွေကို အတို့အမြှုပ်လို စားလျှင် တောင်မှ ကောင်းတာပဲကွ'

'ဘုရားရေ… ဖထီ စားတယ်၊ ဟုတ်လား'

'အေးလေကွာ… မြေမနင်းသားလို့တောင် ပြောလို့ရ တယ်ကွ၊ ကြွပ်ကြွပ်ရွရွလေးရယ်'

'ကြော်စားတာ မဟုတ်ဘူးလား'

'ကြော်စားတာပေါ့၊ အေး… ငါတို့ ဘိုးဘွားလက်ထက် တုန်းကတော့ သည်အတိုင်း အတို့အမြှုပ်လို စားကြတာပဲကွ၊

www.burmeseclassic.com



ငါတို့ကျတော့ ကြော်စားတာလေကွာ၊ ဘိုးဘွားတွေလို အစိမ်းလိုက် အကောင်လိုက် တို့မြှုပ်မစားဝံ့ဘူး'

ကျွန်တော် ကြက်သီးများပင် ထမိချေသေးတော့၏။

'သည်သစ်ပင်ငုတ်တို အခေါင်းပေါက်ကြီးက ကြွက်သိုက် ထင်ပါရဲ့'

'အင်း… ကြွက်ပေါက်တွေ တွေ့တော့ ကြွက်သိုက်ပေါ့ ဗျာ၊ ဟင်း… ဟင်း… ကဲ… ကဲ… ကျွန်တော်တို့ ဘယ်လိုလုပ် ကြမလဲ'

လင်းမြင့်လှိုင်က ပြောလာလေတော့၏။

'ကျွန်တော်တို့ မျောက်မြီးရှည်တစ်ကောင်လောက်တော့ ပစ်ဖို့လိုတယ်'

ကျွန်တော်က ပြောလိုက်၏။

'နို့ဖြင့် ရှေ့ကတောထဲ သွားရမပေါ့'

သို့ဖြင့်. ကျွန်တော်တို့သည် ကြွက်အုပ်ပြေးသွားသော တောနက်လေးရှိရာသို့ ဝင်သွားလိုက်ကြတော့၏။

တောအုပ်လေးအစပ်တွင် ကြွက်သေတစ်ကောင်၊ နှစ် ကောင်ကို တွေ့လိုက်ရ၏။

'ဘယ်လိုကြောင့် သည်ကြွက်နှစ်ကောင်က သေကျန်ခဲ့ရ တာပါလိမ့်'

ကျွန်တော်က ကြွက်သေနှစ်ကောင်ကို စေ့စေ့ကြည့်၍ ပြောလိုက်၏။

'ကြွက်အုပ်ကြီးထဲက ကျန်းမာရေးမကောင်းတဲ့ သည်ကြွက် နှစ်ကောင်က မပြေးလွှားနိုင်တဲ့ မြေပြင်မှာလဲကျချိန် ကြွက်အုပ်က တွန်းတိုက်ဖိနင်းသွားခံရတဲ့ဒဏ်ကြောင့် ဖြစ်မပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သို့ပြောလာသည်ကိုလည်း လက်ခံမိသေးတော့၏။ သို့မှ...

'ကွစ်... ကွစ်... ကွစ်... ကွိစ်...'

'အုဝု... အုဝု... အုဝု... အုဝု...'

မျောက်တစ်ကောင်သည် သစ်ပင်ထက်မှ သို့နှယ် အသံပြုလာသဖြင့် အားလုံးမော့ကြည့်လိုက်ကြ၏။

မျောက်မြီးရှည်တစ်ကောင် ဖြစ်ချေတော့၏။

လွန်စွာမျှကြီးမားလှသည့် မျောက်ထီးကြီးဖြစ်ချေ၏။

ကျွန်တော်က ထိုမျောက်ကောင်ကို သေနတ်ဖြင့် လှမ်းချိန်လိုက်သည်ကြောင့် လင်းမြင့်လှိုင်က ကပျာကသီ ကျွန်တော့် သေနတ်ကိုင်လက်ကို ဖမ်းဆုပ်လာချေပြီး...

'သူ့ကို မသတ်လိုက်နဲ့ဦး၊ မျှောထားလိုက်ချေ၊ သူ့ကို ခြေရာခံပြီး သူ့အပေါင်းအပါတွေရှိရာကို လိုက်သွားတာပေါ့၊ နို့မှ ကျွန်တော်တို့ မျောက်ကောင် အနည်းလေး ၃၊ ၄ ကောင်လောက် တော့ဖြင့် ရလောက်ပါရဲ့'

သို့ လင်းမြင့်လှိုင်က ပြောလာချေတော့၏။

'ဟုတ်ပ'

သို့ကြောင့် ကျွန်တော် သည်မျောက်ကို မပစ်တော့ပေ ...

'ဖထီ ဒူးလေးနဲ့ ခြောက်ထုတ်လိုက်ချေဗျာ'

သို့ဆိုတော့ မုဆိုးကြီးတာပုသည် သူ၏လွယ်ပုလိုင်း အတွင်းမှ မြားတံကိုထုတ်ကာ ဒူးလေးကို လေးကြိုးတင်လိုက် လေတော့၏။

'ဝှစ်...'

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးတာပုတစ်ယောက် အကောင်းပါးလှချေ၏။ မျောက်ကောင်ကို ရှတ်ခြည်းလှမ်းပစ်လိုက်ချေ၏။

'ဂွစ်…'

'ကျီးလ်…'

မျောက်သည် သူ၏လက်မောင်းအတွင်း မြားတံတစ်ချောင်း ဖောက်ဝင်လာသဖြင့် သို့ဆိုသလို အော်ဟစ်ကာ ထိုနေရာမှ ပြေးထွက်သွားချေတော့၏။

'ကွိ… ကွိ… ကွိ… ကွိစ်…'

မျောက်သည် မြားတန်းလန်းဖြင့် လျင်မြန်စွာ သစ်ပင်များဘက်သို့ ခုန်လွှားသွားချေတော့၏။

သို့ လင်းမြင့်လှိုင်က စီစဉ်လိုက်ပြီးဖြစ်တော့၏။

မျောက်သည် မြားတန်းလန်းဖြင့် အော်ဟစ်ပြေးသွားချေ သဖြင့် ကျွန်တော်တို့သည်လည်း နောက်မှ ထက်ကြပ်မကွာ အမျောက်မခံ ကြည့်လိုက်သွားကြ၏။

'ကွိ… ကွိ… ကွိ… ကွိ…'

'ကွစ်… ကွစ်… ကွိ… ကွစ်… ကျ…'

'ကွိ… ကွိ… ကွစ်…'

အလိုလေးဗျာ… သို့အသံသည် ဒဏ်ရာရ မျောက်ကောင်၏ အသံချည်းမဟုတ်။ သစ်ပင်ထိပ်ဖျားလောက်ဆီမှ မျောက်ကောင်တို့၏ ပြေးလွှားအော်ဟစ်သံများ ဖြစ်ချေ၏။

'စောစောက ကြွက်တွေတွေ့တယ်၊ ခုတော့ မျောက်အုပ် တွေ့ပြန်ပြီ'

ကျွန်တော်က ပြောလည်းပြော၊ လက်တွင်းရှိ သေနတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း သစ်ပင်ကိုင်းထက်ရှိ မျောက်ကောင်ထံသို့ လှမ်းချိန်လိုက်သလို လင်းမြင့်လှိုင်သည်လည်း လှမ်းချိန်လိုက်ချေ၏။

စောတာပုသည် မျောက်ကောင်ရှိရာသို့ သူ၏ဒူးလေးဖြင့် လှမ်းချိန်လိုက်ချေတော့၏။

'ဒိန်း...'

'ဒိန်း...'

'ဝှစ်...'

တစ်ပြိုင်တည်းဆိုသလို ဖြစ်သွားချေ၏။

မျောက်ကောင်တို့ ပို၍ဆူညံလှုပ်ရှားပြေးသွားကြသလို မျောက်သုံးကောင် သစ်ပင်တို့ထက်မှ ပြုတ်ကျလာချေတော့၏။

မှဆိုးသုံးယောက်လက်ချက်ဖြင့် မျောက်သုံးကောင် သေဆုံးကြရချေပြီဖြစ်၏။

မြေသို့ပြုတ်ကျသွားသည့် မျောက်ကောင်တို့ထံ သွားလိုက်ကြ၏။

အလိုလေးဗျာ... လင်းမြင့်လှိုင် ပစ်ချလိုက်သော မျောက်ကောင်သည် စောတာပု ပစ်လိုက်ကာ ခြေရာခံလိုက်နေသော ဒဏ်ရာရမျောက် ဖြစ်ချေ၏။

နောက်ထပ် စောတာပု ပစ်လိုက်သော မျောက်ကောင်၏ ရင်ညွန့်တွင် မြားတစ်စင်း တန်းလန်းဖြစ်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် မျောက်သေတို့ကို ထမ်းပိုး၍ လာလမ်းအတိုင်း ပြန်ခဲ့ကြချေတော့၏။

သို့မှ...

'ဟင်...'

'ဟာ...'

www.burmeseclassic.com

www.burmeseclassic.com



'အို…'

ကျွန်တော်တို့၏ ပြန်လှမ်းတွင် ကြွက်စုတ်အုပ်ကို တွေ့လိုက်ကြတော့၏။

တစ်နေရာတည်း အုံခဲလို့နေချေ၏။

'ဘာများပါလိမ့်'

လှုပ်လှုပ်ရွရွဖြင့် အသည်းယားစရာကောင်းသည့် ကြွက်အုပ်ကို စောတာပုက အနီးရှိ ခဲတစ်လုံးခပ်ကြီးကြီးကို ကောက်၍ လှမ်းပစ်လိုက်ချေ၏။

ကြွက်အုပ်သည် ဖရိုဖရဲဖြင့် ထိုနေရာမှ ထွက်ပြေးသွားကြပြန်လေ၏။

'ဟာ…'

'ဟင်…'

'ဘုရားရေ…'

ကြွက်အုပ် အုံခဲနေသည်မှာ ဖွတ်ကောင်သေကြီးဖြစ်ချေတော့၏။ ထိုဖွတ်ကောင်သည် ပုပ်ဟောင်လို့နေချေတော့၏။

ကြွက်စုတ်တို့ ဝိုင်းအုံကိုက်ခဲ စားနေကြခြင်းဖြစ်တော့၏။

'သည်ဖွတ်ကောင်ကို သူတို့ ဘယ်လိုသတ်ဖြတ်လဲ မသိဘူး'

ကျွန်တော်က မေးလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ဖွတ်ကောင်သေကို နံ့နံစော်စော်ကြားမှ စေ့စေ့စူးစိုက်ကြည့်လိုက်ချေပြီး…

'သည်ဖွတ်ကောင်ကို ကြွက်စုတ်တွေက အရှင်ကောင်ကို သတ်ဖြတ်စားကြတာ မဟုတ်လောက်ဘူးဗျ၊ ဘာလို့လဲဆိုတော့ ဖွတ်ကောင်သေက ပုပ်ဟောင်နေပြီလေ၊ သည်တော့ ဖွတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ထ သေတာကြာပြီ၊ ပုပ်လာလေတော့ ကြွက်စုတ်တွေက အနံ့ခံရောက်လာစားကြတာ ဖြစ်မပေါ့'

'ဟုတ်ပါပြီ၊ ဖွတ်ကောင်ကို ဘယ်သူက သတ်လိုက်လို့လဲ၊ လူသားဆိုလျှင်ဖြင့် ဖွတ်ကောင်ကို သတ်ဖြတ်ပြီး စားဖို့ယူသွားမပေါ့'

သို့ ကျွန်တော့်အပြောသည် သဘာဝကျလောက်ချေ၏။

ကျွန်တော့်အမေးကို မည်သူမျှမဖြေနိုင်ဟု ထင်ထားပေမင့်...

'ကျုပ် သတ်ပြီး ချထားတာ'

အလိုလေးဗျာ၊ သို့အသံကြောင့် ကျွန်တော်တို့သုံးယောက်သည် နောက်ဘက်သို့ ကြည့်လိုက်ကြတော့၏။

လူတစ်ယောက် ဖြစ်ချေ၏။ သစ်ခုတ် ဝါးခုတ်သမားဖြစ်နိုင်၏။ သူ၏လက်ထဲတွင်မတော့ သစ်ခုတ်ပေါက်စိန်တစ်လက်ပါချေ၏။ ခါးတွင်လည်း ဝါးခုတ်ဓားမကြီး ထိုးထားချေ၏။

'ဟာ... ဘယ်သူများလဲလို့၊ ဖထီ ချစ်ထွန်းပါကလား'

စောတာပုက ထိုလူကြီးကို ပြောဆိုနှုတ်ဆက်လိုက်ချေတော့၏။

'ဆရာလေးတို့ သူက လဟာမငယ်ရွာသား ဖထီချစ်ထွန်းလေ'

'သြော်... ဖထီ တောပစ်လာတာပေါ့'

ကျွန်တော်က မေးလိုက်၏။

'ဟော့အေး... ငါ ပျားလာဖွပ်တာ'

'သြော်...'

www.burmeseclassic.com

www.burmeseclassic.com



'နို့ မေးရပါဦးမယ်၊ ဖွတ်ကောင်ကို ဘာလို့ သတ်ပြီး ထားပစ်ရတာလဲ'

ကျွန်တော်က စပ်စပ်စုစု မေးလိုက်၏။

'ဖွတ်ထက် ကြွက်လေးတွေက ပိုကောင်းမယ်ထင်တာ ကြောင့်'

'ဘုရားရေ…'

ဖထီစောချစ်ထွန်းက ကြွက်နီလေးတွေကို လိုချင်၍ဆိုပါ ကလား။

'ရှင်းရှင်းပြောပါ ဖထီ'

ကျွန်တော်က မေးလိုက်၏။

သည်တွင် ဖထီချစ်ထွန်းက မပြောလေဘဲ စောတာပု က…

'သည်လို ဆရာလေးရဲ့၊ သည်ဖွတ်ကောင်ကို သတ်ဖြတ် ပုပ်ပြီဆိုလျှင်ဖြင့် ကြွက်စုတ်တွေ လာစားကြမယ်၊ သည်အခါ ဖထီက ချောင်းမြောင်းကြည့်နေပြီး ကြွက်စုတ်တွေပြန်သွားတဲ့နောက် ခြေရာခံလိုက်လျှင်ဖြင့် ကြွက်သိုက်ကြီးကို တွေ့မယ်ဆိုလျှင်ဖြင့် ကြွက်သားပေါက် နီရဲလေးတွေကို ရနိုင်တယ်လေ၊ နို့ကြောင့် ဖထီက ခုလို ဖွတ်ကောင်သေနဲ့ မျှားတာပေါ့ကွ'

အလိုလေးဗျာ… အံ့ဖွယ်ပင် ကောင်းသေးတော့၏။

ဘယ့်တွက်မှု ဖွတ်ကောင်ထက် ကြွက်နီရဲလေးတွေက ကောင်းလွန်းလို့ဆိုပါကလား။ ကျွန်တော်တော့ဖြင့် စိတ်ကူးထဲမှ မထည့်ဝံ့ပါချေ။

'မင်းတို့ကြောင့် ကြွက်တွေပြေးပြီ၊ ငါရဲ့ အရင်းအနှီးဆုံးပြီ ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဖထီချစ်ထွန်းက စောတာပုကို ကြည့်ကာ မကျေမနပ် ပြောလေသဖြင့် စောတာပုက ပြုံးလိုက်ချေပြီး သူ၏ခါးပိုက်ဆောင်တွင် ထည့်ယူထားသည့် ကြွက်နီတာရဲလေးများကို ထုတ်လိုက်ချေပြီး…

'ဖထီ ယူသွားပါ'

'ဟေ… မင်း ဘယ်လိုရခဲ့တာလဲ'

သို့ဆိုတော့ စောတာပုက သစ်ငုတ်တိုအခေါင်းပေါက်ကြီး အတွင်းမှ ရခဲ့ပုံကို ပြောပြလိုက်တော့၏။

'တာပလူးအားကြီးလော်'

သို့နှယ် ဖထီချစ်ထွန်းက ကျေးဇူးအများကြီးတင်တယ်လို့ ပြောလိုက်ချေပြီး တစ်ဖန်…

'မင်းတို့ကို ငါ ဆင်နှာမောင်းပျားရည် ပေးမယ်၊ ငါ့တဲကို လိုက်ခဲ့ကြချေ'

ဆိုလာသဖြင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေတော့၏။

'ဖထီတဲက ဘယ်မှာလဲ'

'ဟိုရှေ့က တောင်ကြောပေါ်မှာကွ၊ နီးပါတယ် လိုက်ခဲ့ကြချေ၊ ဆင်နှာမောင်းပျားရည်က ရခဲတယ်နော၊ ငါလိုအပ်တဲ့ ကြွက်နီတာရဲလေးတွေ ပေးလို့ ပြန်ပေးတာ'

သို့ဆိုတော့ စောတာပုက…

'လိုက်ရမှာပေါ့ ဖထီရယ်၊ ပြီးတော့ သစ်ငုတ်တိုကြီးနေရာကို ခေါ်သွားမယ်၊ အဲဒီမယ် ကြွက်ဖလောင်းလေးတွေ ကျန်သေး တယ်ဗျ'

'ဟေ…'

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ဖထီချစ်ထွန်းနှင့်အတူ သူ၏ တဲရှိရာသို့ ထွက်ခဲ့ကြပြန်တော့၏။

'မင်းတို့ကြည့်ရတာ မျောက်ချေးခါး လိုအပ်တယ်နဲ့ တူတယ်'

ကျွန်တော်တို့သုံးယောက် မျောက်သေသုံးကောင် ထမ်းပိုး လာသည်ကြောင့် ဖထီချစ်ထွန်းက သို့ပြောလာခြင်းဖြစ်တော့၏။

ဖထီချစ်ထွန်း၏တဲသည် ဝါးခုတ်တဲဟောင်းကို ပြုပြင် ထားခြင်းဖြစ်၏။ သူ့တဲတွင် ပျားရည်သုံးပုလင်းနှင့် ဂါလန်ပုံး တစ်လုံးကို တွေ့ရ၏။ ဂါလန်ပုံးတွင်း ပျားရည်တစ်ဝက် ရှိချေ၏။

'ဒါတွေလား ဆင်နှာမောင်းပျားရည်'

ကျွန်တော်က မေးလိုက်၏။

'ဟေ့အေး... အဲဒီပုံးထဲကဟာတွေက ပျားကြီးပျားရည် တွေက၊ ဆင်နှာမောင်းပျားရည်က ပုလင်းသုံးလုံးထဲကဟာ'

'မင်းတို့သုံးယောက် အတော်ပဲ၊ တစ်ယောက်တစ်လုံး ယူကြချေ'

'ဖထီတွက်ကော'

ကျွန်တော်က မေးလိုက်၏။ ဘယ့်တွက်မှု ရှားရှားပါးပါး ပျားရည်ဖြစ်သောကြောင့်ပင်။

ကျွန်တော့်အမေးကြောင့် ဖထီချစ်ထွန်းက စူးစိုက်ကြည့် လာချေပြီး...

'ဟကောင်ရ... ငါက ဘယ်အချိန်ရှာရှာ ရတယ်၊ မင်း တို့က တစ်ခါတစ်ရံမှ ခုလိုပေးတဲ့သူရှိမှ ရနိုင်တာလေ၊ ဘာ ငါ့တွက်ပူရတာတုံး၊ အေး... မင်း ပူမယ်ဆိုလျှင်ဖြင့် ငါ့ဖို့ မျောက် တစ်ကောင်ပေးခဲ့ချေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သိပ်ရတာပေါ့ ဖထီရယ်'

သို့ ကျွန်တော်က ပြောလိုက်ကာ ကျွန်တော် ထမ်းပိုးလာသည့် မျောက်ကောင်ကို ပေးလိုက်ချေတော့၏။

'မယူပါဘူးကွာ၊ မင်းတို့ပဲ ယူပါ၊ ငါလည်း သည်ကနေပဲ ရွာပြန်တော့မလို့၊ သည်ကြွက်စုတ်တွေကို စောင့်နေတာ၊ ခုတော့ မင်းတို့ဆီက ရပြီ၊ ငါပြန်မယ်'

'နို့ဖြင့် ကျွန်တော်တို့နဲ့ လိုက်ခဲ့ချေလေ'

'အေး… ဟုတ်သားပဲ၊ ဖထီ လိုက်ခဲ့လေ'

သို့ဖြင့် ကျွန်တော်တို့နှင့်အတူ ဖထီချစ်ထွန်းတစ်ယောက် သူ၏ပျားရည်ပုံးကို ထမ်းပိုးလိုက်ပါလာချေတော့၏။

သို့မှ ကျွန်တော်တို့သည် စခန်းသို့ ပြန်ခဲ့ကြတော့၏။ မျောက်သုံးကောင်ကို ကျွန်တော်တို့သုံးယောက် တစ်ယောက် တစ်လှည့် ထမ်းပိုးခဲ့သလို စောချစ်ထွန်းသည်လည်း သူ၏ပျားရည်ပုံးကို ထမ်းပိုးလာခဲ့သည်ကြောင့် နှောင့်နှေးစွာဖြင့် လာကြရခြင်း ဖြစ်တော့၏။

သို့မှသည် စခန်းနှင့် အနည်းငယ်မျှဝေးသော စိန်တောင်ပေါ်ရှိ လေယာဉ်ပျက်ကြီးရှိခဲ့ဖူးသည့်နေရာ ရောက်သည်တွင်…

'သည်မယ် ခဏနားချေဦးမယ်ကွာ'

သို့ဆိုသလို ဖထီချစ်ထွန်းက ပြောလေသဖြင့် ကျွန်တော်တို့ကိုယ်နှိုက်က နားနေခြင်းမပြုလိုကြပေမင့် ဖထီချစ်ထွန်းကို ငဲ့ညှာ၍ ထိုနေရာလေးတွင် စခန်းချရန် ဆုံးဖြတ်လိုက်တော့၏။

သို့ဆိုတော့ ကျွန်တော်တို့သည် ကျွန်းပင်ကြီးတစ်ပင် အောက်တွင် အောက်ပေါင်းရှင်းသည်ကြောင့် ကိုယ်စီထိုင်ချ နားနေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတော့၏။ ဖထီချစ်ထွန်းကတော့မူ သူ၏ပျားရည်ပုံးကြီးကို ကျွန်တော်တို့အနား ထားခဲ့ကာ ထွက်သွားပြန်လေသဖြင့်…

'ဖထီ နားမယ်ဆို ဒါ ဘယ်သွားဦးမလို့လဲ'

ကျွန်တော်က မေးလိုက်၏။ တကယ်တမ်းဆိုပါမူ ဖထီ ချစ်ထွန်း နားလိုသည်ဆို၍ ကျွန်တော်တို့က သူ့အား ငဲ့ညှာပြီး မနားချင်ပေမင့် နားလိုက်ရပေပြား ယခု ဖထီက သို့ ထွက်သွား ပြန်သည်ကြောင့် သို့ မေးလိုက်ရလေခြင်းဖြစ်တော့၏။

ကျွန်တော့်အမေးကို ဖထီချစ်ထွန်းက ဖြေကြားခြင်းမရှိ ရှေ့ဆက်သွားနေသေးတော့၏။

ထိုသည်ကို ကျွန်တော်က မကျေနပ်သဖြင့် နောက်ထပ် တစ်ကြိမ် အော်မေးလိုက်မည်အလုပ်တွင် လင်းမြင့်လှိုင်က…

'နေပါစေ ကိုပိုက်ရယ်၊ သူ ကိစ္စရှိလို့ ဖြစ်ပါလိမ့်မယ်'

သို့ပြောကာ လက်ကို ဖမ်းဆုပ်ထားတော့သဖြင့် ကျွန်တော် ထိုင်လျက်အနေအထားအတိုင်း နေလိုက်ချေပြီး ဖထီချစ်ထွန်း၏ ကျောပြင်ကို မမှိတ်မသုန် ကြည့်နေချေတော့၏။

'သူသွားတာ ကိုပိုက် ခားမြောင်ရခဲ့တဲ့ လေယာဉ်ပျက်ကြီး နေရာ မဟုတ်လား'

လင်းမြင့်လှိုင်က ဖထီချစ်ထွန်းကို လှမ်းကြည့်ပြောလာ လေတော့၏။

'ဟုတ်တယ် ကိုလင်း'

သို့ ကျွန်တော်က ပြောလိုက်သည်ကြောင့် ဆောင်ခားး လေးကိုလည်း ထုတ်ယူလိုက်ချေ၏။

'ပြစမ်းပါဦး'

လင်းမြင့်လှိုင်က လှမ်းတောင်းသဖြင့် ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ခားလေးကို စေ့စေ့ကြည့်နေလေပြီး…

'ဝှစ်…'

'ဟာ…'

'ဟင်…'

ကျွန်တော်ရော စောတာပုပါ အံ့သြတကြီးဖြစ်သွားရ တော့၏။

လင်းမြင့်လှိုင်က ကျွန်တော် ဆောင်ခားဖြင့် ခပ်လှမ်းလှမ်း မြေပြင်သို့ လှမ်းပစ်လိုက်လေ၏။

'ဘာကို ပစ်လိုက်တာပါလိမ့်'

'ဘုရားရေ…'

တွားသွားသတ္တဝါကောင် ဖြစ်ချိမ့်မည်။ ကျွန်တော်၏ ခားလေးသည် ရွေ့လျားနေပါကလား။ သို့ဆိုတော့ လင်းမြင့်လှိုင် ပစ်လိုက်သည့် ပစ်မှတ်သားကောင်ကို စိုက်ဝင်နေသည်ပေါ့။

'ဘာကောင်တုံး'

လင်းမြင့်လှိုင်ကို မေးလိုက်၏။

'ကိုပိုက် ထပြီးလိုက်သွားကြည့်လေ'

သို့ဆိုတော့ ကျွန်တော် နေရာမှထလိုက်၏။

ခားမြောင်လေး စိုက်ဝင်သတ္တဝါကောင်သည် တရွေ့ရွေ့ နှင့် ပြေးသွားလေခြင်းဖြစ်၏။ ခားတန်းလန်းနှင့် ဖြစ်ချေ၏။

ဘာကောင်ရယ် သဲသဲကွဲကွဲ မမြင်ရသည့်ပြင် ထိုသား ကောင်ပြေးသွားရာ ခားမြောင်လေးစိုက်ဝင်ပါသွားသဖြင့် ကျွန်တော် သည် ထိုနောက်သို့ အပြေးကလေး လိုက်သွားမိချေ၏။

ဘုရားရေ… မြွေကောင်ကြီးပါကလား။

တောကြီးမြွေဟောက် ဖြစ်ချေ၏။ လူးကာလိမ့်ကာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လျှောထွက်သွားခြင်းဖြစ်၏။ ကျွန်တော်၏ ခါးမြောင်လေးသည် ထိုမြွေကောင်၏ လည်ကုပ်နားလောက်တွင် စိုက်ဝင်နေခြင်းဖြစ်တော့၏။

သို့ဆိုတော့ ကျွန်တော်သည် ထိုမြွေကောင်နောက် ပြေးလိုက်သွားရချေ၏။

'ဟား… ဟား… ဟား…. ဟား… ဟင်း… ဟင်း… ဟား… ဟား… ဟား… ဟား… ဟား… ဟား…'

သို့ဆိုသလို လင်းမြင့်လှိုင်က ကျွန်တော့်ကိုကြည့်ပြီး ရယ်မောနေလေတော့၏။ မြွေကောင်သည် ခါးမြောင်စိုက်ဝင်သဖြင့် သေဆုံးခြင်းမရှိသည့်ပြင် ဒဏ်ရာဖြင့် လူးလွန့်ထွက်သွားခြင်းကြောင့် ကျွန်တော်သည် ထိုမြွေကောင်ကို လိုက်မမီဖြစ်ချေတော့၏။

ခက်သည်က ကျွန်တော့်တွင် သေနတ်ပါမလာခြင်းကြောင့်ပင်။

သေနတ်ပါလာလျှင် ထိုမြွေကောင်ကို ပစ်ခတ်သတ်ဖြတ်နိုင်ပေလိမ့်မည်။

ယခုတော့ နောက်မှ ပြေးလိုက်နေရတော့၏။ ကျွန်တော်၏ ခါးမြောင်လေးသည် ထိုမြွေကောင်၏ ကုပ်တွင် စိုက်ဝင်သွားလေသည်ကိုး။

သို့မှ မြွေကောင်သည် ကျွန်တော့်အမြင်မှ ပျောက်ကွယ်သွားချေတော့၏။ ဘယ့်ကြောင့်ဆို မြေပေါ်တွင် ချုံပုတ်ပင်ငယ်နှင့် အမှိုက်သရိုက်များ ရှိနေသောကြောင့် ဖြစ်ချေ၏။

ပထမတော့ မြေရှပ်ပေါက်ပင်မှာ လှုပ်ခါနေသည်ကို တွေ့လိုက်ပေမင့် ကြာလာတော့ မျက်စပြတ်သွားရချေလေ၏။

'ဟူး…'

www.burmeseclassic.com



လင်းမြင့်လှိုင်သည်လည်း သို့ဖြစ်လာလိမ့်မည်ဟု ထင်မထားကြပါချေ။ ယခု မထင်မှတ်ဘဲ ဖြစ်လာရခြင်းဖြစ်တော့၏။

ကျွန်တော် ထိုနေရာတစ်ဝိုက် လှည့်ပတ်ရှာကြည့်လေတော့၏။

ကျွန်တော် ထိုနေရာမှ လင်းမြင့်လှိုင်တို့ထံ လှမ်းကြည့်လိုက်တော့၏။

လင်းမြင့်လှိုင်တို့က ကျွန်တော် ဘာဖြစ်နေသည်ကို သိပုံမပေါ်။ သူနှင့် စောတာပု စကားလက်ဆုံကျနေကြတော့၏။

ကျွန်တော်သည် နောက်ဆုံး လက်လျှော့ကာ လင်းမြင့်လှိုင်တို့ရှိရာ ပြန်ခဲ့ချေတော့၏။

'ဟင်… ကိုပိုက် မြွေကောင်ကော'

လင်းမြင့်လှိုင်က မေးလေ၏။

'မြွေကောင် လွတ်သွားတယ်၊ ဓားမြှောင်လည်း မြွေကောင်နဲ့ ပါသွားတယ်'

'ဗျာ…'

'ဟင်…'

လင်းမြင့်လှိုင်တစ်ယောက် ကျွန်တော့်ကိုကြည့်ပြီး အံ့အားသင့်သွားသလို အားတုံ့အားနာဖြစ်သွားပုံပင်။

'ကျွန်တော်ကလည်း မြွေကောင်လို့ ပထမ မထင်ဘူး၊ တွားသွားသတ္တဝါတစ်ကောင်ပေါ့၊ ဆိုပါစို့… ကျွန်တော် ထင်လိုက်တာ ဖွတ်ကောင်ပေါ့၊ နို့ကြောင့် ကိုပိုက်တို့ အံ့အားသင့်ဖြစ်သွားအောင် ဓားမြှောင်နဲ့ လှမ်းပစ်လိုက်တာလေ။

'ကိုပိုက် ထလိုက်သွားလေမှ မြွေကောင်မှန်း ကျွန်တော်သိတယ်၊ နို့ပေမင့် ကိုပိုက် မြွေကောင်ကို လိုက်မိလိမ့်မယ်၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုပိုက်က တုတ်ချောင်းနဲ့ဖြစ်ဖြစ် ခဲလုံးနဲ့ဖြစ်ဖြစ် ပေါက်လိုက်လျှင် မြွေကောင် ပြေးမလွတ်တော့ဘူးလို့ တွက်ထားတာ၊ ခုတော့ မထင်မှတ်ဘဲ ဖြစ်သွားရတာ ကိုပိုက်ရဲ့ခွေးလေး ဆုံးရှုံးလိုက်ရတယ်၊ အားနာတယ်ဗျာ၊ နို့ဖြင့် သည်လိုလုပ်၊ ကျွန်တော် အဲဒီမြွေကောင်ကို မဖြစ်မနေ လိုက်ရှာပေးမယ်'

လင်းမြင့်လှိုင်က ပြောပြောဆိုဆို သူ့သေနတ်ကိုယူ၍ ထိုင်ရာမှ ထလိုက်သည်ကြောင့်...

'နေပါစေ ကိုပိုက်ရယ်၊ ကျွန်တော်နဲ့ မထိုက်တော့လို့ ခုလို ပျောက်သွားရတာဖြစ်မှာပေါ့'

သို့ လင်းမြင့်လှိုင်ကို ပြောလိုက်တော့၏။

'ဟုတ်ပါပြီ၊ မြို့ရောက်မှ ကျွန်တော ရမ်ဘိုခွေးမြောင် တစ်ချောင်း ဝယ်ပေးပါ့မယ်'

လင်းမြင့်လှိုင်က သို့ပြောလာပြန်ချေတော့၏။

'ကိစ္စမရှိဘူး ကိုလင်း၊ နားပါဦး... ဖထီချစ်ထွန်းလည်း ဘယ်ထွက်သွားတာလဲ မသိဘူး၊ သူ ပြန်လာတော့မှာပါ'

သို့မှ ကျွန်တော်တို့သည် ကျွန်းပင်ကြီးအောက်တွင် ထိုင်လိုက်ကြရာမှ လင်းမြင့်လှိုင်၏ ဝီစကီပုလင်းပြားလေးကို မော့သောက်ကြပြန်ချေ၏။

မုဆိုးကြီးတာပုက သူ့ခါးပိုက်တွင်းမှ ကွမ်းယာကိုထုတ်၍ ဝါးနေချေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်က ဝီစကီတစ်ပြားကို တစ်ပြန်တစ်လှည့် အပေးအယူလုပ် မော့သောက်နေကြရာမှ...

'ဟာ... ဟိုမယ် ဖထီချစ်ထွန်း၊ ဘာဖြစ်တာလဲ မသိဘူး၊ ရေးကြီးသုတ်ပျာနဲ့ လျှောက်လာနေတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



စောတာပုက ပြောသဖြင့် ကျွန်တော်တို့ စောချစ်ထွန်းကို လှမ်းကြည့်လိုက်ကြတော့၏။

ဖထီချစ်ထွန်းတစ်ယောက် နောက်လှည့်လှည့်ကြည့်ပေမင့် ခပ်လှမ်းလှမ်းလျှောက်လာနေရာမှ ကျွန်တော်တို့နား ရောက်လာသည်တွင်...

'ဖထီ ဘာဖြစ်လို့လဲ၊ နောက်ကို တကြည့်ကြည့်နဲ့ ဖထီနောက် ဘယ်သူလိုက်လာလို့လဲ၊ သားရဲကောင်လား'

ကျွန်တော်က မေးလိုက်တော့၏။

'မဟုတ်ဘူးကွ... ငါ ဟိုနားက ပျဉ်းကတိုးအစုလေးမယ်မိန်းမတစ်ယောက် တွေ့လိုက်တယ်'

'နို့ကတော့ ဖထီရယ်၊ သည်နားမယ် တောင်ယာတဲရှိလို့ ဖြစ်မပေါ့၊ နို့မှမဟုတ် ဝါးခုတ်တဲကို ဈေးလာရောင်းတဲ့ အမျိုးသမီးဖြစ်မပေါ့'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်...

'ဟာ... မင်းကလည်း ကြံကြံဖန်ဖန် သည်လိုနေရာ ဘယ်လိုလုပ် တောင်ယာခင်းရှိမလဲ၊ ဝါးခုတ်တဲရှိမလဲ၊ ငါ သည်နား တစ်ဝိုက် ကျက်စားနေတာ ကြာပြီ'

သို့ ဖထီချစ်ထွန်းက ပြောလာသဖြင့် ကျွန်တော်က ရယ်လိုက်ချေပြီး...

'ဟား... ဟား.... ဟား... သက်သက်ပြောတာပါ ဖထီရယ်၊ ကျွန်တော်လည်း သိပါတယ်၊ နို့ ဖထီ တောခြောက်ခံလိုက်ရတာ ဖြစ်မပေါ့'

ကျွန်တော်က ပြောလိုက်ပြန်ချေ၏။

'နို့တော့ ငါ မသိဘူး၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က ကောင်းမှကောင်း၊ ကျစ်ဆံမြီးကျစ်ပြီး ကျောပေါ်ခင်းချထားတာ တုတ်တုတ်ခိုင်ခိုင်ကြီးကွာ၊ ငါ သူ့ဆီသွားမယ်လည်းလုပ်ရော ငါ့ရှေ့မယ် တောကြီးမြွေဟောက်ကောင်က ရှိနေတယ်လေ၊ ငါ့ရှေ့ ၂၀ လောက် ပါးပျဉ်းကြီးထောင်လို့ ပြီးတော့ လျှပ်တစ်ပြက်တစ်လံလောက်ကနေပြီး နှာမှုတ်နေတာကြောင့် ငါ အနားမကပ်ရဲဘူး၊ သည်မှာပဲ အမျိုးသမီးကို မျက်စပြတ်သွားတယ်၊ အေး…နို့ပေမင့် ငါ့ကို ရန်မူတော့မယ့် တောကြီးမြွေဟောက်ကောင်က "ရှီ…" ဆိုတဲ့ လေချွန်သံလိုလို စူးစူးရှရှအသံကြောင့် ပါးပျဉ်းချလိုက်ပြီး လျှောခနဲ မြေပြင်ဝပ်တွား မြွေကောင်ပြေးသွားတာ ငါ အမျိုးသမီးကို တွေ့လိုက်တဲ့နေရာကိုပဲကွ။

"ငါ အတန်ကြာကြာ ရပ်ပြီးနေမိသေးတယ်၊ ဘယ်လိုမှ ထူးခြားမှုဖြစ်မလာတော့ လှည့်ပြန်ခဲ့တယ်၊ နို့ပေမင့် ငါ နောက်ကြောင်းပြန်လှည့်လို့ ခြေလှမ်းငါးဆယ်လောက်အရောက်မှာ နောက်ဘက်ကနေ ရှပ်တိုက်လိုက်လာတဲ့အသံကြောင့် ငါ လှည့်ကြည့်လိုက်တယ်၊ ဘာကောင်မှ မတွေ့ဘူး၊ နို့ပေမင့် အမျိုးသမီးကို လှမ်းတွေ့လိုက်တယ်၊ ငါ့နောက်ကို ခြေလှမ်းသွက်သွက် လျှောက်လာသလိုပဲ၊ နို့ကြောင့် ငါ အဲဒီအမျိုးသမီးကို ရပ်စောင့်နေလိုက်ပေမင့် စောစောက ရှပ်တိုက်အသံက ငါနဲ့နီးနီးလေးဖြစ်လေတော့ ငါ စူးစူးစိုက်စိုက် မြေပြင်ကို ကြည့်လိုက်တယ်ကွာ၊ စောစောက မြွေကောင်ပဲ ဖြစ်မယ်၊ ငါ နောက်ကို လျှောတိုက်လိုက်လာတာ၊ နို့ကြောင့် ငါ အမျိုးသမီးကို ရပ်မစောင့်ဝံ့တော့ဘဲ စခန်းကို ပြန်ပြေးခဲ့တာ၊ ငါ့နောက်လိုက်လာတဲ့ မြွေကောင်လျှောတိုက်အသံကတော့ ကပ်ပါလာတယ်ကွ၊ နို့ကြောင့် ငါလည်း ကြောက်ကြောက်နဲ့လန့်လန့်နဲ့ ခပ်သုတ်သုတ်လျှောက်လာရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖထီချစ်ထွန်းက သို့ပြောပြီး ကျွန်တော်တို့နှံဘေးမှ ပျားရည်ပုံးကို ကောက်ထမ်းလိုက်ချေပြီး...

'သွားကြစို့ကွာ... ငါတော့ သည်နေရာမယ် မနေရဲတော့ဘူး'

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်မိတော့၏။

လင်းမြင့်လှိုင်က ဘာမှမပြောဘဲ သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး...

'နို့ဖြင့်လည်း သွားကြတာပေါ့'

သို့ဆိုလျက် သေနတ်ကိုယူ မျောက်ကောင်ကို ထမ်းထလိုက်သည်ကြောင့် ကျွန်တော်နှင့် စောတာပုသည်လည်း ကိုယ်စီမျောက်ကောင်ကို ထမ်းပိုးခဲ့ကြချေတော့သည်။

ကျွန်တော်တို့ ပြန်လမ်းတစ်လျှောက်တွင် ဖထီ ချစ်ထွန်းကို ကြည့်ရသည်မှာ နောက်ဆံတင်းနေပုံပင်။ ကျွန်တော်တို့နှင့် လျှောက်ခဲ့ကြသည်ဆိုပြီး နောက်သို့ စိုးရိမ်တကြီး ယှဉ်ကြည့်လှည့်ကြည့်လုပ်နေလေခြင်းကြောင့်...

'ဖထီရယ်... နောက်မယ် ဘာမှမပါပါဘူး၊ စိတ်ချပါ၊ ဖထီ ဘာကိုများ စိုးရိမ်နေတာလဲ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ဟ... ငါ စိုးရိမ်တာမဟုတ်ဘူး၊ တကယ်ပဲ နောက်ကနေ လိုက်လာတာကွ'

သို့ကြောင့် ကျွန်တော်သည် ဖထီချစ်ထွန်းပြောသည့်ဖြစ်နေလေသည်လား ဂဃနဏသိလိုသဖြင့် နောက်သို့ လှည့်ကြည့်နေပေမင့် မည်သို့မျှထူးခြားမှုမတွေ့မမြင်ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



'ဖထီစိတ်ကဖြစ်တာပါ၊ ဖထီပဲ ရှေ့ကနေသွား၊ ကျွန်တော် နောက်ကနေ လိုက်ခဲ့မယ်'

သို့ဆိုလျက် ကျွန်တော်သည် ဖထီချစ်ထွန်းနောက်မှ ခပ်လှမ်းလှမ်းလိုက်ခဲ့ချေတော့၏။ သို့ဆိုတော့ ဖထီချစ်ထွန်းတစ်ယောက် စောစောကလိုတော့ဖြင့် မကြာခဏ နောက်လှည့်ကြည့်ခြင်း မရှိပါချေ။

သို့ပေမင့် တစ်ချက်တစ်ချက်တော့ဖြင့် လှည့်ကြည့်လာ၏။ ကျွန်တော်က ပြုံးပြလိုက်သည်တွင် ရှေ့သို့ မျက်နှာပြန်မူသွားပြန်တော့၏။

သို့မှသည် ကျွန်တော်တို့ စခန်းနားရောက်လုတွင်...

'ရှပ်... ရှပ်... ရှပ်... ဖလပ်... ရှပ်...'

ကျွန်တော့်နောက်မှ သို့ ကပ်လိုက်လေသည့်ခြေသံကြောင့် လှည့်ကြည့်လိုက်မိ၏။ ဘာမျှမတွေ့ပါကလား။ ကျွန်တော် စိတ်ထင်လို့များလား။ သို့တည်းမဟုတ် ကျွန်တော်တို့ မမြင်လို၍ လျှပ်တစ်ပြက် ပုန်းကွယ်လိုက်နိုင်သည်ကြောင့်များလား မသိပါချေ။ သို့ဆိုတော့ ကျွန်တော်သည် ဖထီ ပြောသလို စိတ်ထင်လို့များလားဟုပင် တွေးမိသေးတော့၏။

သို့ကြောင့် လက်ဆုပ်လက်ကိုင်ပြနိုင်ရန်အလို့ငှာ ကျွန်တော်သည်လည်း ထင်မှတ်မထားဘဲ လျှပ်တစ်ပြက် လှည့်ကြည့်မိချေ၏။ မကြာခဏဆိုသလို သို့ပြုမူပေငြား မည်သို့ထူးခြားမှုမျှ မရှိပါချေ။ သို့ပေမင့်လို့ တရှပ်ရှပ်အသံတော့ဖြင့် ကြားနေရချေ၏။

သို့ကိစ္စအား ဖထီချစ်ထွန်းကိုပင် မပြောတော့ပါချေ။

သို့မှ အတော်လေးခရီးအရောက်တွင် ဖထီချစ်ထွန်းက နောက်လှည့်ကြည့်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း… ဟင်း… ဟင်း…"

သို့ ကျွန်တော်က ဖထီချစ်ထွန်းကို ပြုံးပြရယ်သွမ်းသွေး လိုက်၏။

သည်တစ်ကြိမ်တွင်မတော့ ဖထီချစ်ထွန်းသည် ကျွန်တော့် အား မယုံနိုင်လောက်အောင် အံ့ဩဟန်ဖြင့် ကျွန်တော့်နောက်ဘက် သို့ လှမ်းကဲကြည့်လိုက်ရင်း…

"ဆရာလေး… ဆရာလေး၊ မြွေကောင်ပဲဗျ၊ မြွေကောင် သတိထား"

သို့ ဖထီချစ်ထွန်းက ပျာပျာသလဲ ပြောလာသဖြင့် ကျွန်တော်သည် နောက်သို့လှည့်ကြည့်လိုက်ချေ၏။

အကောင်ကိုတော့ဖြင့် မမြင်ရ။ နောက်ဘက်တွင်ရှိ မြေ ရှပ်ပေါက်ပင်ငယ်တို့၊ မြက်ရိုင်းပင်ငယ်တို့၊ ချုံပုတ် ထိကရုံးပင်ငယ် တို့ လှုးခါလေသဖြင့် ကျွန်တော် ရပ်တန့်လိုက်ကာ စေ့စေ့ကြည့် လိုက်ချေ၏။

အလိုလေးဗျာ… ဟုတ်ပါ့။ မြွေကောင်ပါကလား။ နောက်မှ ကျွန်တော့်ထံ တွန့်လိမ်လျှောက်တွားလာနေချေတော့၏။

အင်မတန်ရှည်လျားသည့် မြွေကောင်ပါကလား။ ကောင် လုံးတော့ဖြင့် ထင်းထင်းမမြင်ရ။ သို့ပေမင့်…

ကျွန်တော်နှင့် နှစ်လံလောက်အကွာတွင် မြွေကောင် ရပ်တန့် ဦးခေါင်းမတ်ကာ ပါးပျဉ်းကို ခွက်လာချေ၏။ ပြီးနောက် လျှာတစ်လစ်တစ်လစ်ဖြင့် ဘယ်ညာယိမ်းယိုင်နေရင်းမှ နှာမှုတ်လာ ချေတော့၏။

"ရှူး…"

"ရှူး…"

www.burmeseclassic.com

www.burmeseclassic.com



'ရှူး…'

ကျွန်တော်က ကပျာကသီ သေနတ်ကို မောင်းတင်လိုက်ကာ ရုတ်ခြည်းဆိုသလို မြွေကောင်ရှိရာသို့ လှမ်းချိန်လိုက်စဉ်မှာပင်…

'ဝှစ်…'

'ဖောက်…'

အလိုလေးဗျာ… ကျွန်တော့်နောက်မှ ဖထီချစ်ထွန်းသည် သူ၏ဒူးလေးဖြင့် မြွေကောင်ကို ပစ်လိုက်ခြင်းဖြစ်တော့၏။

'ကျေးဇူးပဲ ဖထီ'

သို့ပြောပြီး ဖထီချစ်ထွန်းကို ကြည့်လိုက်၏။ ဖထီချစ်ထွန်းတစ်ယောက် အံ့ဩတကြီးဖြစ်နေပုံပင်။

'ဖထီ ဘယ်လိုလုပ် သည်မြွေကောင်ကို မြင်တာလဲ'

ကျွန်တော်က မေးလိုက်၏။

'ဆရာလေးနောက်ကနေ အမျိုးသမီးလိုက်လာတာ ငါသူ့ကို မြင်လိုက်တယ်ဆိုလျှင်ပဲ သူ့လက်ထဲက တစ်စုံတစ်ခုကို မြေပေါ်ပစ်ချပြီး နောက်ပြန်လှည့်ပြေးတာပဲ၊ ဆရာလေး သတိမမူလျှင်တော့ ဂူမမြင်ဆိုသလို ဖြစ်တော့မှာပဲ၊ သတိထားစမ်းပါ ဆရာလေးရယ်'

သို့ပြောလာသည့် စောချစ်ထွန်းကို ကျွန်တော်က နားမလည်နိုင်စွာ ကြည့်လိုက်ချေပြီး…

'ဖထီရယ်… အမှန်အတိုင်းပြောရလျှင် ကျွန်တော့်နောက်ကနေ ရှပ်တိုက်လိုက်လာတဲ့အသံ ကြားပါတယ်၊ နို့ကြောင့်လည်း မကြာခဏလှည့်ကြည့်မြန်တော့လည်း ဘာမှမတွေ့ဘူးလေ။ သည်တော့ စိတ်ထင်လို့ပါဆိုပြီး လှည့်မကြည့်တော့ဘူး၊ ခု ဖထီပြောတော့

www.burmeseclassic.com

www.burmeseclassic.com



မှ ကြည့်မိတာပါ၊ ကျွန်တော် အမျိုးသမီးကို မတွေ့ပါဘူး၊ နို့ပေမင့် မြွေကောင်တော့တွေ့တယ်၊ ကျွန်တော် အကြည့်နောက်ကျလို့လည်း ဖြစ်မပေါ့'

သို့ဆိုတော့ ဖထီချစ်ထွန်းက ကျွန်တော့်နောက်သို့လှမ်း ကြည့်လိုက်ပြန်လေပြီး...

'ဟော... ဟိုမယ် ဟိုမယ် မြန်မြန်ကြည့်လိုက်ချေ'

သို့ဆိုတော့ ကျွန်တော်သည် လှည့်ကြည့်လိုက်ချေတော့၏။

ဘုရားရေ... ဟုတ်ပ့ါ။ မဝေးလောက်သည့်နေရာတွင် မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ချေတော့၏။

ဝေးလွန်းသည်ဆိုပေမင့် သူမ၏သဏ္ဌာန်ကိုတော့ဖြင့် အကြမ်းဖျင်းသိလိုက်ရ၏။

ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ထားချေ၏။ ကျောပြင်တွင် ချထားလေ၏။

သို့ရှိစဉ် စောတာပုရောက်လာကာ မြွေကောင်သေကို ကောက်လိုက်ချေ၏။

လည်တိုင်တွင် မြားတစ်ချောင်း ထုတ်ချင်းဖောက်ဝင်နေ တော့၏။

'ဟ... တောကြီးမြွေဟောက်ကောင်ကွ၊ အချိုလေးတယ်၊ ငါတို့တွက် ရိက္ခာတစ်နပ်စာတော့ ရပြီပေါ့ကွာ'

သို့ ပြောလာသည်ကိုကြည့်၍ ဖထီချစ်ထွန်းတစ်ယောက် မျက်လုံးအဝိုင်းသားနှင့် ကြည့်လိုက်ချေပြီး...

'စားရတယ်လား'

မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့ ဖထီရယ်၊ ဘာလဲ မစားဖူးဘူးလား'

စောတာပုက မေးလေ၏။

သည်တွင် ဖထီချစ်ထွန်းက ပါးစပ်ကြီးကို ဖြဲကာ ရယ်လိုက်ချေပြီး...

'ငါ ကရင်ပဲကွ၊ နို့တော့ မစားဘူး၊ ဘာလို့လဲဆိုတော့ သည်မြွေက အဆိပ်ပြင်းလို့ ကြောက်တယ်၊ အစာတစ်လုတ်နဲ့ အသေမခံနိုင်ပါဘူးကွာ၊ ဟင်း... ဟင်း... ဟင်း...'

'နို့ဖြင့်လည်း ဖထီရယ်၊ မျောက်သားရှိပါ့ဗျာ'

ကျွန်တော်က ဝင်ပြောလိုက်ချေ၏။

သို့မှ ကျွန်တော်တို့သည် ခပ်သွက်သွက်သွားလိုက်ကြတော့၏။ စခန်းက ဝေးလေသည်မဟုတ်။ ထိုတောင်ကြောမှဆင်းပြီး ချောင်းထဲဖြတ်ကာ ၅ မိနစ်ခန့်လျှောက်လိုက်သည်နှင့် စခန်းသို့ ပြန်ရောက်ခဲ့ကြတော့၏။

ကျွန်တော်တို့ စခန်းတွင် ခေတ္တမျှနေထိုင်လိုက်ချေပြီး ကိုယ်စီ တာဝန်ခွဲဝေယူလိုက်ကြ၏။

ကျွန်တော်က ထင်းခြောက်များ စုဆောင်းရပေမည်။

လင်းမြင့်လှိုင်က စောတာပုနှင့်အတူ မျောက်ကောင်အား အသားဖျက်ရပေမည်။ သို့ဆိုတော့...

'ဖထီ တဲပေါ်မယ် သက်သောင့်သက်သာနေချေဦး၊ ကျွန်တော်တို့ စားဖို့သောက်ဖို့လုပ်လိုက်ချေဦးမယ်'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်...

'အေး... မင်းတို့ကလည်း ငါလည်း ဝိုင်းကူပါမယ်ကွာ၊ ဟုတ်လား'

သို့ဆိုလျှက် ဖထီချစ်ထွန်းသည် သူ၏ မျေးရည်ပုံးကို

www.burmeseclassic.com

www.burmeseclassic.com



တဲထောင့်တွင် ချထားလိုက်ချေပြီး ကျွန်တော်နှင့်အတူ ထင်းခြောက် ကောက်ရန် လိုက်ပါခဲ့ကြတော့၏။ စခန်းအနီးတွင် ထင်းခြောက်တုံး များ မရှိလေသဖြင့် စခန်းနှင့်ဝေးဝေးသို့ သွားကြရတော့၏။

သို့ဆိုတော့မှ ထင်းခြောက်များ အံတော်အတန်စုဆောင်း ရလိုက်ချေတော့၏။

ကျွန်တော်တို့နှစ်ယောက် ထင်းများစုပုံပြီးဖြစ်ပေမင့် လင်း မြင့်လှိုင်နှင့် စောတာပုတို့ မျောက်ကောင်ကို ဖျက်၍မပြီးကြသေးချေ။ သို့ကြောင့် ကျွန်တော်သည်လည်း သူတို့နောက် လိုက်သွားချေတော့ ၏။

"ငါတော့ နားချေဦးမယ်"

ဖထီချစ်ထွန်းတစ်ယောက် အသက်ကြီးပြီဖြစ်သဖြင့် ထင်း ခြောက်များလည်း ထမ်းပိုးရလေခြင်းကြောင့် ပင်ပန်းပြီပေါ့။ သို့ ကြောင့် သူနားလိုပြီဖြစ်သည်ကြောင့်...

"တဲပေါ်မယ် အေးအေးလူလူနားနေလိုက်လေ ဖထီ"

သို့ ကျွန်တော်က ပြောပြီး လင်းမြင့်လှိုင်တို့ထံ သွားလိုက် တော့၏။

ကျွန်တော် ထင်ထားသည်မှာ လင်းမြင့်လှိုင်နှင့် စောတာပု တို့ မျောက်ကောင်ကို အသားဖျက်၍မှ ပြီးလေစဟုထင်ပေမင့် သူတို့ကိုတွေ့လိုက်သည်တွင်မတော့ ကျွန်တော့်အတွေး လုံးဝမှား ယွင်းသည်ကို သိလိုက်ရချေတော့၏။ လင်းမြင့်လှိုင်သည် မျောက် သားများကို တောင်းဖြင့်ထမ်းပိုးလာချေ၏။

(တာပုမှ ဝါးဖြင့်ရက်လိုက်သောတောင်းဖြစ်၏။)

သို့ဆိုတော့ ကျွန်တော်သည် သူတို့ထံမှတောင်းကို ပိုင်းကူ မယူလိုက်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



စခန်းသို့ရောက်သည့်တွင် ဖထီချစ်ထွန်းတစ်ယောက်ကို မတွေ့လေသည့်ကြောင့်…

'ဖထီ ဘယ်သွားလဲ'

လင်းမြင့်လှိုင်က မေးလေသဖြင့် စောဦးပိုင်းက ကျွန်တော်နှင့် ထင်းခြောက်ကောက်လိုက်လာပုံ။ ပြီးတော့ ကိုင်းလင်းတို့ထံ ဝိုင်းကူရန်လာသည့်တွင် ဖထီတစ်ယောက် ပင်ပန်းသွားပြီဖြစ်၍ တဲပေါ်တွင် လဲလျောင်းအနားယူကျန်ခဲ့လေသည်ကို ပြောပြလိုက်၏။

'နို့ဖြင့် ဖထီ တပိုတပါးသွားတာဖြစ်မယ်'

သို့ လင်းမြင့်လှိုင်က မှန်းဆပြောလာ၏။ ပြီး ထင်းမီးပုံနား သွားကာ တံစို့ထိုးအသားတို့ကို မီးကင်ရန် မြေစိုက်ထောင်နေချေ၏။ ကျွန်တော် ဝိုင်းကူလိုက်ချေ၏။ စောတာပုကတော့မှု မျောက်ချေး ခါးလုပ်နေချေတော့၏။

သို့မှ ကျွန်တော်တို့သည် ရေချိုးရန် ထွက်ခဲ့ကြတော့၏။

တာပုက စခန်းတဲနေခဲ့ချေ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော် ရေချိုးရန်ထွက်ခဲ့ကြသည်တွင် စခန်းနေရာနီးနီးတွင် ရေအိုင်ကြီးကြီးမရှိသဖြင့် ချောင်းအောက် စုန်ဆင်းလေမှ ရေအိုင်ကြီးတွေ့၏။ ထိုအိုင်ကြီးတွင် အေးအေးပူပူ ရေစိမ်နေလိုက်ကြတော့၏။

သို့ရှိစဉ်…

'ဆရာလေး… ဆရာလေး… ဆရာလေး…'

သို့အသံကြောင့် ကမ်းပေါ်လှမ်းကြည့်လိုက်ကြ၏။ စောတာပု ဖြစ်ချေ၏။ ရေးကြီးသုတ်ပျာ ပြေးလာနေခြင်းဖြစ်၏။

'ဖထီတာပု ဘယ်လိုဖြစ်ပါလိမ့်'

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် စောတာပုအနားရောက်

www.burmeseclassic.com

www.burmeseclassic.com



အလာကို မစောင့်လေဘဲ ရေအိုင်တွင်းမှ တက်လိုက်ကြပြီး စောတာပုနှင့် မျက်နှာချင်းဆိုင် ပြေးသွားလိုက်ချေ၏။

'ဖထိ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ'

မျက်နှာချင်းဆိုင် ဆုံလိုက်သည်တွင် ကျွန်တော်က မေးလိုက်ချေ၏။ စောတာပုတစ်ယောက် အပြေးအလွှားလာရသည်ကြောင့် မောဟိုက်နေပုံပင်။ ကျွန်တော့်အမေးကို တော်တော်နှင့် မဖြေနိုင်။

'ဖထိ ပြော'

'ဟို... ဟို... ဖထိချစ်ထွန်းတစ်ယောက် သေပြီ'

'ဟင်...'

'ဘာ... ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ'

ကျွန်တော်က စောတာပုကို စေ့စေ့ကြည့်မေးလိုက်၏။

'ဘာကြောင့်လဲ ဘယ်လိုဖြစ်တာလဲဆိုတာတော့ ငါ မသိဘူးကွာ၊ ငါ စခန်းမှာ မျောက်ချေးခါးလုပ်နေတုန်း စခန်းနောက်ဘက်ကနေ အလန့်တကြားအော်သံကြောင့် ငါပြေးသွားကြည့်လိုက်တယ်ဆိုလျှင်ပဲ ဖထိချစ်ထွန်းကို တွေ့ရတာပဲ'

'ပြောပါဦး'

'သူ မျက်လုံးမျက်ဆန်ပြူးပြီး ပါးစပ်ကလည်း အမြှုပ်တွေထွက်လို့၊ ငါ သူ့နားရောက်သွားတော့ သူ အသက်ရှိသေးပုံပဲ၊ ငါ့ကို တစ်စုံတစ်ရာ ပြောလိုက်တာပဲ၊ နို့ပေမင့် ငါ ဘာမှမသိလိုက်ဘူး၊ နားမလည်လိုက်ဘူး၊ ပြီး သူ မျက်လုံးမျက်ဆန်ပြူးပြီး အသက်ထွက်သွားတာပဲ'

ဘုရားရေ... ဘယ့်လိုဖြစ်သွားရတာပါလိမ့်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် အခိပ္ပာယ်ပါပါ ခေါင်းဆတ်ညိတ်လိုက်ကြချေပြီး စခန်းသို့ ပြန်ခဲ့ကြတော့၏။

'ဖထီ လိုက်ပြချေ'

သို့ဆိုတော့ ကျွန်တော်တို့သည် ဖထီချစ်ထွန်း သေဆုံးခဲ့သည့်နေရာသို့ ရောက်သွားကြတော့၏။

ဘုရားရေ… ဟုတ်ပါ့။ စောချစ်ထွန်းတစ်ယောက် မျက်လုံးမျက်ဆန်ပြူး ပါးစပ်မှ အမြှုပ်ထွက်နေလျက် မျက်နှာညိုမည်းသေဆုံးနေပါကောလား။

လင်းမြင့်လှိုင်က စေ့စေ့ကြည့်လိုက်ချေ၏။

ကျွန်တော်က ပတ်ဝန်းကျင်တစိုက် ခြေရာလက်ရာလိုက်ရှာကြည့်လိုက်၏။

မည်မျှရှာပေမင့် မည်သည့်ခြေရာမျှ မတွေ့ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်နားသွားကာ…

'သည်ဝန်းကျင်မှာတော့ ခြေရာဆိုလို့ ဘာမှမတွေ့ဘူး၊ ဖထီချစ်ထွန်း ဘယ်လိုကြောင့် ခုလိုဖြစ်သွားရတာပါလိမ့်၊ ဘုရားရေ… လူဆိုတာ နေ့မြင်ညပျောက်ပါကလား၊ စောကပဲ ကျွန်တော်နဲ့ ထင်းခြောက်ကောက်တုန်းက အကောင်းကြီးရယ်၊ ကြည့်စမ်း… ခဏလေး လမ်းခွဲခဲ့တယ်၊ ခုတော့ သူ အသက်မရှိတော့ဘူး၊ နေ့မြင်ညပျောက်တောင် မဟုတ်သလိုပါပဲကလား'

လင်းမြင့်လှိုင်က ဖထီချစ်ထွန်း၏ အလောင်းကို ငေးကြည့်ပြီးနောက်…

'သူ မြွေဆိုပ်မိတာ'

'ဗျာ…'

'ဟာင်…'

www.burmeseclassic.com

www.burmeseclassic.com



"သည်မယ်ကြည့်လေ၊ သူ့ခြေသလုံးသားကို မြွေခဲထားတာ"

လင်းမြင့်လှိုင်က ပြောလည်းပြော ချစ်ထွန်း၏ ခြေသလုံးသားကိုလည်း လက်ညွှန်ပြလာချေတော့၏။

ဘုရားရေ… ဟုတ်ပါ့။ ခြေသလုံးတွင် အစွယ်ရာလေးတွေ့လိုက်ရတော့၏။ ထိုအစွယ်ရာအပေါက်ငယ်တို့မှ သွေးတို့ယိုစီးကျနေသည်ဆိုပေမင့် ညိုညစ်ညစ်အရောင်များပင် ဖြစ်ချေတော့၏။

ဖထီချစ်ထွန်းတစ်ယောက် သူ့နောက်မိန်းမပျိုနှင့် မြွေကောင်လိုက်ခဲ့သည်ဟု ထင်ခဲ့၏။ မြင့်ခဲ့ပုံရ၏။ သို့ပေမင့် ကျွန်တော်မမြင်မသိသဖြင့် မဟုတ်နိုင်ဟု ထင်ခဲ့၏။

သို့သော် ယခု ဖထီချစ်ထွန်း သေရသည်မှာ သူ့နောက်လိုက်လာသောမြွေကောင် ကိုက်ခံရ၍များလေလား။ သို့ဆိုပါလျှင် မိန်းမပျိုလေးကော တကယ်ရှိသည်လား။

ဖထီချစ်ထွန်း မြွေကိုက်ခံရချိန်တွင် မိန်းမပျို အနားတွင် ရှိလေသည်များလား။ သို့ ကျွန်တော်က တွေးမိလေသည့်အတိုင်း လင်းမြင့်လှိုင်ကို ပြောပြလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး ခေါင်းကို ညင်သာစွာခါယမ်းလိုက်ကာ…

"ကိုပိုက်… ဖထီချစ်ထွန်းက ဒါကို ယုံကြည်နေပုံပဲ၊ သည်နားတစ်ဝိုက်မယ် ကြည့်ပြီးပါပြီ၊ မိန်းကလေးတစ်ယောက်ရဲ့ ခြေရာမပြောနဲ့၊ ဘယ်သူ့ခြေရာမှ မရှိဘူး၊ ဖထီကိုကိုက်တဲ့ မြွေကောင် တွားသွားတဲ့သဏ္ဍာန်ပဲ ရှိတယ်၊ ဒီတော့ ကျွန်တော်တို့ ဒီမြွေကောင်ကို ရှာမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ကျွန်တော်တို့သည် ဖထီချစ်ထွန်းကို သတ်သွားသည့် မြွေကောင်နောက် လိုက်ခဲ့ကြချေတော့သည်။

မြွေကောင်ခြေရာခံလိုက်ခဲ့ရသည်မှာ လွယ်သည်တော့ဖြင့် မဟုတ်ချေ။ မြွေကောင်၏ ရှပ်တိုက်သွားလာ စွပ်ကြောင်းသည် မြေသားပေါ်တွင် တွေ့ရသည်မဟုတ်ချေ။ အစိုဓာတ်ရှိသောမြေနှင့် မြေသားပျော့ပျော့နေရာများတွင်သာ မြွေကောင်၏စွပ်ကြောင်းရာကို တွေ့ရလေခြင်းဖြစ်ချေတော့၏။ မြေမာပေါ်ဆိုတော့ ဂဝံမြေသားပေါ်ကို ဆိုလိုခြင်းဖြစ်တော့၏။ သို့ပေမင့်လို့ လင်းမြင့်လှိုင်က ဂဝံမြေသားမာဖြစ်သော်လည်း ၄င်းနေရာတွင် စွပ်ကြောင်းရာကို မဖြစ်မနေရအောင်ရှာဖွေတတ်ချေ၏။

သို့ဆိုသလို ကျွန်တော်တို့သည် မြွေကောင်နောက် ထက်ကြပ်မကွာ လိုက်လာနိုင်ခြင်းဟု ဆိုရချိမ့်မည်။

သို့မှသည် ကျွန်တော်တို့သည် ရေအိုင်စပ်လေးနားသို့ ရောက်ခဲ့ကြသည်တွင်မတော့...

'ဟာ...'

'ဟင်...'

အလိုလေးဗျာ... မြွေကောင်ပါကလား၊ ကျွန်တော်တို့နောက်ယောင်ခံလိုက်နေသောမြွေကောင် ဖြစ်ချိမ့်မည်။

လင်းမြင့်လှိုင်က ထိုမြွေကောင် ပတ်ရစ်ခွေနေသည်ကို ကြည့်ကာ သူ၏သေနတ်ပြောင်းထိုးကာ ကော်လိုက်ချေတော့၏။

'သည်မြွေကောင် သေနေပါကောလား'

'နို့ဆိုတော့ ဖထီချစ်ထွန်းကို ကိုက်လိုက်တဲ့အကောင် သေချာတာပေါ့ဗျာ၊ ပြောရလျှင်ဖြင့် မြွေကောင်တွေပေလည်း လူကောင်ကို အကြောက်သားကလား၊ တော်ရုံတန်ရုံတော့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မကိုက်ကြဘူးလေ၊ ဘာလို့လဲဆိုတော့ လူမှာလည်း အဆိပ်ရှိသာ်း ကလား'

'ဟုတ်တယ် ကိုပိုက်ရဲ့၊ မြွေကောင်က လူကိုကိုက်လိုက်ပြီဟော့ဆိုလျှင် လူကောင်ရဲ့ သွေးအဆိပ်ကလည်း သူတို့ဝမ်းထဲဝင်သွားတယ်လေ၊ နို့ကြောင့် မြွေကောင်တွေက လူကိုကိုက်လိုက်ပြီဆိုလျှင် လူတွေနဲ့ဝေးဝေး မပြေးနိုင်တာပေါ့'

'ဟာ… ကိုလင်း၊ မြွေကောင်ရဲ့လည်ကုပ်ကို ကြည့်စမ်းဗျာ၊ ဘယ်လိုဖြစ်တာလဲ'-

ကျွန်တော်က ထိုမြွေကောင်၏ လည်ကုပ်တွင်ရှိ အနာကို ပြ၍ပြောလိုက်၏။

'ဟာ… ဟုတ်ပြီ၊ သိပြီ၊ သည်မြွေကို ကျွန်တော် သိပြီ'

လင်းမြင့်လှိုင်က သို့ ရုတ်တရက်ပြောလာသဖြင့် နားမလည်နိုင်အောင် ဖြစ်ရချေတော့သဖြင့် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်မိလေ၏။ ပြီးမှ…

'ရှင်းအောင်ပြောပါလား ကိုလင်း'

သို့ဆိုတော့ လင်းမြင့်လှိုင်သည် မြွေကောင်သေကို လက်ဖြင့်ကောက်ကိုင်လိုက်ချေပြီး ထိုမြွေကောင်၏လည်ကုပ်မှ အနာကို ကျွန်တော့်အား ထိုးပြလာချေပြီး…

'သည်ဒဏ်ရာ ဘယ်လိုရတာလဲ သိလား'

'ဟင့်အင်း'

ကျွန်တော် ဘယ်သိပါ့မလဲ။ သို့ကြောင့် ခေါင်းခါယမ်းပြောလိုက်၏။

'ကိုပိုက် ဓားမြှောင်စိုက်ဝင်ခဲ့တဲ့ဒဏ်ရာပေါ့'

'ဗျာ…'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ...'

ကျွန်တော်နှင့် စောတာပုသည် လွှန်မင်းစွာ အံ့အားသင့်သွားကြတော့၏။ လင်းမြင့်လှိုင်ကိုလည်း စေ့စေ့ကြည့် သူဆက်ပြောလာမည့်စကားကို စောင့်မျှော်နေလိုက်တော့၏။

'သည်မြွေကောင် ဒဏ်ရာက ကိုပိုက် ဓားမြှောင်နဲ့ပစ်လိုက်လို့ ရသွားတဲ့ဒဏ်ရာပဲ၊ နို့ဆိုတော့ ကိုပိုက် ဓားမြှောင် တစ်နေရာရာမှာ ကျန်ရစ်ခဲ့ပြီပေါ့ဗျာ'

သို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်၏ ဓားမြှောင်လေးကို သတိရမိသေးတော့၏။

သို့မှ ကျွန်တော်တို့သည် မြွေကောင်ကို တွေ့လိုက်ပြီဖြစ်၍ ဖထီချစ်ထွန်းအလောင်းရှိရာသို့ သွားလိုက်ကြတော့၏။

ဖထီချစ်ထွန်း၏ အလောင်းကို ကျွန်တော်တို့ ကျကျနန မြေတွင်မြှုပ်နှံပေးလိုက်ကြချေတော့၏။

'ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ'

'ဘာလုပ်ရမှာတုံး၊ မျောက်ချေးခါးတွေ ထပ်လုပ်ဖို့သွားရဦးမှာပေါ့'

သို့ဆိုတော့လည်း အဟုတ်သားကလား။ ကျွန်တော်တို့ မျောက်ချေးခါးသည် နည်းလွန်းလှသေးသည်ဟု ပြောရချိမ့်မည်။

'သည်နေရာမှာတော့ မျောက်ညိုကြီးတွေ ပေါတာပဲ၊ ခပ်များများလုပ်ကြချေပေါ့'

သို့ စောတာပု ပြောလာသဖြင့် ကျွန်တော်တို့သည် စခန်းတွင်ပင် သုံး၊ လေးရက်မျှ နေကြပြီးနောက် မျောက်ကောင်များကို ထပ်မံပစ်၍ မျောက်ချေးခါးများ လုပ်ကြသည်။ အသားတို့တော့မူ အနီးဝန်းကျင်ရှိ သစ်ခုတ် ဝါးခုတ်သမားများကို ပေးလိုက်ကြချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တောင်မှ မျောက်သားများသည် ထပ်မံပိုနိုင်သည်ဖြစ်၍ ကျွန်တော်တို့က အခြောက်လှန်းစားရန်ပင် စဉ်းစားလိုက်ကြပြီး ဖြစ်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် စခန်းတွင်ပင် နားနေလိုက်ကြတော့၏။

ဖထီချစ်ထွန်းအတွက် စိတ်မကောင်းဖြစ်ကြရ၏။ သို့ပေမင့် ဖထီချစ်ထွန်းကိုသိသော ဝါးခုတ်သမားများကိုတော့မှ သူ့မိန်းမကို အကြောင်းကြားအမှာစကား ပြောလိုက်ကြလေတော့၏။

ထိုညနေတွင် ကျွန်တော်တို့သည် ရေမိုးချိုးပြီးနောက် မျောက်သားကင်ကို အမြည်းလုပ် ဝီစကီသောက်လိုက်ကြချေ၏။

စောတာပုသည် ချောင်းဘက်သွားသော ငါးရှာဖားရှာလေတော့၏။

မှောင်စပျိုးတွင် စောတာပု ပြန်ရောက်လာချေ၏။ ငါးများကို သီတံလုပ်ယူလာချေ၏။

ကျောက်ငါးခူကြီးများ ဖြစ်ချေ၏။ မိုက်ခွဲ အူထုတ် တံစို့ထိုးမီးကင်လိုက်ပြန်၏။

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် မျောက်ကင်ဖြင့် အမြည်းလုပ်နေရာမှ စောတာပု၏ ငါးကင်ကျက်သည်တွင် အမြည်းပြောင်းလိုက်ကြချေတော့၏။

ငါးခူဆိုလေတော့ ရှုလေသည်ပေါ့။

သို့ ကျွန်တော်နှင့် လင်းမြင့်လှိုင် ဝီစကီသောက် စကားစမြည်ပြောနေကြစဉ် စောတာပုက ထင်းမီးပုံဘေးတွင် တစ်ယောက်တည်းထိုင်နေချေပြီး သူ၏ဒူးလေးကို ပြုပြင်နေလေ၏။

သို့မှ…

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟိုမယ်… ဟိုမယ်…'

စောတာပုက ရုတ်ခြည်း ထိုင်ရာမှထကာ တောစပ်ဘက်သို့ လက်ညှိုးညွှန်ပြ အရေးတကြီးပြောလာသဖြင့် ကျွန်တော်တို့နှစ်ယောက် ပြန်လှည့်ကြည့်လိုက်ကြချေတော့သည်တွင်…

'ဝှစ်…'

'ဟာ… ဖထီ မပစ်နဲ့၊ မပစ်နဲ့'

'ဟာ… နာနာဘာဝကောင်ပဲကွ၊ ပစ်ရမှာပေါ့၊ ဘာလဲ မင်းတို့က ဖထီ အသက်ရှင်နေသေးတယ် ထင်လို့လား'

ဘုရားရေ… စောတာပု ဘာများမြင်၍ ဘာတွေပြောနေခြင်းပါလိမ့်။ သူလှည့်ကြည့်ပြောလေသည့်ဘက် ကျွန်တော်တို့ကြည့်လိုက်သည်တွင်မတော့ မိန်းမပျိုတစ်ယောက်ကို မြင်လိုက်လေခြင်း ဖြစ်ချိမ့်မည်။ သို့ပေမင့် စောတာပုက သို့ဆိုသလို ထိုမိန်းမပျိုကို သူ၏ဒူးလေးဖြင့် ပစ်လိုက်လေသဖြင့် ကျွန်တော်က အံ့အားသင့်စွာ သို့ပြောလိုက်လေခြင်းဖြစ်၏။

သို့တောင်မှ…

'ဆရာပိုက်ရယ်… ဖထီချစ်ထွန်း အပမှီတာမဟုတ်လောက်ပါဘူး၊ တကယ်သေဆုံးသွားလို့ ခု ကိုယ်ယောင်လာပြသွားတာ၊ နို့ကြောင့် ငါပစ်လိုက်တာ'

ဘုရားရေ… ကျွန်တော် နားလည်လိုက်ချေပြီဖြစ်တော့၏။

ဖထီချစ်ထွန်းရယ်လို့ အမျိုးသမီးကို စောတာပုက မြင်ယောင်ပြောဆိုနေခြင်းပါကလား။

မည်သို့ဆိုစေ စောတာပုပစ်ချက်သည် အမျိုးသမီးကို မှန်သွားသည်လား၊ လွဲချော်သွားသည်လား မသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကတော့ ပြေးထွက်သွားချေ၏။

'ငါတော့ သူ့ကို အလွတ်မပေးဘူး'

စောတာပုက သို့ပြောပြီး အမျိုးသမီး ထွက်ပြေးသွားရာဘက်သို့ ပြေးလိုက်သွားချေတော့သဖြင့် ကျွန်တော်သည်လည်း နောက်မှ ထက်ကြပ်မကွာပြေးလိုက်သွားရချေတော့၏။

'ဘာဖြစ်ကြတာတုံး၊ ဘာဖြစ်တာတုံး'

လင်းမြင့်လှိုင်က ဖြစ်ရပ်မှန်ကို မမြင်လိုက်ရသည်ကြောင့် သို့ပြောလာလေခြင်းဖြစ်ချေ၏။

သို့ပေမင့်လို့ ကျွန်တော်တို့နောက် ပြေးလိုက်ပါခဲ့ချေတော့၏။

သို့မှ ကျွန်တော်တို့သည် အမျိုးသမီးကို စတွေ့သည့်နေရာသို့ ရောက်လာကြချေ၏။

ထိုနေရာတွင် ချုံပုတ်ပင်တို့ ရှုပ်ထွေးလှချေ၏။ ဝါးပင်လေးများလည်း အစီအရီပေါက်နေချေတော့၏။

စောတာပုသည် မိန်းမပျိုကို ထိုနေရာတွင် လှည့်ပတ်ရှာနေချေတော့၏။

'သည်မယ်လေဗျာ၊ ဘာပါလိမ့်'

လင်းမြင့်လှိုင်က ချုံပုတ်ပင်တစ်ခုတွင်ရှိသည့် သွေးစက်တို့ကို ပြချေ၏။

'နို့ဖြင့် ဖထီပစ်လိုက်တာ အမျိုးသမီးကို မှန်သွားပုံပဲ'

'ဗျာ... ဘာ... ဘယ်လို... ကိုပိုက် ကျွန်တော့်ကို ရှင်းအောင်ပြောချေပါ'

လင်းမြင့်လှိုင်က မေးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောတာပုကတော့မူ ကျွန်တော့်ကို မယုံကြည်နိုင်သော
ဟန်ဖြင့် ကြည့်နေချေပြီး…

'ဟာ… ဆရာလေးပိုက်ကလည်း ဘယ်ကအမျိုးသမီး
ရမှာတုံး၊ ငါပစ်လိုက်တာ ဖထီချစ်ထွန်းပါ'

'ဗျာ… ကျွန်တော်တော့ ဘာမှနားမလည်တော့ပါဘူး'

လင်းမြင့်လှိုင်တစ်ယောက် သို့ဖြစ်သွားချေသဖြင့် ကျွန်တော်
က အကြောင်းစုံကို ရှင်းပြလိုက်ရပြန်၏။

'ဖထီက အမျိုးသမီးကို မြင်လိုက်တာမှာ ဖထီချစ်ထွန်း
လို့ချည်း မြင်နေတာဖြစ်မယ်၊ ကျွန်တော့်အထင်တော့ အမျိုးသမီး
တစ်ယောက်ပါဗျာ'

'ကိုပိုက်နဲ့ ဖထီ အမြင်ရှင်းသွားအောင် သည်သွေးစက်
ခြေရာခံပြီးရှာလျှင် အဖြေပေါ်မပေါ့ဗျာ'

လင်းမြင့်လှိုင် ပြောသည်လည်း အလွယ်သားကလား
သို့ကြောင့် ကျွန်တော်တို့သည် သွေးစက်ခြေရာကောက် လိုက်ခဲ့
ကြတော့၏။

ထိုနေရာနှင့် မဝေးလောက်သောနေရာလောက်တွင်…

'ဟာ… သည်မယ် တွေ့ပြီ၊ တွေ့ပြီ'

ကျွန်တော်က ဝမ်းသာအားရ ပြောလိုက်၏။ အော်လိုက်
၏။ ပြီးတော့ ဒဏ်ရာရပြီးလဲပြိုနေသော မျောက်ကောင်ကို ညွှန်ပြ
လိုက်သဖြင့် ခပ်လှမ်းလှမ်းတွင်ရှိနေသော လင်းမြင့်လှိုင်နှင့် စော
တာပုတို့ ရောက်လာကြ၏။

'ဟာ… မျောက်ကောင်ပေပဲဗျ'

ငါပစ်လိုက်တာ ဘယ်လိုဖြစ်လို့ မျောက်ဖြစ်သွားရတာပါ
လိမ့်။

www.burmeseclassic.com

www.burmeseclassic.com



စောတာပုသည် မြားတန်းလန်းဖြင့် သေဆုံးနေသော မျောက်ကောင်ကို တွေ့သည်တွင် သို့ လင်းမြင့်လှိုင်ပြောသလို စောတာပုလည်း ပြောလာလေတော့၏။ ကျွန်တော်သည်ပင် အသေအချာ တွေ့မြင်လိုက်သည်မှာ အမျိုးသမီးတစ်ယောက်။ ခုတော့ ဘယ်လိုလုပ် မျောက်ကောင်ဖြစ်နေပါလိမ့်။

ကျွန်တော်နှင့် စောတာပု မျောက်ကောင်ကို သေသေချာ ချာကြည့်နေတော့၏။

လင်းမြင့်လှိုင်က ထိုမျောက်သေကိုကြည့်ပြီး စဉ်းစားနေ ပုံပင်။

'ဘယ်လိုထင်လဲ'

သို့ကြောင့် ကျွန်တော်က သို့မေးလိုက်ခြင်းဖြစ်တော့၏။

လင်းမြင့်လှိုင်က မျောက်ကောင်တွင် စိုက်ဝင်နေသည့် မြားတံကို ဆွဲနုတ်လိုက်ချေပြီး စေ့စေ့ကြည့်လိုက်ချေပြီး...

'ဟား... ဟား... ဟား... ဟား... အတော်လည်တဲ့ သူပေပဲဗျ'

သို့ပြောလာသဖြင့် ကျွန်တော်က လင်းမြင့်လှိုင်ကို နား မလည်နိုင်စွာ ကြည့်လိုက်ချေပြီး...

'ကိုလင်း ဘာဖြစ်လို့လဲ၊ ဘာမြင်လိုက်လို့လဲ' လို့ မေး လိုက်လေသည်။

'ဘာဖြစ်ရမှာလဲ၊ သူပစ်လိုက်တဲ့မြားတံက မျောက်ကောင် ကိုစိုက်ဝင်တာ မဟုတ်ဘူး'

'ဗျာ...'

'ဘယ်လို...'

'ရှင်းအောင်ပြောပါလား'

www.burmeseclassic.com

www.burmeseclassic.com



'သည်မျောက်က နဂိုကတည်းက သေနေတာလေ၊ မြားတံက သေပြီး မျောက်ကိုထိုးစိုက်ထားတာ'

'နားမလည်ဘူး'

'သည်လို ကိုပိုက်ရဲ့၊ ကိုပိုက်တို့ မြင်လိုက်တဲ့လူကို ဖထီပဲဖြစ်ဖြစ် မိန်းမပျိုပဲဖြစ်ဖြစ်ဗျာ၊ မြားတံနဲ့ပစ်လိုက်တယ်၊ သူပြေးထွက်သွားတော့ ကိုပိုက်တို့က ပြေးလိုက်ကြတယ်'

'ဖထီက စိတ်ထင်လို့ဖြစ်မယ်၊ ကိုပိုက်က မိန်းမပျိုကို မြင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူက သူ့မယ် မြားတံစိုက်ဝင်သွားတာဖြစ်ပေမင့် သေလောက်တဲ့ဒဏ်ရာ မဖြစ်နိုင်ဘူး၊ သည်တော့ သူ့ကိုစိုက်နေတဲ့မြားတံကို ပြန်နုတ်ပြီး မျောက်ကောင်သေကို ထိုးစိုက်ခဲ့ပြီး ကိုပိုက်တို့ကို မျက်စိလှည့်သွားတာပေပဲဗျ၊ အတော်လေးလည်သားကလား'

သို့ဆိုတော့မှ ကျွန်တော်တို့ သဘောပေါက်လိုက်လေ၏။ သို့ပေမင့်...

'နို့ဖြင့် မျောက်ကောင်က'

'အလိုလေးဗျ... မျောက်ကောင်က သူ့နဂိုကတည်းက သေနေတာဖြစ်မပေါ့'

သို့လည်း ဖြစ်နိုင်ပေသည်ပဲ။

'ကဲ... ဘာမှမစဉ်းစားကြနဲ့တော့၊ ကျွန်တော်တော့ သူ့ကို စိတ်ဝင်စားတယ်၊ သည်တော့ ကိုပိုက်တို့ လိုက်ခဲ့ချေ၊ သူ့ကို နောက်ယောင်ခံလိုက်တယ်ဗျာ၊ နို့မှ ကိုပိုက်မြင်တဲ့ အမျိုးသမီးလား ဖထီချစ်ထွန်းလားဆိုတာ သိရမပေါ့'

'ကောင်းတယ်၊ ကောင်းတယ်'

သို့မှ လင်းမြင့်လှိုင် ဦးဆောင်မှုဖြင့် ကျွန်တော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်စားသွားသော ဒဏ်ရာရသွားသူနောက် ခြေရာခံလိုက်ခဲ့ကြ ပြန်တော့၏။

သို့မှ ကျွန်တော်တို့သည် မြေပြန့်လမ်းကြောင်းလေးတစ်ခုသို့ ရောက်လာကြတော့၏။ ကျွန်တော်တို့လာခဲ့သည့် ခရီးလမ်း မနီးချေပြီဖြစ်သည်ကြောင့်...

'ကိုလင်းရယ် စခန်းပဲပြန်ကြတာပေါ့၊ ဟိုမယ် ကျွန်တော်တို့ လုပ်ထားတဲ့ မျောက်ချေးခါးတွေရှိသေးတယ်လေ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ဟုတ်တယ်ကွ၊ သည်ကောင် ဘယ်လောက်ဝေးဝေး ရောက်ပြီမှ မသိတာ၊ စခန်းပြန်ကြတာပဲ ကောင်းပါတယ်'

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော်တို့နှစ်ယောက်၏ သဘောထားကို လက်ခံလိုက်သည်ဆိုပေမင့်...

'နောက်နေ့ကျ ကျွန်တော် သည်ကိစ္စကို ရှင်းအောင် ဖြေရှင်းပြချင်တယ်'

လို့ ပြောလာလေတော့၏။

သို့မှ ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်ခဲ့ကြတော့၏။

သို့တောင်မှ ကျွန်တော်တို့သည် စခန်းကို ပြန်လမ်းမနည်း ရှာခဲ့ရချေ၏။

သို့ပေမင့်လည်း အချိန်လွန်သွားသည်ကလွဲ၍ စခန်းသို့ ပြန်ရောက်ခဲ့ကြတော့၏။

ဘုရားရေ... ကျွန်တော်တို့ စခန်းပြန်ရောက်ခဲ့ကြသည့်တွင်မတော့ စခန်းတွင်ရှိ ကျွန်တော်တို့ပစ္စည်းများ ဖရိုဖရဲဖြစ်နေချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'မျောက်ကောင်တွေ လုပ်သွားလား မသိဘူး'

စောတာပုက ပြော၏။

'တောဆင်ရိုင်းကောင်တွေ ဝင်မွှေသွားလား မသိဘူး'

ကျွန်တော်က ပြောလိုက်၏။

'တောဆင်လည်း မဟုတ်၊ မျောက်ကောင်လည်း မဟုတ်၊ လူတစ်ယောက်ပေပဲဗျ'

'ဟင်…'

'ဟာ…'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေတော့၏။

'သည်မယ် လူခြေရာတွေ'

ဟုတ်ပါ့။ ကျွန်တော်တို့နှစ်ယောက်က အမှတ်တမဲ့ကြည့်နေကြ၍ ခြေရာများကို မမြင်ခြင်းဖြစ်ချေ၏။

ခြေရာများဆိုပေမင့် ကျွန်တော့်အထင် လူနှစ်ယောက်ဖြစ်ချိမ့်မည်။

သို့ကြောင့်…

'လူနှစ်ယောက်ဖြစ်မယ်'ပြောလိုက်၏။

'ဟုတ်တယ် ကိုပိုက်'

'သည်ဝန်းကျင်ရှိတဲ့ သစ်ခုတ်ဝါးခုတ်သမားတွေက သစ္စာမရှိပါကလား'

စောတာပုက အပြစ်ဖွဲ့ပြောလေ၏။

'နို့တော့ မဟုတ်ဘူးကွ၊ မင်းတို့က ငါတို့ ဝါးခုတ်သမားတွေကို မစော်ကားးပါနဲ့'

အလိုလေးဗျာ… သို့အသံနှင့်အတူ သစ်ခုတ်သမားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် စခန်းနောက်ဘက်မှ ကျွန်တော်တို့ထံ ရောက်လာလေတော့၏။

"နို့ဖြင့် ခင်ဗျားမြင်တာ ဘယ်သူတွေလဲ"

ကျွန်တော်က ထိုသူ့ကို ပြောလိုက်၏။

"ငါ မမြင်ဘူး၊ ငါတို့စခန်းမှာလည်း အဲလိုမကြာခဏ ဖြစ်ဖူးတယ်"

"ဟင်..."

"ဘာ..."

"ဗျာ..."

"နို့ဆိုတော့ ငါပြောမိတာ တောင်းပန်ပါတယ်"

စောတာပုက ထိုသူကို တောင်းပန်စကားဆိုလိုက်ချေတော့၏။

"ဟိုတောင်ကြောပေါ်က ဝါးခုတ်ကွက်ထဲမှာ ငါနေတာ၊ မင်းတို့ သည်နေရာက အသံဗလံဆူဆူညံညံကြားလို့ ငါလာခဲ့တာ"

"ခင်ဗျား ရောက်လာတော့ သူတို့ကို မမြင်မိဘူးလား"

"ငါ မင်းတို့ရှေ့လေးတင် ရောက်လာတာ မင်းတို့ ပြန်လာတာတွေ့လို့ စောင့်နေတာ၊ ကဲ... ကဲ.... ငါပြောတာ ယုံချင်ယုံ၊ မယုံချင်နေလေ၊ ငါ သွားခုတ်ဦးမယ်"

ထိုလူကြီးက သို့ပြောပြီး လှည့်ထွက်သွားတော့၏။

"ဖထီရယ်... အားနာစရာကြီးဗျာနော်"

ကျွန်တော်က စောတာပုကို သို့ပြောမိခြင်းကြောင့် ထိုသူ့အပေါ် အားနာ၍ပြောလိုက်ခြင်းဖြစ်၏။

"မဟုတ်ပေဘူးဗျ၊ လုံးဝမဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် စေ့စေ့ကြည့်မိပြန်တော့၏။

'သည်စခန်းက အသံတွေကြားလို့ လာတယ်ဆိုလျှင်ဖြင့် ဘယ်လိုမှ သူတစ်ယောက်တည်းမဖြစ်နိုင်ဘူး၊ အနည်းလေး သုံးလေးယောက်တော့ လာရမပေါ့၊ ခုတော့ သူတစ်ယောက်တည်း၊ စိတ်ဝင်တစားရောက်လာပြောတာကို ကျွန်တော် မယုံဘူး၊ ပြီးတော့ ကြည့်လေ၊ သူတို့စခန်းမှာလည်း အဲလို မကြာခဏဖြစ်တတ်တော့ ဘာလို့ သိသိကြီးနဲ့ သူတစ်ယောက်တည်းလာရတာလဲ'

သို့လည်း ဖြစ်နိုင်တာကလားလို့ ကျွန်တော် တွက်လိုက်မိပြန်၏။

'အေးဗျာ… ကိုလင်း ပြောတာ ဖြစ်နိုင်တယ်၊ ကိုလင်း ဘယ်လိုလဲ ပြောစမ်းပါ'

'သည်လူကို မသင်္ကာဘူး'

'ဒို့ဆိုတော့'

'သူ့ကို ခြေရာခံလိုက်ကြမယ်'

လင်းမြင့်လှိုင်က ပြောပြောဆိုဆိုဖြင့် ထွက်သွားမည်အပြုတွင်…

'ကိုလင်း ကျွန်တော်လည်း လိုက်မယ်'

ကျွန်တော်က ပြောလိုက်၏။

'ကျွန်တော်ပဲ လိုက်သွားမယ်၊ ကိုပိုက်တို့ နေခဲ့ပါ၊ သည်မှာ ရှင်းလင်းထားပါ၊ မကြာပါဘူး ကျွန်တော် ပြန်လာခဲ့ပါ့မယ်၊ သည်လူ ဝေးဝေးမရောက်လောက်သေးပါဘူး'

သို့ဆိုလျက် လင်းမြင့်လှိုင် ထိုလူသွားရာလမ်း ထွက်သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



စောတာပုနှင့် ကျွန်တော်သည် ရှုပ်ပွနေသည်များကို ရှင်းလိုက်လိုက်ကြတော့သည်။

အံ့ဖွယ်ကောင်းသည်မှာ ပစ္စည်းများ ဖရိုဖရဲဖြစ်ခြင်းသာ ရှိချေ၏။

အပျောက်အရှတော့ဖြင့် လုံးဝမရှိပါချေ။

ကျွန်တော်တို့ ရှင်းပြီးချိန်တွင်တော့ နှစ်ယောက် နားနေလိုက်ကြပြီး လင်းမြင့်လှိုင် ပြန်အလာကို စောင့်မျှော်နေကြချေတော့သည်။

အတန်ကြာတွင် ရေးကြီးသုတ်ပျာဖြင့် လင်းမြင့်လှိုင် ပြန်ရောက်လာလေ၏။

'ဘယ်လိုလဲ'

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး…

'ရော့… ကိုပိုက်' ဆိုလျက် ကျွန်တော့်ထံသို့ တစ်စုံတစ်ရာ ပစ်ပေးလာသဖြင့် ကပျာကသီ ဖမ်းယူလိုက်၏။

'ဟင်…'

ကျွန်တော့်လက်ထဲရောက်လာသည့်ပစ္စည်းလေးကို မြင်လိုက်သည်နှင့် ကျွန်တော် အံ့အားသင့်သွားရချေတော့၏။

ကျွန်တော်သည် လက်ထဲတွင်ရှိ ဓားမြှောင်လေးကို တအံ့တသြကြည့်လိုက် လင်းမြင့်လှိုင်ကိုကြည့်လိုက်ဖြင့် ဝေခွဲမရဖြစ်နေချိန်တွင်…

'ကိုပိုက်ရယ်… တကယ်တော့ အဲဒီ ကိုပိုက်ဓားမြှောင်လေး ဘယ်လိုပြန်ရလာသလဲဆိုတော့…'

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် သစ်ခုတ်သမားပါဟု ပြောကာ ပြန်သွားနောက်ကို အလျင်အမြီလိုက်ခဲ့ပေမင့် လမ်းစပျောက်သွားချေတော့၏။

ခရီးလွန်လာချေပြီလည်း သိလိုက်၏။ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝိုက်ကြည့်လိုက်၏။ သစ်ပင်ကြီးများပတ်ပတ်လည်ဝိုင်းရံနေသည့်ပြင် ထိုသစ်ပင်ကြီးများအောက်ခြေတွင် ချုံပုတ်ပင်များရှိချေ၏။

ထိုအပင်တို့ နောက်ကွယ်တွင်ရှိသည်ထင်၍ လင်းမြင့်လှိုင်သည် သူ၏သေနတ်ဖြင့်ချိန်ကာ တိုးကပ်သွားလေ၏။

သို့မှ ချုံပုတ်ပင်တို့နောက်ကွယ်တွင်လည်း မည်သည့်မသင်္ကာစရာဟူ၍ မမြင်မတွေ့ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်သည် ထိုလူကြီးကို လုံးဝမျက်ခြည်ပြတ်သွားပြီး နောက်ကြောင်းပြန်လာခဲ့ချေတော့၏။

သို့မှ…

'ဝုစ်…'

'ဟာ…'

သူ့နောက်မှ လေတိုးသံကြားလိုက်သည်ကြောင့် လင်းမြင်လှိုင်သည် ကပျာကသီပင် ခေါင်းကိုငုံ့လိုက်ချေ၏။

'ဒုတ်…'

ဘုရား… ဘုရား… သူ့နောက်မှ လေကိုခွင်းရောက်လာသောအရာသည် တကယ်တော့ ဓားမြှောင်တစ်ချောင်းဖြစ်ချေတော့၏။ ထိုဓားမြှောင်သည် သူ့ရှေ့သစ်ပင်သို့ စိုက်ဝင်သွားချေတော့၏။

သို့ကြောင့် ကပျာကသီ နောက်လှည့်ကြည့်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



တွင်မတော့ ခပ်လှမ်းလှမ်း နောက်ဘက်မှ မိန်းမပျိုတစ်ယောက် ပြေးသွားသည်ကို တွေ့ရချေ၏။

လင်းမြင့်လှိုင်သည် သူမနောက် မလိုက်လေတော့ဘဲ သစ်ပင်တွင်စိုက်ဝင်နေသည့် ဓားမြှောင်ကို နုတ်ယူလိုက်ချေ၏။

ထိုဓားမြှောင်သည် ကိုပိုက်၏ဓားမြှောင်ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ကျွန်တော်သည် လင်းမြင့်လှိုင် ပြောပြလေသည်ကြောင့် သို့ သိရလေသည်။ လက်တွင်းရှိ ဓားမြှောင်ကိုလည်း စေ့စေ့ကြည့် နေလိုက်တော့၏။

'ကိုလင်း ဘယ်လိုထင်သလဲ'

သို့ မေးလိုက်ချေ၏။

'သူမက တစ်စုံတစ်ရာကို ပစ်လိုက်ကာ လွဲချော်ပြီး ကျွန်တော့်ဆီ ဝင်လာတာဖြစ်မပေါ့၊ ကျွန်တော် အရှောင်မြန်ပေလို့'

လင်းမြင့်လှိုင် ပြောသည် ဖြစ်နိုင်ပါ့မလား။

မည်သို့ပင်ဆိုစေ ဓားမြှောင်ကို ပြန်ရချေသည်ကြောင့် ထိုဓားမြှောင်ကို စေ့စေ့ကြည့်လိုက်မိချေတော့၏။

'ကိုလင်း လိုက်သွားတဲ့ လူကြီးကိုတော့ အစအနတောင် မတွေ့တော့ဘူးပေါ့'

'အင်း... ဘယ်လိုပြောရမလဲဗျာ၊ သည်မိန်းမပျိုက ဘယ်လိုကဘယ်လို ရောက်လာတာလဲ၊ ကျွန်တော်ပဲ မျက်စိအမြင် မှားလို့လား'

သို့ လင်းမြင့်လှိုင်က တွေးတွေးဆဆပြောလေတော့၏။

'ကျွန်တော်တို့တွေ့တဲ့ မိန်းမများဖြစ်နေမလား'

သည်တွင် စောတာပု အနားရောက်လာချေပြီး...

www.burmeseclassic.com

www.burmeseclassic.com



'သည်တောက ကြောက်ဖို့ကောင်းတယ်'

'ဘာလို့လဲ ဖထီရဲ့'

လင်းမြင့်လှိုင်က စောတာပုကို ကြည့်၍ ပြုံးစစမျက်နှာပေးဖြင့် မေးလိုက်တော့၏။

'နာနာဘာဝကောင်တွေပဲ ဖြစ်မပေါ့၊ မြင်မြင်နေရတာပြီးတော့ ပျောက်ပျောက်သွားတယ်၊ ဘယ်လိုမှခြေရာခံလိုက်လို့မရပေဘူးလေ'

'အဲလိုလည်း မဟုတ်ဘူးလေ ဖထီရဲ့၊ သည်ဓားမြောင်ကတော့ ဘာကြောင့် ခုလို ပြန်ရလိုက်တာလဲ၊ ဆိုပါစို့... အမျိုးသမီးက ပစ်လိုက်ပြီး ပြေးသွားတာကြောင့် ဓားမြောင်က အစစ်အမှန်ဆိုတော့ ကိုလင်း တွေ့လိုက်တယ်ဆိုတဲ့ အမျိုးသမီးကတကယ့်လူသားစစ်စစ် ဖြစ်မပေါ့ဗျာ'

သို့ ကျွန်တော်က ပြောလိုက်လေတော့၏။

'ကဲ... ကျွန်တော်တို့ ရေမိုးချိုးပြီး စားသောက်ကြတာပေါ့'

သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ချောင်းသို့ ရေချိုးထွက်ခဲ့ကြတော့၏။ ချောင်းတွင်း ရေချိုးလိုက်ကြပြီးနောက် စခန်းသို့ပြန်ရောက်သည်တွင်မတော့ စောတာပုက မျောက်သားကင်တို့ကို အပူပေးပြီးဖြစ်သလို ရေခွက်(ဝါး)တို့ကို အရံသင့်လုပ်ထားလေပြီဖြစ်တော့၏။

'တာပလူးအားကြီးလော် ဖထီ'

သို့ လင်းမြင့်လှိုင်က အများကြီးကျေးဇူးတင်တယ်လို့ ပြောလိုက်ကာ ပုလင်းပြားလေးကို ထုတ်ကာ ထိုရေခွက်များတွင် ထိုင်လိုက်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း လင်းမြင့်လှိုင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်တော့၏။

သို့မှ အမြည်းစား ဝီစကီသောက်လိုက်ကြချေသည်။

စောတာပုကတော့မူ မီးဖိုနားတွင် ဘာတွေစဉ်းစားနေသည် မသိပါချေ။

သို့မှ တစ်စတစ်စ မှောင်လာချေပြီဖြစ်၏။ စောတာပုက ထင်းမီးပုံကို မီးရှို့လိုက်ချေတော့၏။

'ကျလိ… ကျလိ… ကျလိ… ကျလိ…'

'ကျလိ… ကျလိ…'

အိပ်တန်းဝင်ငှက်တို့ စခန်းအနီး သစ်ပင်တို့ထက် ရောက်နေကြတော့၏။

သို့မှ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီတစ်ပြားကုန်သည်တွင်မတော့ စခန်းတဲပေါ်တက် အေးအေးလူလူ ခြေပစ်လက်ပစ် ထိုင်လိုက်ကြတော့၏။

စောတာပုသည် ပတ်ဝန်းကျင်ရှိ ထင်းခြောက်တို့ကိုယူ၍ ထင်းမီးပုံတွင်း ထပ်ထည့်လိုက်ချေလေ၏။

သည်တော့ မီးတောက်ကြီးဖြစ်လို့လာချေ၏။

'ကွစ်… ကွစ်… ကွစ်… ကွစ်…'

သို့မှ နောက်ဘက်ကြောမှ ထွက်လာသောအသံကြောင့် သုံးယောက်သား လှမ်းကဲကြည့်လိုက်ကြ၏။

အသံသာ ကြားရ၏။ ကောင်လုံးတော့ဖြင့် မတွေ့ရပါချေ။

'ဘာကောင်လဲ'

ကျွန်တော်က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သိပေဘူးဗျ၊ အသံကြားရတာ မျောက်ကောင်လည်း မဖြစ်နိုင်ဘူး၊ မျောက်ကောင်ဆိုလျှင်ဖြင့် သစ်ပင်ပေါ်ကလာတဲ့အသံ ဖြစ်ရမပေါ့၊ ခုကြားရတာက မြေပြင်က ဘာကောင်ပါလိမ့်'

လင်းမြင့်လှိုင်က သို့ပြောပြီး အပေါ်သို့ စူးစိုက်ကြည့်နေရာမှ...

'ကိုပိုက်... မီးထိုး၊ မီးထိုး'

သို့ကြောင့် ကျွန်တော်က ဓာတ်မီးဖြင့် အသံလာရာသို့ လှမ်းထိုးလိုက်ချေတော့၏။

'ဖလပ်... ဖလပ်... ဖလပ်...'

မီးရောင်ထွက်လာသည်နှင့် မြေဝပ်ငှက်ကောင်သည် သို့ဆိုသလို လန့်ဖျပ်ပျံသန်းသွားချေလေ၏။

'ကွစ်... ကွစ်... ကွစ်... ကွစ်...'

သို့အသံကြားရပြန်၏။ မြေဝပ်ငှက် ပျံသန်းသွားသည့် ချုံပုတ်ပင်နောက်ဘက်မှ လာသည့်အသံကြောင့်...

'ကိုပိုက် အဲဒီချုံပုတ်ပင်ကိုပဲ မီးထိုးထားချေ၊ မီးမမှိတ်လိုက်နဲ့ သိလား'

လင်းမြင့်လှိုင်က ပြောလည်းပြော သူ၏သေနတ်ဖြင့်လည်း ထိုးချိန်လိုက်၏။

'ငါထင်တာ ချုံပုတ်နောက်ကွယ်မှာ မျောက်ကောင်ပဲ ဖြစ်လိမ့်မယ်'

'သေချာသလား'

စောစောပု အပြောကို လင်းမြင့်လှိုင်က ပြောလိုက်ချေပြီး လက်တွင်းရှိ သေနတ်ကို မောင်းတင်လိုက်ချေ၏။

'ချောက်...'

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် ပစ်ပေရော့မည်။

ဘာကောင်ဖြစ်ဖြစ် အသေတော့ဖြင့် မြင်ရပေတော့မည်။

ကျွန်တော် စူးစူးစိုက်စိုက်ကြည့်လိုက်ချေ၏။

'ဒိန်း…'

လင်းမြင့်လှိုင်က ပစ်လိုက်ချေပြီဖြစ်၏။

'ကွစ်…'

သို့ အသံသာကြားရပြီး ငြိမ်သက်သွားသည်ကြောင့် လင်းမြင့်လှိုင် ပစ်လိုက်သော သတ္တဝါကောင်ကို ထိမှန်သွားပုံပင်။

'ကိုပိုက် သွားကြည့်ကြမယ်'

လင်းမြင့်လှိုင်က နောက်မှထလိုက်၏။ ကျွန်တော်က ဓာတ်မီးထိုးလျက် ထိုချုံပုတ်များ သွားလိုက်ချေ၏။

နှစ်ယောက်သား ချုံပုတ်နောက်ကွယ်သို့ ရောက်သွားကြ၏။

'ဟာ…'

'ဟင်…'

စောစောက ကျွန်တော်တို့ထင်သလို မျောက်ကောင် မဟုတ်။ တောဝက်ကောင်လေး ဖြစ်ချေတော့၏။

အကောင်သေးပေမင့် အစွယ်တော့ဖြင့် ကြီးသားကလား။

အစွယ်ကားကားနှင့် တောဝက်ကောင်ဖြစ်နေခြင်းဖြစ်ပေ၏။

'အခင်ပြေလိုက်တာကွာ၊ ငါတို့ မျောက်ကောင်ပဲစားနေရတာဆိုတော့ ဟုတ်သားကလား'

စောတာပုက သဘောကျနေချေတော့၏။ သည့်နောက် ထိုတောဝက်ကောင်ကို အသားဖျက်လိုက်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'အစွယ်ကားကား ယူထားလေမှ'

ကျွန်တော်က တောဝက်ကောင်၏အစွယ်ကို ပေါက်ဆိန်ဖြင့်ရိုက်ချိုးလိုက်ချေ၏။

'ဟာ… ကြည့်စမ်း၊ ဝက်ငယ်ဆိုပေမင့် ကင်းပိတ်ပါကလား'

ကျွန်တော် မထင်မှတ်လေဘဲ ဝက်စွယ်ကင်းပိတ်ကို ရလိုက်ပြီဖြစ်တော့၏။

သည်တွင် အိတ်ကပ်တွင်းမှ ကြွက်ဖြူရုပ်လေးကို ထုတ်ယူကြည့်လိုက်ပြန်၏။

သည်တော့ ကျွန်တော့်တွင် တောတောင်ထဲမှာပင် ထူးဆန်းသော ကြွက်ဖြူရုပ်လေးနှင့် ဝက်စွယ်ကင်းပိတ် မထင်မှတ်လေဘဲ ရလိုက်ခြင်းပါကလား။

သို့ဆိုတော့ ကျွန်တော်၏အိတ်ကပ်သည် တစ်ဖက်တစ်ချက်တွင် ဝက်စွယ်နှင့် ကြွက်ဖြူရုပ်လေးတို့ ရှိနေချေတော့၏။

လင်းမြင့်လှိုင်က ကျွန်တော့်အား ပြုံး၍ကြည့်နေချေ၏။

အတန်ကြာတွင် စောတာပုတစ်ယောက် ဝက်ကောင်ကို တံစို့ထိုးပြီးဖြစ်ချေတော့၏။

ဝက်ကောင် ခပ်သေးသေးဆိုတော့ အဆင်ပြေသေးတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စခန်းတဲပေါ်တွင် လဲလျောင်းလိုက်ကြချေ၏။

သို့မှ အိပ်ပျော်သွားလေ၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။ အိပ်နေရင်း အိပ်မက်အတွင်းမှ လန့်နိုးခဲ့ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏အိပ်မက် လင်းမြင့်လှိုင်ကို ပြောပြလိုက်ချေ၏။

'ဘယ်လို... ဘယ်လို... ပြန်ပြောပါဦး'

လင်းမြင့်လှိုင်က မရှင်းသဖြင့် သို့မေးလာလေသဖြင့်...

'ကျွန်တော့်အိပ်မက်ထဲမှာ ကြွက်ဖြူလေးက အိတ်ထဲက နေ ထွက်သွားပြီး တောထဲဝင်သွားတယ်ဗျ၊ ကျွန်တော်က လိုက်ဖမ်းတာမမိဘူးတဲ့၊ နို့ဆိုတော့ ကြွက်ဖြူရုပ်လေး ကျွန်တော်နဲ့မထိုက်လို့ပဲ မှတ်လိုက်တော့တယ်'

'ကျိ... ကျိ... ကျိ...'

အသံကြောင့် ကျွန်တော် ကြည့်လိုက်တာမှာ ကြွက်ဖြူလေး ပြန်ပြေးလာတယ်တဲ့။

'သူ့နောက်မှာ ကြွက်မည်းတွေ အများကြီးပါလာတယ်၊ ကျွန်တော် တွေ့တယ်ဗျ၊ နောက်တော့ ကြွက်အုပ်ကြီးက ကျွန်တော့်ဆီ တည့်တည့်မတ်မတ်လာနေတာ တွေ့တာကြောင့် လူကို အန္တရာယ်ပြုမှာကြောက်ပြီး ထွက်ပြေးခဲ့ရတယ်၊ အဲလိုပြေးရင်းနဲ့ ချောက်ထဲကျသွားပြန်သတဲ့။

'ချောက်ကြီးက နက်တော့ ချောက်ထဲကျတယ်ဆိုပေမင့် ခန္ဓာကိုယ်နဲ့ မြေကြီး အတော်နဲ့ကို မထိဘူးပဲ။ အပေါ်မှာ ဝဲနေတော့ တာကလား'

သည်တော့ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလာချေပြီး...

'ကိုပိုက် စိတ်စွဲပြီးမက်တာဖြစ်မပေါ့'

'ကဲ... ကဲ... ဖထီး၊ ကင်ထားတဲ့ဝက်ကောင်သွားစားရလောက်ရပြီဗျာ၊ ပူပူနွေးနွေးသွားစားကြစို့'

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် သို့ပြောရင်း မီးပုံနားသွားလေသဖြင့် ကျွန်တော်သည် နောက်မှ လိုက်သွားလေတော့၏။

တောဝက်ကောင်ကင်ကို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အနည်းငယ်စီ ဖွဲ့ယူစားလိုက်ကြပြီးနောက် လင်းမြင့်လှိုင်က 'ကိုပိုက် ခဏနေချေဦး' ဆိုလျက် စခန်းတဲရှိရာသို့ ပြန်သွားကာ ဝီစကီပုလင်းပြားကို ယူလာချေတော့၏။

'ဆရာလေးတို့က သောက်နိုင်ကြတာလား'

သို့ စောတာပုက ကျွန်တော့်အား ပြောလာချေပြီး သူ၏ ဒူးလေးကိုယူ၍ မီးပုံနံဘေးမှ ထွက်သွားသည်တွင်...

'ဖထီ မှောင်နေပြီလေ၊ ဘယ်သွားဦးမလို့လဲ၊ ကျွန်တော်တို့ စိတ်ပူအောင် မလုပ်ပါနဲ့ဗျာ'

သို့ ကျွန်တော်က စောတာပုကို ကြည့်ပြောလိုက်သည် ကြောင့် စောတာပုသည်...

'ငါ အလေးအပေါ့သွားမလို့ကွ၊ နို့ကြောင့် လိုရမည်ရ ဒူးလေးကို ယူသွားတာ၊ ဟိုရှေ့ချုံပုတ်နောက်ကွယ်မယ် သွားမှာပါ'

'ဓာတ်မီးယူသွားချေဦးလေ'

လင်းမြင့်လှိုင်က ပြောလည်းပြော လက်နှိပ်ဓာတ်မီးကို လည်း လှမ်းပေးလိုက်ချေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင် စားသောက်နေစဉ်တွင် စောတာပုတစ်ယောက် အခင်းသွားရင်း လမ်းတစ်လျှောက် ဓာတ်မီး ထိုး ထွက်သွားလေတော့၏။

'ဖထီတော့ ဝမ်းတော်လားနေပြီထင်ပါရဲ့'

ကျွန်တော်က ပြောလိုက်၏။

သို့မှ ကျွန်တော်တို့နှစ်ယောက်သည် ဝီစကီသောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဝီစကီတစ်ပြားကုန်သည်တွင် စခန်းတဲသို့ သွားနားရန်လုပ်ကြသည်တွင်...

'ဟာ... ကိုလင်း ဟိုမယ်ကြည့်စမ်း ဘာလဲဗျ'

သို့ ကျွန်တော်က ပြောလိုက်၏။ ဘယ့်တွက်မူ စောစောတာပု ထွက်သွားသည့်နေရာဘက်ဆီလေးမှ တောတိုးပြေးလွှားသံ ဆူဆူညံညံကြောင့် သို့ လှမ်းပြောလိုက်ရင်း ကျွန်တော်သည် ဘာရယ်သဲသဲကွဲကွဲ သိလိုသည်ကြောင့် စူးစိုက်မျှော်ကြည့်နေလိုက်ကော့၏။

'ကွိ... ကွိ... ကွိ... ကွိ... ကွိ...'

'ကွိ... ကွိ...'

သို့ တောတိုးပြေးလွှားသည်မှာ တောဝက်များ ဖြစ်ကြချေ၏။ ဘယ့်တွက် တောဝက်များ ညကြီးမင်းကြီး ရောက်လာကြပါလိမ့်။

အံ့ဖွယ်ကောင်းသေးတော့၏။

'တောဝက်အုပ်တွေ ဘာယ်လိုကြောင့် ညကြီးမင်းကြီး လာနေတာပါလိမ့်'

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော ထိုတောဝက်အုပ် ကျွန်တော်တို့ထံ ဦးတည်လာနေသည် ထင်လိုက်လေသဖြင့် သူ၏ သေနတ်ဖြင့် လမ်းကြောင်းပြောင်းသွားရန် ခြောက်လှန့်ပစ်ခတ်မည် အပြုတွင်...

'နေဦး ကိုလင်း၊ မလိုအပ်ဘူးထင်တယ်'

သို့ ကျွန်တော်က ပြောလည်းပြော၊ ဟန့်တားလို့လည်း ပြုလိုက်ချေသဖြင့် လင်းမြင့်လှိုင် တောဝက်အုပ်ထံ လှမ်းချိန်ထားသော သူ၏သေနတ်ကို မြေပြင်သို့ အသာချလိုက်ပြီး ဝက်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ကို နောက်မှ အသာလေးပဲ ဓားမြှောင်ဖြင့်ထိုးကော်ပြလိုက်ချေတော့၏။

'ဟာ... ဟိုမယ် သည်ကို တန်းတန်းမတ်မတ်လာနေတာ မဟုတ်ဘူးဗျ'

ထင်ထင်ရှားရှားမမြင်ရပေမင့် တောဝက်ကောင်အုပ်စုလိုက် ရှေ့ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့ထံ ပြေးလာသည်ဆိုပေမင့် တကယ်တမ်းကျတော့ ထိုတောဝက်ကောင်တို့သည် စခန်းနေရာရှေ့ ကိုက် ၁၀၀ လောက်မှနေ၍ ပန်းထွက်သွားကြချေတော့၏။

ကျွန်တော်သည် ထူးထူးခြားခြားမြင်မိလိုက်သော တောဝက်ကောင်တို့ကို အစစ်အမှန်တောဝက်ကောင်များဟု မထင်မိပါချေ။ တောခြောက်သည်ဟု ထင်လိုက်သည်ကြောင့် လင်းမြင့်လှိုင်က...

'ကျွန်တော် ခြောက်လှန့်ပစ်လိုက်မယ်' ဆိုလျက် သူ၏သေနတ်ဖြင့် ထိုဝက်အုပ် ပြေးသွားရာဘက် လှမ်းချိန်ပစ်လိုက်မည် အလုပ်တွင်...

'ဟာ... ကိုလင်း မလုပ်နဲ့ဦး၊ ဟိုမယ် လူတစ်ယောက် မဟုတ်လား'

ကျွန်တော့်အမြင်တွင် တောဝက်အုပ်နောက်မှ လူတစ်ယောက်ပါလာသည်ကို မြင်လိုက်ခြင်းကြောင့်ပင်။

'ဟာ... ဟုတ်တယ်ဗျ၊ သည်တောဝက်အုပ်ကို ထိန်းကျောင်းလိုက်လာနေတာပဲဗျ'

ထိုသူသည် ကျွန်တော့်စိတ်ထင် လင်းမြင့်လှိုင် ခြောက်ခြားလိုက်သွားသောလူကြီးဟု ထင်လိုက်၏။

သို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



'ကိုလင်း… သူကြည့်ရတာ မနေ့က တွေ့လိုက်တဲ့လူကြီး မဟုတ်လား'

'ကျွန်တော်တို့စခန်း ဘာဖြစ်လဲ လာကြည့်တဲ့လူကြီးလေ'

'ဟုတ်တယ်ဗျာ၊ နို့… နေပါဦး၊ ကျွန်တော် ပြောရလျှင် သည်နှားတစ်ဝိုက်မယ် အဲဒီလူကြီး နေတာဖြစ်မလား'

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သို့ပြောနေကြစဉ် စောတာပုက ရုတ်ခြည်းဆိုသလို ကျွန်တော်တို့ရှေ့ ရောက်လာလေတော့၏။

'ဘာတွေကြည့်နေကြတာတုံး'

သို့မေးလာသဖြင့် ကျွန်တော်က တောဝက်အုပ်နှင့် လူတစ်ယောက်တွေ့လိုက်သည့်ကိစ္စကို ပြောပြလိုက်ချေ၏။

သည်တွင် စောတာပုက…

'ဟုတ်တယ် ဆရာလေး၊ ကျွန်တော် အလေးအပေင်သွားနေတုန်း တောဝက်အုပ်သံဆူဆူညံညံ ကြားတယ်'

'နို့ဖြင့် တွေ့လိုက်လား၊ ကြည့်မိလား'

ကျွန်တော်က မေးလိုက်၏။

'မတွေ့မိဘူး၊ အသံပဲကြားရတာ၊ ဆရာလေးတို့ တွေ့လိုက်လား'

'ဟုတ်တယ်… တွေ့တယ်၊ တောဝက်အုပ်နောက်က လူကြီးလိုက်လာတာလည်း တွေ့တယ်'

'ဘာလို့ပါလိမ့်ကွာ၊ ညကြီးမင်းကြီး တောဝက်အုပ်နဲ့ လူကြီး ဘာဖြစ်လို့လဲ၊ သူတောတောင်ထဲ ညကြီးမင်းကြီး တောဝက်အုပ်ကို ထိန်းကျောင်းလာတာလည်း မဖြစ်နိုင်ပါဘူး'

သို့ စောတာပုက ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မနက်ကျ ကျွန်တော် သည်လူကြီးရှိတဲ့နေရာ တွေ့အောင်ကို လိုက်ရှာမယ်ဗျာ'

လင်းမြင့်လှိုင်က သို့ပြောပြီး စခန်းတဲပေါ်တက်သွားချေတော့၏။

စောတာပုသည် မီးပုံနံဘေးတွင် ဝက်ကောင်မီးကင်ကို ဓားဖြင့်ထိုးဖွဲ့စားနေချေ၏။ ကျွန်တော်သည် လင်းမြင့်လှိုင်နောက်လိုက်သွားကာ သူ့နံဘေးတွင် လှဲချလိုက်ချေတော့၏။

ဝီစကီလည်း သောက်၊ ဝက်ကောင်ကင်လည်း စား၊ ပြီးတော့ ညဦးနက်ချိန်လည်းဖြစ်သည်ကြောင့် မျက်လုံးများမှေးစင်းကာ အိပ်ပျော်သွားလေတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိချေ။ မိုးစင်စင်လင်းလေမှ အိပ်ရာမှ နိုးထလာရချေတော့၏။

'စောတာပုရော'

မီးပုံနံဘေးတွင် အဖန်ရည်သောက်နေသော လင်းမြင့်လှိုင်ကို မေးလိုက်၏။

'သူ မနေ့က ကိုင်းထောင်ထားတာကို သွားကြည့်တယ်'

'ကျွန်တော်တို့ ကနေ့ ဘာဆက်လုပ်မလဲ၊ မျောက်ပဲသွားပစ်ကြမလား'

လင်းမြင့်လှိုင်က ကျွန်တော့်ကို စေ့စေ့ကြည့်ကာ...

'ဖထီကိုလည်း သည်ကနေ့ သည်စခန်းက သွားကြမယ်' လို့ပြောလိုက်ပြီ။

'နို့ကြောင့် ဖထီစောတာပုက သုတ်ကိုင်းတွေ သွားစေတာ'

'ဟင်... နို့ဖြင့် ကိုလင်းက မျောက်ချေးခါတွေ မလုပ်တော့ဘူးပေါ့၊ ဘယ်လိုကြောင့်လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အံ့ဩတကြီးမေးလိုက်၏။

'ကျွန်တော် မိုးလင်းတော့ တောဝက်အုပ်ဖြတ်ပြေးသွားတဲ့ နေရာကို သွားကြည့်တယ်၊ တောဝက်ခြေရာတွေ တွေ့တယ်၊ ပြီး တော့ လူတစ်ယောက်ခြေရာလည်း တွေ့တယ်၊ နို့ဆိုတော့ မနေ့ည က ကျွန်တော်တို့တွေက တောခြောက်တာ လုံးဝမဖြစ်နိုင်ဘူးဗျ၊ တောဝက်အုပ်နဲ့ လူတစ်ယောက် ဖြတ်သွားတာကလား'

'နို့ဆိုတော့ ကျွန်တော် သိပြီ ကိုလင်း၊ အဲဒီလူကို ကနေ့ မတွေ့မနေ လိုက်သွားရှာမယ်လို့ပေါ့'

ကျွန်တော်က သို့ပြောလိုက်ချေ၏။

သည်တော့ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက် လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး...

'သိပ်ဟုတ်တာပေါ့ဗျာ၊ ကဲ... လာပါဗျာ၊ ဝက်သားစား အဖန်ရည်သောက် နားနေချေဦး၊ ဖထီ ရောက်လာလျှင်ဖြင့် ခရီး စထွက်ကြမယ်'

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်နား ထိုင်လိုက် ချေ၏။

ဝက်ကောင်ကင်ကို ယူစားလိုက်၏။ အဖန်ရည်သောက် လိုက်ချေ၏။

အတန်ကြာအချိန်တွင် စောတာပု ပြန်ရောက်လာချေ၏။ သူ့တွင် တောကြက်ကောင်နှင့် ရစ်တစ်ကောင်ပါလာလေ၏။

'ဆရာလင်း ခဏနေဦးကွ၊ ငါ သည်နှစ်ကောင်ကို အမွေး နုတ် အသားဖျက် တံစို့ထိုးလိုက်ချေဦးမယ်'

'ဟုတ်ပါပြီ၊ ကျွန်တော်တို့အတွက် လမ်းစားပေါ့တာ ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'နို့ဆိုတော့ ကျွန်တော်တို့ ကြက်ကောင်မီးကင်ပြီးလေမှ သည်ကနေ သွားကြတာပေါ့'

'ဟုတ်တယ် ကိုပိုက်၊ မထူးတော့ပါဘူး'

သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် စောစောက ကြက်ဖျက်နေသည်ကို ဝိုင်းကူလုပ်ပေးလိုက်သည်ကြောင့် မကြာလိုက်သောအချိန်တွင် ကြက်ကောင်လုံးတီး၊ ရစ်ကောင်လုံးတီးဖြစ်သွားချေ၏။ ဗိုက်ခွဲ အူထုတ် တံစို့ထိုးပြီး ဆားနယ် တံစို့ထိုးလိုက်ချေတော့၏။

သည့်နောက် မီးဖိုကာ ထင်းခြောက်များထိုးထည့်ကာ ထိုကြက်၊ ရစ်ကောင်တို့ကို မီးကင်လိုက်ချေ၏။

စောစောက ကြက်ကောင်၊ ရစ်ကောင် မီးကင်နေစဉ် ကျွန်တော်တို့သည် ပစ္စည်းများကို စစ်ဆေးသိမ်းဆည်းလိုက်ကြ၏။

'သည်မျှောက်သားကင်တွေ မလိုတော့ပါဘူး'

ကျွန်တော်က မျှောက်သားကင်အခြောက်တို့ကို လှမ်းပြရင်း ခပ်လှမ်းလှမ်းသို့ ပစ်လိုက်ချေတော့၏။

ပြီးနောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စကားစမြည်ပြောနေကြတော့၏။ သို့မှ . . .

'ကျွန်တော်တို့ တွေ့ခဲ့တဲ့ ကျစ်ဆံမြီးကြီးကြီးနဲ့ အမျိုးသမီးကလည်း လူသားစစ်စစ်ဖြစ်မယ်'

သို့ ကျွန်တော်က ပြောလိုက်၏။

'ဖြစ်နိုင်ပါတယ်၊ အရေးကြီးတာ ကျွန်တော်တို့ သည် လူကြီးကို ရှာတွေ့ဖို့ပဲလိုတယ်၊ နို့မှ စောချစ်ထွန်း ဘယ်ရောက်သွားတယ် သိနိုင်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုလင်းကလည်း စောချစ်ထွန်းက မြွေကိုက်လို့သေတာလေ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ရိုးရိုးသားသားတော့ဖြင့် မဟုတ်နိုင်လောက်ဘူးထင်တယ်ဗျ'

'ဗျာ… ဘယ်လို… ဘယ်လို…'

'နောက်တော့ ကိုပိုက် လိမ့်ပတ်လည် သိသွားပါလိမ့်မယ်၊ ခုတော့ သည်လိုပဲနေလိုက်ပါဦး'

သို့ဆိုတော့ ကျွန်တော် ဘာပြောရမည်နည်း။ လင်းမြင့်လှိုင်အကြောင်း ကျွန်တော်အသိဆုံးဖြစ်ချေ၏။

သူ ဘာပြောတာပါလိမ့်။ မသေချာမရေရာသေးသဖြင့် ပြောခြင်းမပြုသေးသည်ကို ကျွန်တော် သဘောပေါက်လိုက်ရချေတော့၏။

ကျွန်တော်သည် ယခုရက်အတွင်း ကြွက်ဖြူရုပ်တုရလိုက်၏။ ဝက်စွယ်ကင်းပိတ်တစ်စုံ ရလိုက်၏။

ပျောက်ဆုံးပြီဟု မှတ်လိုက်သည့် ဓားမြှောင်ကိုလည်း ပြန်ရလိုက်၏။ ပြီးတော့ ကျွန်တော်တို့ တောကြွက်အုပ်နှင့် ညက တွေ့လိုက်သည့် ဝက်အုပ်ကို မွေးမြူထားသည့် လူကြီးကိုလည်း တွေ့လိုက်ကြ၏။

စိတ်ဝင်စားဖို့ကောင်းသေးတော့၏။ သို့ကြောင့် လင်းမြင့်လှိုင်က ထိုလူကြီးကို မတွေ့မနေ ရှာခဲ့သည်ကို ကျွန်တော် မငြင်းနိုင်ကွက်ခြင်းဖြစ်တော့သည်။

လင်းမြင့်လှိုင်၏ ကြိုးပမ်းမှုကြောင့် ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



တောတခွင်တွင် ထူးဆန်းသောဖြစ်ရပ်များနှင့် ထပ်မံကြုံရပေဦးမည်ကို ကြိုသိနေတော့၏။

သို့မှ အတန်ကြာတွင် စောတာပုတစ်ယောက် ကြက်နှင့်ရစ်ကောင်ကင်ကို ငှက်ပျောရွက်များဖြင့် အကျအနထုပ်ပြီးနောက် သူ၏ကျောပိုးအိတ်အတွင်း ထည့်လိုက်ပြီးဖြစ်တော့၏။

'ပြီးပြီ'

သို့ပြောလေသဖြင့် လင်းမြင့်လှိုင်က နေရာမှ ထရပ်လိုက်ကာ 'သွားစို့'ဆိုလျက် ရှေ့မှဦးဆောင်သွားလေတော့၏။

ကျွန်တော်သည်လည်း မျောက်ချေးခါးတို့ကိုယူ၍ လင်းမြင့်လှိုင်နောက် လိုက်ခဲ့ချေတော့သည်။

လင်းမြင့်လှိုင်တစ်ယောက် နားနေရင်း လူကြီးခြေရာကို အတန်ကြာကြာကြည့်ခဲ့လေခြင်းဖြစ်တော့၏။

သို့မှ ကျွန်တော်တို့သည် တောအုပ်တွင်း ဖြတ်စီးဆင်းနေသည့် စမ်းချောင်းလေးတစ်ခုနား ရောက်ခဲ့ကြ၏။

စမ်းချောင်းလေးတွင် စောတာပုက ရေကို လက်ခုပ်ဖြင့်ခပ်ယူသောက်လိုက်ကြသလို မျက်နှာသစ် ခြေဆေး ကုပ်ပိုးကိုအသာဖျန်းလိုက်ကြ၏။

သို့ကြောင့်လားမသိ။ လန်းဆန်းသွားသည်တော့ အမှန်ပင်။

ထိုစမ်းချောင်းတွင် သစ်ပင်တို့ စိမ်းစိမ်းစိုစိုရှိချေ၏။ ပြီးတော့ ကျေးငှက်သာရကာတို့သည် သစ်ပင်တို့ထက် နားခိုပျံသန်းရင်း ကျလိ ကျလိ ကျလိ အော်မြည်နေကြချေ၏။ အငေးမှ ချေကောင်အော်သံကိုလည်း ကြားရ၏။ ဒေါင်းအိုးဝေအော်သံကိုလည်း ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာစရာကောင်းသည့် နေရာလေးကပင် ဖြစ်ချေ၏။ သို့မှ ကျွန်တော်တို့သည် ထွက်ခဲ့ကြပြန်၏။ ထိုနေရာတစ်ဝိုက်နှင့် ခပ်လှမ်းလှမ်းတွင် ပျဉ်းမရွက်ကြီးပင်ကို တွေ့လိုက်ကြ၏။ အပင်ကြီးများမဟုတ်။ ပင်ပျိုလေးများ ဖြစ်ချေ၏။

ပျဉ်းမရွက်ကြီးတောတွင်း ရောက်လာသည်တွင် လင်းမြင့်လှိုင်က ပျဉ်းမရွက်ကြီးတို့ကို စေ့စေ့ကြည့်လိုက်ချေပြီး…

'ကျွန်တော် သည်နေရာရောက်တော့ စိတ်ထဲက တစ်ခုခုခံစားရသလိုပဲဗျာ'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် စေ့စေ့ကြည့်လိုက်ချေပြီး…

'ကိုလင်း ဘာကိုဆိုလိုတာလဲ' လို့ မေးလိုက်ချေ၏။

'သည်အပင်တွေက သဘာဝပေါက်နေတာ မဖြစ်နိုင်ဘူး'

'ရှင်းအောင်ပြောပါလား ကိုလင်း'

'တစ်ဦးတစ်ယောက် နှမှမဟုတ် သူတစ်ဦးက စနစ်တကျစိုက်ပျိုးထားတာပေပဲဗျ'

'ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ'

'ကိုပိုက် အပင်တိုင်းကို သေသေချာချာကြည့်လေ၊ တစ်ပြိုင်တည်း တစ်ချိန်တည်းပေါက်နေသလိုပဲ မဟုတ်လား'

သို့ကြောင့် ကျွန်တော်သည် ပျဉ်းမရွက်ကြီးတို့ကို စေ့စေ့ကြည့်မိချေ၏။

ဘုရားရေ… ဟုတ်ပါ့။ ရွယ်တူအပင်များ ဖြစ်ကြ၏။ ပြီးတော့ ဖြစ်သလိုစိုက်ပျိုးထားခဲ့သည်ထင်ရပေမင့် အကွက်ချစိုက်ပျိုးထားပုံပင်။

'ဟုတ်တယ်၊ ဟုတ်တယ်'

www.burmeseclassic.com



'ဟုတ်ရမယ်လေ ကိုပိုက်၊ ပြီးတော့ ပြောရဦးမယ်'

'ဘာကိုလဲ ကိုလင်း'

'သည်အပင်တွေက ဝက်ပါများဖြစ်နေမလားလို့'

အလိုလေးဗျာ… ဟုတ်ပါ့၊ ဖြစ်နိုင်တာပေါ့။ ကျွန်တော်တို့ တောတောင်ထဲမယ် အဲဒီလိုဝက်ပါတောရှိသလို ငှက်ပျောတော ဝက်ပါတို့နှင့် မကြာခဏ ကြုံခဲ့ဖူးသည်ပဲ။ ခုလည်း သို့ဖြစ်နိုင်သည်ပဲ။

ကျွန်တော်တို့ ခြေရာခံလိုက်နေသော လူကြီးနှင့် ပတ်သက်နေသည့် ပျဉ်းမရွက်ကြီးဝက်ပါတော ဖြစ်ဖို့များပေ၏။

သို့စဉ်းစားမိသည်ကိုလည်း လင်းမြင့်လှိုင်ကို ပြောပြလိုက်၏။

'ကိုပိုက် စဉ်းစားတာ သိပ်မှန်နိုင်တာပေါ့၊ အဲ… တစ်ခုတော့ရှိတယ်၊ သည်ဝက်ပါလေးကို ကျွန်တော်တို့ ဖြတ်နိုင်လျှင်ဖြင့် ရှာနေတဲ့လူကြီးကို တွေ့ကို တွေ့ရလိမ့်မယ်ဗျ၊ ပြီးတော့ ကျစ်ဆံမြီးကြီးကြီးနဲ့ အမျိုးသမီးကိုလည်း တွေ့နိုင်ဖို့များတယ်'

'ဟုတ်ပြီလေ၊ နို့ဆိုတော့ ကျွန်တော်တို့ သည်ပျဉ်းမရွက်ကြီးပင်ဝက်ပါကို ဖြတ်ကြတာပေါ့'

ကျွန်တော်က စိတ်အားထက်သန်စွာ ပြောလိုက်ချေ၏။ သည်တွင် လင်းမြင့်လှိုင်က…

'မဖြစ်ပေဘူးဗျ'

'ဘာလို့လဲ'

'သည်နားမယ် ခဏနားကြပြီး အေးအေးလူလူဖြစ်ချိန်ကျမှ ဝက်ပါတောကို ဖြတ်ကြတာပေါ့'

'ဟုတ်ပြီလေ'

www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင် ပြောရေးသည့်အတိုင်း ကျွန်တော်တို့ ထိုနေရာလေးတွင် နားနေလိုက်ကြချေတော့သည်။

'ကိုပိုက်ရေ'ဆိုလျှက် လင်းမြင့်လှိုင်က ဓါတ်ကီပုလင်းပြား လေး ထုတ်ပေးလာချေ၏။

'ကျေးဇူး ကိုလင်း'

သို့ဆိုလျှက် ကျွန်တော်သည် ဓါတ်ကီပုလင်းအဖုံးကိုဖွင့် လိုက်ကာ တစ်ငုံမော့သောက်လိုက်ချေတော့၏။

'ဖွီးလ်...'

အာခေါင်တွင်း ပူဆင်းသွားချေတော့၏။ နှာခေါင်းဝသို့ ချွန်တက်လာ၏။

'မပြောမိဘူး၊ ရေရောမထားရသေးဘူးဗျ'

သို့ဆိုတော့ ကျွန်တော်သည် ခါးချိတ်ရေဘူးမှ ရေတစ်ငုံ မော့သောက်လိုက်ရချေတော့၏။ သို့မှ နေသာထိုင်သာရှိသွားချေ ၏။

လင်းမြင့်လှိုင်က ပုလင်းပြားလေးကို လှမ်းယူလိုက်ချေပြီး တစ်ငုံမော့သောက်လိုက်ပြီးနောက် ပုလင်းပြားလေးအတွင်း ရေရော ပေးထည့်လိုက်ချေတော့၏။

စောတာပုက သူ့ပုလိုင်းကြီးအတွင်းမှ ပလတ်စတစ်အထုပ် ကလေးတစ်ခုကို ထုတ်လာချေပြီး...

'ငါ့မယ်တော့ မြည်းဖို့ ဒါရှိတယ်'ဆိုလျှက် ကျွန်တော့် အား ပေးလာချေတော့သဖြင့် ထိုပလတ်စတစ်ထုပ်လေးကို စေ့စေ့ ကြည့်လိုက်မိတော့၏။

ဘုရားရေ...

'ချိစ်ပြားလေးပါကလား'

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စောတာပုကို စေ့စေ့ကြည့်လိုက်သည်။ ကျွန်တော်၏အကြည့်အဓိပ္ပာယ်ကို သိလိုက်ဟန်တူသည့် စောတာပုက…

'သည်လာစ နေ့က ငါစားဖို့ဆိုပြီး ဆရာလင်း ပေးထားတာ'

လို့ ပြောလာလေတော့၏။

'မဟုတ်တာ ဖထီရယ်၊ ဖထီပဲ ပြန်ယူထားပါ'

ကျွန်တော်က ပြန်ပေးရင်း ပြောလိုက်၏။

'ငါမှ အဲဒါမျိုးကြိုက်တာ မဟုတ်ဘူး၊ ငါ့မြေးမလေး အတွက်ဆို သိမ်းထားတာပါ၊ ငါတို့ ဘယ်တော့မှ မြို့ပြန်ရောက်မလဲမသိတော့ စားလိုက်ကြကွာ၊ မင်းတို့မှ အမြည်းမရှိတာချည်း'

'ဖထီရယ်… နို့က ဘယ်လောက်ထားထား ရပါတယ်၊ ကျွန်တော်တို့တွက် အမြည်းမလိုပါဘူး၊ ခဏပဲ နားနေပြီး သည်ကသွားကြမှာပါ'

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော ဝီစကီလည်း ထပ်သောက်လိုက်ချေလေ၏။ ကျွန်တော်သည်လည်း တစ်ဖန်ငုံသောက်လိုက်ပြန်၏။ သည်တစ်ခါတော့ စောစောကလို မဖြစ်တော့ချေ။ ရေရောပြီးမဟုတ်ပါကလား။

စောတာပုသည် သူ၏ ချိတ်ပြားလေးကို ပုလိုင်းအတွင်း ပြန်ထည့်လိုက်ချေပြီး နေရာမှထွက်သွားသည်ကြောင့်…

'ဖထီ ဘယ်သွားမလဲ၊ ကျွန်တော်တို့ သွားကြတော့မှာ' ပြောလိုက်၏။

သည်တွင် စောတာပုက…

'ခဏနေကြပါဦးကွာ၊ ငါ ဟိုနားလေးကပါ'

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့လည်း ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စောတာပုကို ကြည့်နေရာမှတစ်ပါး အခြားမရှိချေပြီ။

စောတာပုသည် ကျွန်တော်တို့အပါးမှ ထွက်သွားလေပြီး ခပ်လှမ်းလှမ်းရှိ ပျဉ်းမရွက်ကြီးပင်တစ်ပင်ပေါ်သို့ ဖက်တွယ်တက်သွားချေတော့၏။

'ဖထီ အဲဒီအပင်ပေါ် ဘာလုပ်ဖို့တက်သွားပါလိမ့်'

'ဖထီ ဘာသွားလုပ်တာလဲ'

လင်းမြင့်လှိုင်က ပြောလာ၏။

'သိပေဘူး ကိုလင်းရဲ့'

သို့ပေမင့်လို့ စောတာပုတစ်ယောက် ထိုအပင်ထိပ်ဖျားပေါ်သို့ဖက်တွယ်တက်သွားလေသဖြင့် အသာပင် ကြည့်နေလိုက်ကြတော့၏။

'စောတာပုတစ်ယောက် သင်ပင်ပေါ် ဘာတက်လုပ်ပါလိမ့်'

အတန်ကြာတွင် စောတာပု ကျွန်တော်တို့အနား ရောက်လာလေ၏။ သူ့လက်ထဲတွင်မလည်း ဥတစ်လုံးပါလာလေ၏။

'ငှက်ဥလား၊ ဘာဥလဲ'

ခပ်ကြီးကြီးဖြစ်ချေ၏။

'ဖထီရယ်... ပြန်ထားလိုက်ပါ၊ ကျွန်တော်တို့စားဖို့ဆို လျှင်ဖြင့် မလိုအမ်ပါဘူး'

သို့ ကျွန်တော်က ပြောလိုက်၏။

'သံညအသိုက်က ဥတစ်လုံးပဲ ကျန်တာကွ၊ ပြီး ပိုင်ရှင်မဲ့လို့ ပြောရလိမ့်မယ်'

'ဗျာ... ဘယ်လို...'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စောတာပုကို နားမလည်နိုင်စွာကြည့်လိုက်ချေ၏။

'ဖထီ ဘယ်လိုလုပ်ပြောနိုင်တာလဲ'

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြောလိုက်တော့၏။

'သည်လိုကွ၊ ငှက်သိုက်ကို ငါ လှမ်းမြင်ရတယ်၊ ကြည့်ရတာ ငှက်သိုက်ပျက်လို့ပဲ၊ နို့ကြောင့် ငါ သေချာအောင်သွားကြည့်တာ၊ အပေါ်ရောက်တော့ ငါထင်သလိုပဲဟ၊ ငှက်သိုက်ထဲမယ် ကွဲနေတဲ့ဥသုံးလုံးလောက် တွေ့တယ်၊ ကြည့်ရတာ ငှက်သိုက်ကို မြွေကောင်က ဖျက်ဆီးသွားတာ ဖြစ်ဖို့များတယ်'

'မြွေကောင်ကြောင့် သည်အသိုက်ရှင် ငှက်မကလည်း အသိုက်ကို စွန့်သွားတာလား နို့မှမဟုတ် မြွေကောင်ရဲ့စားလေခြင်းကို ခံလိုက်ရတာလား မသိဘူး'

'ကဲပါ… ငါ မင်းတို့တွက် အမြည်းအလို့ငှာ ယူထားတာပါ၊ နို့တော့ လက်ခံကြပါကွာ'

'ဟား… ဟား… ဟား… ဖထီရယ်၊ ဥကို ဘယ်လိုလုပ်ပြုတ်မလဲ'

သို့ဆိုတော့မှ စောတာပုက…

'ဟုတ်တယ်၊ ငါ မီးဖိုလိုက်မယ်၊ ပြီးတော့ ပြုတ်လိုက်တာပေါ့၊ မကြာပါဘူး၊ ခဏလေးရယ်ပါ'

စောတာပုက သို့ပြောကာ ထင်းခြောက်များ လိုက်လံစုဆောင်းမည်လုပ်သဖြင့်…

'မလုပ်နဲ့တော့ ဖထီ၊ ကျွန်တော်တို့ သွားကြမယ်'

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော ခရီ့မှလည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ထသွားချေသဖြင့် ကျွန်တော်နှင့် စောတာပုသည် လင်းမြင့်လှိုင်နောက် လိုက်သွားချေတော့၏။

လင်းမြင့်လှိုင်တစ်ယောက် ပျဉ်းမရွက်ကြီး၏ ဝင်္ကပါအတွင်း ရှေ့မှဦးဆောင် တိုးဝင်သွားလေခြင်းဖြစ်တော့၏။

ကျွန်တော်တို့သည် လင်းမြင့်လှိုင်နောက် ထက်ကြပ်မကွာလိုက်သွားကြတော့၏။

ဝင်္ကပါဖြစ်သည်မှာ သေချာပေ၏။ ကျွန်တော်တို့လျှောက်ခဲ့သည့်ခရီး မနည်းလောက်ဆိုပေငြား ကျွန်တော်တို့၏မြင်ကွင်းသည် စတွေ့ခဲ့သည့်နေရာသို့သာ မြင်မိချေတော့၏။

သို့ကြောင့်...

'ကိုလင်း သည်နားတင် ဝေ့လည်နေတယ်ထင်ပါရဲ့'

ကျွန်တော်က စိုးရိမ်တကြီး ပြောလိုက်၏။

'ဟင်း... ဟင်း... ဟင်း... ထင်လို့ပါ'

လင်းမြင့်လှိုင်က သို့ ပြောလာချေ၏။

ကျွန်တော်နှင့် စောတာပု အမြင်ကတော့မှ တစ်နေရာတည်းတွင် ဖြစ်သည်ဟု ထင်မိချေ၏။

'ဘာလဲ ကိုပိုက်၊ ကျွန်တော်ပြောတာ မယုံဘူးလား၊ ဒါဖြင့် သည်မယ်ကြည့်ချေ'

လင်းမြင့်လှိုင်က ရှေ့မှသွားရင်း သစ်တစ်ပင်ရှေ့ရပ်ကာ...

'သည်အပင်ကို ကြည့်ထားချေ'

လင်းမြင့်လှိုင်က ပြောလည်းပြော၊ ထိုအပင်ကို ဓားဖြင့်သစ်ခုတ်မှတ်သားပြုလိုက်ချေ၏။

'ဆက်သွားကြမယ်၊ လာ ဆက်သွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။ သို့မှ…

'ဟာ… ကိုလင်း တွေ့လား၊ ဟိုအပင်နား ပြန်ရောက်ပြန်ပြီ'

ကျွန်တော်က ရှေ့တည့်တည့်တွင်ရှိ သစ်ပင်ကို လှမ်းပြပြောလိုက်ချေ၏။

'ဟင်း… ဟင်း… ဟင်း…'

လင်းမြင့်လှိုင်က ရယ်မောရင်း သို့အပင်နား သွားချေ၏။ စောတာပုနှင့် ကျွန်တော်သည်လည်း သူ့နောက်လိုက်သွားကြတော့၏။

'ကဲ… သည်နားမယ် စောစောက ကျွန်တော် မှတ်ထားတဲ့ အမှတ်အသားရှိသေးလား'

အလိုလေးဗျာ… ဟုတ်ပါရဲ့။ ဘယ်လိုဖြစ်သွားပါလိမ့်။ ခပ်စောစောက လင်းမြင့်လှိုင် ကျွန်တော်တို့ကိုခေါ်၍ ထိုအပင်တွင်ဓားအမှတ်အသားပြုခဲ့သည်ပဲ။ ခု ဘယ်လိုကြောင့် ထိုအမှတ်အသားမရှိတာပါလိမ့်။

ကျွန်တော်တို့ ထိုအပင်ကို တအံ့တဩကြည့်နေမိချေ၏။

'ကိုပိုက်ရယ်… ကျွန်တော် မှတ်ထားတဲ့ အမှတ်အသားပျောက်သွားတာ မဟုတ်ဘူး၊ သည်အပင်က နောက်ထပ်တစ်ပင်ဗျ'

'ဗျာ… ဟင်…'

'ဟုတ်တယ်လေ… သည်အပင်လို့ချည်း သည်နေရာလို့ချည်း ကိုပိုက် ထင်နေတာကိုး၊ မဟုတ်ဘူးဗျ၊ ဝင်္ကပါဖြစ်နေလို့ ကျွန်တော်တို့ သည်နားတင် ဝဲလည်နေတယ်လို့ ကိုပိုက်က ထင်နေတာကလား'

www.burmeseclassic.com

www.burmeseclassic.com



'နို့ မဟုတ်ဘူးပေါ့'

'မဟုတ်လို့ သည်အပင်မယ် အမှတ်အသားမရှိတာပေါ့၊ နို့ဆိုတော့ ကျွန်တော်တို့ လာခဲ့တဲ့လမ်း မမှားဘူးဆိုတဲ့သဘောပေါ့'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို တအံ့တသြကြည့်မိသေးတော့၏။

'ရှင်းပါဦးဗျာ'

သို့လည်း မေးမိတော့၏။

'ဘာရှင်းစရာရှိလဲ ကိုပိုက်ရယ်၊ လမ်းမမှားဘူးလေ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က နေကိုကြည့်ပြီး လျှောက်လိုက်မှာကိုးဗျ'

'ဟင်...'

'ဘယ်လို... ဘယ်လို...'

'ဩော်... ကျွန်တော် ခဏနားမယ်ဆိုတဲ့ အချိန်က မွန်းတည့်လေ၊ နို့ကြောင့် ကျွန်တော် မွန်းလွဲထိ ထိုင်နားနေတာလေ၊ ဟော... မွန်းလွဲတော့ နေက တစ်ဖက်ကို ဝင်သွားပြီလေ၊ နို့ကြောင့် အဲဒီနေကိုကြည့်ပြီး အကြမ်းဖျင်းပေါ့၊ လျှောက်ခဲ့တာပေါ့၊ နို့ကြောင့်လည်း လမ်းမမှားတော့ဘဲ ဝင်္ကပါထဲ ဝေ့လည်ဖြစ်မနေတာပေါ့'

ဘုရားရေ... လင်းမြင့်လှိုင် ပြောသည်မှာ လွယ်သော်ငြား တစ်ယောက်တည်း ဦးဆောင်သွားရမည်ဆိုက လွယ်လိမ့်မည်မထင်။ လင်းမြင့်လှိုင်က သို့လမ်းများသွားလာဖူးအလေ့အကျင့်ရှိသောကြောင့်သာ ဖြစ်ချိမ့်မည်။

သို့မှ လင်းမြင့်လှိုင်သည် ရှေ့ဆက်သွားလိုက်ပြန်၏။ စောတဘ်ပုနှင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက် လိုက်သွားတော့၏။

သို့မှ...

www.burmeseclassic.com

www.burmeseclassic.com



ဟာ… ဟိုမယ်… ဟိုမယ်…'

ကျွန်တော်တို့ ရှေ့ဘက်တွင် ချေကောင်လေးတစ်ကောင်ရှိချေ၏။ သစ်ပင်အထက်တွင်ရပ်၍ မြေပြင်ရှိအရာကို ငုံ့ကြည့်နေခြင်းဖြစ်၏။

'ကိုပိုက် ပစ်လေ၊ နို့တော့ ရတာပေါ့'

သို့ဆိုတော့ ကျွန်တော် မုဆိုးဒူးထောက်ထိုင်ကာ ချေကောင်လေးကို ပစ်မှတ်ချိန်လိုက်လေ၏။

'ဟုတ်ပြီ'

ချေကောင်လေး ငြိမ်သက်နေသည့်အချိန်မှာပင် မောင်းထိန်းခလုတ်ကို ကျွန်တော် သိသိသာသာ ဆွဲညှစ်လိုက်ချေတော့၏။

'ဟင်…'

'ဒိန်း…'

ချေကောင်လေး ယိမ်းထိုးသွားသည်ကြောင့် ပစ်မှတ်တည့်သွားသည်ဟု ထင်လိုက်ပေမင့် ထိုချေကောင်လေးနံဘေးသို့ ရုတ်ခြည်းပြေးလွှားသွားလေသဖြင့် ကျွန်တော်က အလွတ်မပေးလိုသည်ကြောင့် ထိုချေကောင်လေးနောက် ပြေးလိုက်မည်အပြုတွင် လင်းမြင့်လှိုင်က ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ချေပြီး…

'ကိုပိုက် သူ့ကို အလွတ်ပေးလိုက်ပါ၊ နို့မဟုတ်လို့ကတော့ ကျွန်တော်တို့ ဝဲဂ်ပါထဲ ဝေ့လည်လည်နဲ့ ညအိပ်နေရဦးမယ်'

'ဟင်… ဘာလို့လဲ'

'ကိုပိုက် စဉ်းစားကြည့်လေ၊ ချေကောင်လေး နောက်လိုက်မယ်ဆိုလျှင် ကျွန်တော်တို့ သက်ပျောက်ရတော့မပေါ့'

သို့ဆိုတော့လည်း အဟုတ်သားကလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောပေါက်လိုက်ချေပြီ ဖြစ်တော့၏။ ကျွန်တော်တို့ ဝက်ပါထဲ ဝေ့လည်လည်မဖြစ်လိုပေပြီ။

သို့မှ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပြန်၏။

ကျွန်တော့်အထင်ဖြင့် တစ်နေရာတည်းတွင် ဝေ့လည်လည် ဖြစ်နေသည်ဟု ထင်မိပေ၏။ သို့ပေမင့် လင်းမြင့်လှိုင် ပြောလို့လည်း သို့မဖြစ်လောက်ဟု ထင်လိုက်ပေ၏။

သို့မှ အတန်ကြာတွင်…

'ဟာ… ဟိုမယ် တွေ့ပြီ'

လင်းမြင့်လှိုင်က သို့ပြောရင်း လက်ညှိုးထိုးပြလေသဖြင့် ကျွန်တော် လှည့်ကြည့်လိုက်၏။

ဘုရားရေ… အမျိုးသမီးတစ်ယောက်ပါလား။ ကျွန်တော်တို့ကို မြင်ဟန်မတူ။ ကျောပေးထား၏။ ကျွန်တော်တို့ မြင်ဖူးတွေ့ဖူးသည့် အမျိုးသမီး ဖြစ်လောက်၏။ ဘယ့်တွက်မူ ကျောတွင် ဖားလျားချကျစ်ဆံမြီးကြီးကြီးကို တွေ့လိုက်သောကြောင့်ဖြစ်ချေ၏။

'သည်မယ်ပဲ တိတ်တဆိတ်နေကြဦးဗျ'

လင်းမြင့်လှိုင်က ထိုမိန်းမပျိုကို ချောင်းမြောင်း၍ သူမ ထွက်သွားလျှင် နောက်ယောင်ခံလိုက်သွားမည်ဟု ဆိုလိုခြင်းဖြစ်တော့၏။

လင်းမြင့်လှိုင် တွက်ထားသလိုပင် မိန်းမပျိုသည် ထိုနေရာမှ တစ်စုံတစ်ရာကို ကြည့်ပြီးမှ လျှောက်သွားသည်ကြောင့် ကျွန်တော်တို့သည်လည်း သူမနောက်လိုက်သွားကြတော့၏။

သူမနောက် လိုက်မိခြင်းအားဖြင့် ကျွန်တော်တို့ ဝက်ပါတောမှ မထွက်နိုင်မည့်အပြင် သူမတို့နေသည့် တဲစုသို့လည်း တက်သွားနိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မပမင့်လို့…

'ဖျတ်…'

'ဟာ…'

'ဟင်…'

'ပြေးပြီ၊ ပြေးပြီ'

စောတာပုက သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလေခြင်းကြောင့် အသံထွက်သွားသည်တွင်မတော့ မိန်းမပျိုက လှမ်းကြည့်ကာ ကျွန်တော်တို့ကို မြင်တွေ့သွားသည်နှင့် တစ်ချိုးတည်းထွက်ပြေးသွားခြင်းဖြစ်ချေတော့၏။

မြန်လိုက်သည်ဖြစ်ခြင်း။ မိန်းမပျို၏ အရိပ်အယောင်ပင်မတွေ့ပါတော့ချေ။

'ဘယ်လိုလုပ်မလဲ၊ စမ်းတဝါးဝါး လုပ်နေလျှင်ဖြင့်ကျွန်တော်တို့ ဝက်ပါထဲက ထွက်နိုင်မှာမဟုတ်တော့ဘူး'

လင်းမြင့်လှိုင်က သို့ပြောလာလေ၏။

သို့ကြောင့် ကျွန်တော်က…

'ဒီလိုဖြင့် ကိုလင်းစိတ်ကူးတဲ့အတိုင်း သွားပါလားဗျ၊ အရေးကြီးတာ သည်ဝက်ပါကနေ လွတ်ဖို့ပဲ'

'ကိုပိုက် သဘောပဲလေ၊ ကျွန်တော် အတွေ့အထူး ပြောနေဖို့ မလိုတော့ဘူးပေါ့'

လင်းမြင့်လှိုင်က သို့ပြောကာ ရှေ့မှဦးဆောင်သွားပြန်လေ၏။

နေကိုကြည့် တွက်ချက်လိုက်သွားခဲ့ကြရာမှ ကျွန်တော်တို့သည် လင်းမြင့်လှိုင်၏ ကြိုးစားမှုကြောင့် ဝက်ပါထဲမှ ထွက်နိုင်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟိုမယ်… ဟိုမယ် ရွာလေးပဲ'

အဝေးခပ်လှမ်းလှမ်းတွင်ရှိ လူနေတဲစုလေးတစ်ခုကို တွေ့လိုက်ကြချေတော့သည်။

'နို့ဆိုလျှင်ဖြင့် သည်ရွာလေးက လျှို့ဝှက်တဲ့ရွာလေး ဖြစ်မယ်'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က တအံ့တဩကြည့်လိုက်ချေပြီး…

'ဘယ်လိုကြောင့် အဲလိုပြောရတာလဲ ကိုလင်း'လို့ မေးလိုက်၏။

'ကြည့်လေဗျာ… ကျွန်တော်တို့ ပျဉ်းမပင်ဝက်ပါတောကို မနည်းဖြတ်လာလေမှ သည်ရွာလေးကို ရောက်နိုင်တာလေ၊ နို့ကြောင့် သည်ရွာလေးက လျှို့ဝှက်တဲ့ရွာလေးပဲ ဖြစ်ရမပေါ့၊ ဘာလို့လဲဆိုတော့ တော်ရုံလူ သည်ရွာလေးကို ရောက်မလာနိုင်အောင်လို့ သည်နေရာမယ် ဝက်ပါလုပ်ထားတာပေါ့'

အလိုလေးဗျာ… ဟုတ်ပါရဲ့။

'ကဲ… ကဲ… ကျွန်တော်တို့ ရွာထဲသွားကြတာပေါ့'

သို့ဆိုလျက် ကျွန်တော်ကပင် ဦးဆောင်၍ ရွာလေးသို့ ခြေဦးတည့်လိုက်ချေတော့၏။

'ဆရာလေးပိုက် လောလော လောလောနဲ့ မသွားနဲ့ဦး၊ သတိလေးလည်း ထားဦးနော်'

ကျွန်တော့်နောက်မှ ကပ်ပါလာသည့် စောတာပုက သို့ သတိပေးလာချေ၏။

'သိတယ်၊ ကျေးဇူးပဲ ဖတီ'

တကယ်တော့ ကျွန်တော်သည်လည်း ထိုရွာကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတို့ နေထိုင်သောရွာလေး မဖြစ်နိုင်လေသည်ကြောင့် သတိနှင့်ယှဉ်၍ သွားနေရင်း လက်တွင်းရှိသေနတ်ကိုလည်း အရံသင့်ပစ်ခတ်နိုင်ရန် မောင်းတင်ထားလိုက်ချေတော့၏။

လင်းမြင့်လှိုင်ကတော့ နောက်ဆုံးမှ လိုက်လာလေသည်ဆိုပေမင့် လျှောက်လမ်းဝဲယာဘက်များသို့ အခါအားလျော်စွာ ကြည့်နေချေတော့၏။

'ဝု… ဝု… ဝုတ်… ဝုတ်… ဝု… ဝု…'

အလိုလေးဗျာ… ရွာထိပ်ဟုထင်ရသည့်နေရာတွင် ဂိတ်တံခါးကြီးတစ်ခုကို တွေ့လိုက်ရ၏။

သစ်လုံးများဖြင့် လုပ်ထားခြင်းဖြစ်၏။ ဂိတ်တံခါးကြီးသုပ်ထားပေမင့် ဖွင့်ထားလေခြင်းဖြစ်သည်။

ကျွန်တော်တို့ ဂိတ်တံခါးဝသို့ ရောက်သည့်တိုင် မည်သူကစ်ဦးတစ်ယောက်ကိုမျှ မတွေ့မိပါတော့ချေ။ သို့ပေမင့် ခွေးတစ်ကောင် ကျွန်တော်တို့ကို သို့နှယ် ဆီးဟောင်လေတော့၏။ ရွာတွင်းသို့ အဝင်မခံလိုသည့်သဘောပင်။ သို့ကြောင့် ကျွန်တော်သည် ဂိတ်တံခါးနောက်ဘက်တွင် လူတစ်ယောက်တော့ ရှိသည်ထင်၍ လှမ်းကဲကြည့်လိုက်၏။

'ဝုတ်… ဝုတ်… ဝုတ်…'

ကျွန်တော် ရွာတွင်း အတင်းဝင်ရောက်မည်ထင်လေသည်ကြောင့်လားတော့ မသိချေ။

သို့ဆိုသလို ခွေးက ဆီးဟောင်ပြန်လေ၏။

'နေစမ်းပါဦးကွာ၊ ငါ မင်းခွင့်ပြုချက်မရပဲ မဝင်တော့ပါဘူး'

သို့ ကျွန်တော်က ခွေးကို နောက်ပြောင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝုတ်... ဝုတ်... ဝုတ်...'

ခွေးက ဘာနားလည်မှာမှတ်လို့။ သို့ရှိစဉ်...

'ဟာ... ဟိတ်... ဟိတ်... ချာတိတ်၊ ချာတိတ် လာပါဦးကွ'

ဂိတ်တံခါးနောက်ဘက်လမ်းမြောင်ကလေးမှ ကလေး တစ်ယောက် ဖြတ်လျှောက်သွားသည်ကို တွေ့သည်ကြောင့် သို့ ကျွန်တော်က ဝမ်းသာအားရ လှမ်းခေါ်လိုက်ချေတော့၏။

ကျွန်တော့်အသံကြောင့် ထိုလူငယ်လေးသည် ကျွန်တော့် အား အထူးအဆန်းလှည့်ကြည့်လာလေပြီး...

'ဘာတွေလဲ' လို့ မေးလာချေတော့၏။

'ဘာတွေရမှာလဲ... လူတွေပေါ့ကွ၊ မင်းခွေး လာလုပ် စမ်းပါဦး၊ ငါတို့ ရွာထဲဝင်ချင်လို့'

သို့ဆိုတော့ ကောင်လေးသည် ကျွန်တော်တို့ထံ လှမ်းလာ ချေ၏။ သူသည် ဟောင်နေသောခွေးကို မောင်း၍ ကျွန်တော်တို့ ကို လမ်းရှင်းပေးပေလိမ့်မည်ဟု တွက်လိုက်၏။ တကယ်တမ်း တော့မူ...

'ခွေးက သူ့အလုပ်သူလုပ်တာလေ၊ ခင်ဗျားတို့ ဝင်ချင် တယ်ဆို ဝင်ပေါ့ဗျ'

သို့ ကလေးက ပြောလာလေ၏။

'ဟ... သည်ခွေးကို ငါ မောင်းထုတ်ပြီးဝင်လည်း ရပါ တယ်ကွာ၊ နို့ပေမင့် ငါတို့က လူစိမ်းတွေဆိုတော့'

'ဟီး... ဟီး... ဟီး... ဟီး... ဦးကြီးတို့ကလည်း ဝင်စမ်းပါဗျာ၊ သည်ခွေးက အဲလိုပဲ၊ ဦးကြီးတို့နဲ့မို့လို့ တခြားလူတွေ ဆို သူ့ကို ကန်ကျောက်ပြီး ဝင်လာကြတာလား၊ သူ့စမ်းဝါ'

www.burmeseclassic.com

www.burmeseclassic.com



'ကိန်… ကိန်… ကိန်… ကိန်…'

လှုငယ်လေးက သို့ပြောပြီး ခွေးကို ပိတ်ကန်လိုက်ချေတော့၏။

'ကျေးဇူးတင်တယ်ကွာ'

'မလိုပါဘူး၊ ဦးကြီးတို့ကိုကြည့်ရတာ အင်မတန် ဖြတ်ထိုးဉာဏ်ကောင်းကြတာ ဖြစ်မယ်'

'အလိုလေးဗျာ… ဘာဖြစ်လို့လဲ၊ ပြောစမ်းပါဦးကွ'

အသက်အားဖြင့် ဆယ်နှစ်ပင်မပြည့်သေးသည့် ကောင်လေးကို ကျွန်တော်က သွက်လက်လွန်းသည်ကြောင့် သို့ စကားရှာမေးလိုက်ခြင်းဖြစ်တော့၏။

'ဟင်း… ဟင်း… ဘာလို့ရမှာလဲ၊ ဝက်ပါကို ဖြတ်ပြီးသွားရအောင်လာကြလို့ပေါ့'

'ဟော…'

'ဟင်…'

'အာ…'

ကျွန်တော်တို့သုံးယောက်စလုံး အံ့အားသင့်သွားကြတော့၏။

'အေးပါကွာ… ကျေးဇူးတင်ပါတယ်၊ တစ်လက်စတည်းမေးရဦးမယ်'

'မေးဗျာ'

'သည်ရွာ ဘာရွာလို့ခေါ်လဲ'

'တောင်သူကုန်းရွာ'

'ဘာရယ်'

'တောင်သူကုန်းရွာပါဆို'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ၊ နို့ဖြင့် ငါတို့ကို ညွှန်ဦးကွာ၊ သည်တောင်သူကုန်းရွာရဲ့ လူကြီးပေါ့ကွာ၊ ဘယ်မှာနေလဲ'

'သူကြီးကို ပြောတာလား'

'ဆိုပါတော့'

'သူကြီးအိမ်ကို မေးတာလား'

'အေး...'

'ဟား... ဟား... ဟား... အဲဒါ ကျွန်တော့်အိမ်ပဲ၊ လိုက်ခဲ့ကြချေ'

'ဟေ...'

'ဟင်...'

'အို...'

'ဘုရား ရ... သူကြီးမေးတာ့ သူ့အိမ်ဆိုတော့ သူက သူကြီးပေါ့'

သို့ တွေးမိသည်ကြောင့်...

'ကိုလင်း ဘယ်လိုဖြစ်နိုင်မှာလဲ'

'ဘာကိုလဲ'

'သူက သူကြီးဆိုပါကလား'

'ကိုပိုက် ဘာပြောနေတာလဲ'

'သူကြီးအိမ်ဆိုတော့ သူ့အိမ်ကိုပြောတာဆိုတော့ သူက သူကြီးလို့ပြောလိုက်တာမဟုတ်လား'

'ဟင်း... ဟင်း... ဟင်း... ဟင်း... ကိုပိုက်ရယ်၊ အံ့ပါဗျာ... သူ့အိမ်က သူကြီးအိမ်ဆိုတော့ သူ့အဖေသော်လည်းကောင်း အဘိုးသော်လည်းကောင်း သူကြီးဖြစ်နေလို့နေမပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ... ဟုတ်ပါ့၊ ကျွန်တော် ဘယ်လိုဖြစ်သွားရ တာပါလိမ့်'

'သည်ဦးကြီးပြောတာ မှန်တယ်၊ ကျွန်တော့်အဘိုးက သည်ရွာသူကြီးပဲ၊ နို့ကြောင့် အိမ်လိုက်ခဲ့လို့ပြောတာ'

သို့ဆိုတော့ ကျွန်တော်တို့သည် လူငယ်လေးဦးဆောင်မှု ဖြင့် ရွာတွင်းဝင်ခဲ့ကြချေတော့၏။

သွားလာရင်း ရွာတွင်းအိမ်တို့ကို တစေ့တစောင်းကြည့် မိ၏။

မြေစိုက်အိမ်လေးများ ဖြစ်တော့၏။ အမိုးကို တောင်ထန်း တို့ဖြင့် မိုးထားကြခြင်းဖြစ်၏။ အကာကတော့မူ အများအားဖြင့် ဝါးကို ခွဲခြမ်းကာထားကြခြင်းဖြစ်လေ၏။

အိမ်တစ်လုံးနှင့်တစ်လုံး ပုံသဏ္ဍာန်ကွဲပြားကြချေ၏။

သို့မှသည် ထိုရွာလယ်ပိုင်းသို့တိုင် ရောက်လာချေ၏။

'ဟကောင်လေး... မင်းတို့အိမ် မရောက်သေးဘူးလား'

ကျွန်တော်က ပြောလိုက်၏။

'ကျွန်တော့်အိမ်တွေ့မှတော့ ကျွန်တော် အိမ်ထဲဝင်ပြီပေါ့ ဗျ၊ မတွေ့သေးလို့ ဆက်သွားနေတာပေါ့၊ မလိုက်ချင် နေခဲ့ချေ'

'ဟင်း... ဟင်း...ဟင်း...'လင်းမြင့်လှိုင်က ကျွန်တော့် ကိုကြည့် ရယ်သွမ်းသွေးလိုက်ချေတော့၏။

သို့မှ...

'ဟာ... ဟဲ့ကောင်လေး၊ ဘယ့်နှယ် လမ်းကြိုလမ်းကြား ထဲ ဝင်ရပြန်တာလဲ'

'အိမ်သွားမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးသည် အိမ်ကြိုအိမ်ကြားမှ သွားနေခြင်းကြောင့် ကျွန်တော်တို့သည်လည်း သူ့နောက်လိုက်သွားရချေတော့၏။

အိမ်တိုင်းလိုလိုမှ ကျွန်တော်တို့ကို လူထူးလူဆန်းသဖွယ် ကြည့်နေကြ၏။ သို့ပေမင့် ကောင်လေးကိုတော့မူ ရွံ့ရှာမုန်းတီးဟန်ဖြင့် ကြည့်နေခြင်းဖြစ်၏။

သို့ဆိုရခြင်းသည်…

'ဟိတ်ကောင်လေး… ခြေဆော့လက်ဆော့ မလုပ်နဲ့နော်'

သို့ ပြောလာကြလေခြင်းကြောင့် ဖြစ်၏။

ဘယ်လိုပါလိမ့်။ ရွာလူကြီး၏မြေးလေးကို သူတို့ ဘယ်လိုကြောင့် သို့ပြောကြတာပါလိမ့်။ ဆက်ဆံကြတာပါလိမ့်။

ဖြစ်သင့်သည်မှာ ရွာလူကြီးမျက်နှာ ကြည့်ရမည် မဟုတ်ပါကလား။ ခုတော့ အဲလိုမဟုတ်ပါကလား။ မတူမတန်သလို ဆက်ဆံနေကြပါကောလား။ သို့ကြောင့်…

'ကိုလင်းရေ… စိတ်ဝင်စားဖို့ကောင်းသားဗျ'

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

'ရောက်ပြီ၊ ဒါ ကျွန်တော်တို့အိမ်ပဲ'

ဘုရားရေ… သူ့အိမ် သူကြီးအိမ်ဆိုပါကလား။ ဟုတ်ပါရဲ့လား။ ကောင်လေး ကျွန်တော်တို့ကို နောက်နေသည်များလား။ သို့ကြောင့်…

'မင်း ဘာနောက်တာလဲ၊ ငါတို့ကို နောက်စရာများလား'

သို့ ကျွန်တော်က ပြောလိုက်၏။

'ဘာနောက်လို့လဲဗျ၊ ခင်ဗျားတို့ပဲ သူကြီးအိမ်သွားမယ်ဆို၊ ကျွန်တော့်အဘိုးက ရွာသူကြီး၊ နို့ကြောင့် အိမ်ကိုခေါ်လာတာပဲဗျ'

'ဟွန်း…'

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေတော့၏။

'မင်းအဘိုးက ရှာသူကြီးဆိုတာ အဟုတ်ပဲလား'

လင်းမြင့်လှိုင်က မေးလိုက်လေ၏။

'ဟုတ်ပါတယ်ကွယ့်၊ ကျုပ်က သူ့အဘိုးပဲ၊ ကျုပ်က သည်ရွာသူကြီးပဲ'

'ဟာ...'

'ဟင်...'

သို့အသံနှင့်အတူ အသက်အားဖြင့် ၇၀ ကျော်ခန့်ရှိမည့် အဘိုးကြီးတစ်ယောက် ထွက်လာလေတော့၏။ သို့ပြောလာလေတော့၏။

အံ့ဖွယ်ပင် ကောင်းသေးတော့၏။ တဲစုတ်လေးနှင့်နေသူ အဘိုးအိုက သည်ရွာ၏သူကြီးဆိုပါကလား။ ဘယ်လိုဖြစ်ရတာပါလိမ့်။ နားမလည်နိုင်အောင်ပါပဲလား။ ကျွန်တော်တို့ သိရသလောက် ကျွန်တော် ရွာငယ်လေးများကို ရောက်ဖူးကြ၏။ ရွာလူကြီးဆိုသည်နှင့် ရွာတွင်းရှိ အိမ်ကောင်းများနှင့် ဆောက်လုပ်နေထိုင်ကြသူချည်းဖြစ်၏။ ပြီးတော့ လူကြီးသည် အာဏာပါဝါ အပြည့်ရှိသူဖြစ်သလို မော်ကြွားနေသူလည်း ဖြစ်ချေ၏။ သဘောကောင်းသည်က တကဏ္ဍပေါ့။

'ငါ သည်ရွာလူကြီးပဲ၊ မင်းတို့ကို ကြိုဆိုပါတယ်၊ မင်းတို့ ငါတို့ရွာကို ရောက်လာနိုင်ကြတယ်ဆိုတော့ ထူးချွန်ထက်မြက်တယ်ဆိုတာ သိပါတယ်၊ ကဲ... ကဲ... လာကြချေ၊ အထွေအထူးတော့ ရှိမယ်မထင်ဘူး၊ ငါတို့ရွာကို စိတ်ဝင်စားလို့ လာကြတာကလွဲလို့ တခြားမရှိပေဘူးထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့ အဘိုးအိုက ပြောလေသဖြင့်...

'ဟုတ်ပါတယ်'

လင်းမြင့်လှိုင်က ပြောလိုက်၏။ ပြီးတော့...

'ကျွန်တော်တို့ကို သည်ရွာမယ် တစ်ည နှစ်ည အိပ်ခွင့် မြုနိုင်ပါ့မလား မသိဘူး'

'ညှိသည်ပဲ အိမ်ရှင်ဝတ္တရားမပျက်စေရပါဘူး၊ အေး... တစ်ခုတော့ရှိတယ်'

'ပြောပါ သူကြီး'

'ရွာရဲ့ဘာကိစ္စမဆို ငါလူကြီးတစ်ယောက်တည်း ဆုံးဖြတ်ချက်နဲ့ မပြီးဘူးကွ၊ ရွာသားတွေသဘောထားလည်း ပါမှဖြစ်တာ၊ ဘာလို့လဲဆိုတော့ ငါ့ကို ရွာကလူကြီးမြှောက်ထားတာကလား၊ သည်တော့ ငါ့သဘောချည်း မဟုတ်ဘူး၊ ရွာသားတွေသဘော လည်း ပါရဦးမပေါ့၊ သည်တော့ သည်ရွာက သူကြီးတစ်ပိုင်ရွာလို့ တော့ ပြောမဖြစ်ဘူးကွ'

'ဗျာ...'

'ဟင်...'

အလိုလေးဗျာ... သူကြီး ဘာကိုဆိုလိုချင်တာပါလိမ့်။

'ကဲ... ကဲ... လာကြချေ၊ မင်းတို့နေဖို့ ငါ နေရာလိုက် ပြမယ်'

ဟင်... သူကြီး ကျွန်တော်တို့ကို သူကြီးအိမ်တွင် တည်းခို ခြင်းမပြုဆိုသည့်သဘောပါကလား။

ဘယ်ရွာရောက်ရောက် သူကြီးအိမ်တွင် ကျွန်တော်တို့ တည်းခိုရခြင်းဖြစ်၏။ ယခုတော့ ဘာကြောင့်ပါလိမ့်။ စိတ်ပြင်နေ သော တဲဖြစ်လေခြင်းကြောင့်များလား။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိမ်မှာ ထားဖို့ဆိုတာ မဖြစ်နိုင်တဲ့အကြောင်းတွေ အများကြီးရှိတယ်"

သို့လည်း သူကြီးအဘိုးအိုက ပြောရင်း ကျွန်တော်တို့ကို ရှာတွင်းပြန်ခေါ်သွားတော့၏။

"အဘိုး… မြေးလေးလည်း လိုက်မယ်"

"အေး… အေး…"

သို့ဆိုတော့ ကောင်လေးလည်းပါလာချေတော့၏။

"မင်းတို့တွေ ငါတို့ရွာကို စိတ်ဝင်စားလို့ လာကြတာ အမှန်နော်"

"ဟုတ်ပါတယ်"

"တခြားကိစ္စ ရှိနိုင်မလား"

ဘုရားရေ… ဘာကိုဆိုလိုချင်တာပါလိမ့်။ ကျွန်တော်တို့ တောတောင်ထဲတွင် တွေ့ဆုံခဲ့ရသည့် လူကြီးနှင့် ကျစ်ဆံမြီးနှင့် အမျိုးသမီးကို တွေ့လိုခြင်း သိလေသည်ကြောင့် သို့ မေးလာခြင်း များလား။

"မဟုတ်ပါဘူး၊ မထင်မှတ်ဘဲ ရောက်လာတာပါ၊ သည်ရွာအပြင်ဘက်မယ် ဝက်ပါရှိနေတာရယ်ကြောင့် သည်ရွာလေးက ထူးဆန်းတဲ့လူတွေရှိလိမ့်မယ်ထင်လို့ လာကြတာပါ၊ တခြား ဘာကိစ္စမှ ကျွန်တော်တို့ ပါမလာပါဘူး"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေသည်ကြောင့် အဘိုးအို တစ်ယောက် ပြုံးသွားချေတော့၏။

သို့ပေမင့်…

"အဘိုး… အဘိုး… ပြောလေ… ပြောလေ၊ နားထောင် ဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ… ကောင်လေးက အလာချည်းပါလား။ ကောင်လေးက အဘိုးအိုနားကပ်၍ သို့ပြောလိုက်သည်ကို ကြားလိုက်သဖြင့် ကျွန်တော် ကောင်လေးကို စိတ်ဝင်တစားကြည့်မိချေတော့၏။ သည်ကောင်လေး ကြည့်ရသည်မှာ ထက်ထက်မြက်မြက်ရှိပုံပင်။ အရွယ်နှင့်မလိုက်အောင် တော်သူ ဖြစ်ချိမ့်မည်။ အင်းလေ… ရွာသူကြီးရဲ့မြေးလေးဆိုတော့ သည်လောက်တော့ ရှိမပေါ့။

'ပြောလေ၊ ဘာပြောမလို့လဲ'

'ဟို… ဟို… ဒေါ်လေး၊ ဒေါ်လေး၊ ဒေါ်လေးနဲ့ ဦးကြီးတို့ ပြဿနာရှာလာပြန်ပြီထင်တယ်'

'ဟေ…'

ဘုရားရေ… ကောင်လေး ဝင်ပြောလာသည်ကြောင့် သူကြီးအဘိုးအို အံ့အားသင့်သွားပုံပင်။

ကျွန်တော်တို့သည်လည်း အဓိပ္ပာယ်သိလို၍ဖြစ်လေ၏။

'ပြောလေ၊ ဘာပြောလိုက်တယ်'

သူကြီးအဘိုးအိုက ကောင်လေးကို သို့မေးလိုက်ချေ၏။ သည်တွင် ကောင်လေးက ကျွန်တော်တို့ကို လှည့်ကြည့်လာချေပြီး သူ့အဘိုးနားတိုးကပ် ဘာပြောလိုက်သည်မသိ ကျွန်တော်တို့ မကြားလိုက်ပါချေ။ အဘိုးအိုသည် မျက်စိမျက်နှာပျက်သွားလေပြီး…

'အဘိုး ပြန်လာခဲ့မယ်၊ မင်းဒေါ်လေးနဲ့ ဦးကြီးကို ပြော၊ ညကျ အိမ်လာခဲ့ဦးလို့၊ ဟုတ်လား'

'ဟုတ်'

ကောင်လေးက သို့ပြောပြီး ကျွန်တော်တို့ကိုကြည့်ပြီး ပြုံးပြုံး ထွက်ပြေးသွားချေလေ၏။

'ဟင်း… ဟင်း… ဟင်း… မြေးလေးက အတတ်

www.burmeseclassic.com



ကလေးပါ၊ ဟဲ… ဟဲ… ဟဲ… ရောက်ပြီ၊ သည်အိမ်မှာနေကြချေ'

'ဟင်…'

'အို…'

ကြည့်စမ်း… ကောင်းလိုက်တဲ့အိမ်။ တန်းလျားကြီးဖြစ်ချေ၏။

'ကျွန်တော်တို့ သည်မှာနေရမှာလား'

'ဟုတ်တယ်'

'တစ်ခုပြောခဲ့ရဦးမယ်၊ ကျုပ်ပြန်မလာမချင်း သည်အိမ်ကနေ ဘယ်မှမသွားကြပါနဲ့၊ ဟုတ်လား၊ ကျုပ် ရှာသားတွေနဲ့ ဆွေးနွေးရမယ်၊ မောင်ရင်တို့ကိစ္စပေါ့'

'ဟုတ်ကဲ့ပါ… စိတ်ချ… ကျွန်တော်တို့ နားနေချင်တာပဲ လောလောဆယ်ရှိပါတယ်'

စိတ်လွတ်ကိုယ်လွတ် နားလိုက်ကြချေ။ တော်ကြာနေ မောင်ရင်တို့တွက် စားစရာတွေလာပေးလိမ့်မည်။

သို့ဆိုလျက် အဘိုးအို ထွက်သွားချေတော့၏။

ကျွန်တော်တို့သည် ထိုစခန်းတဲတန်းလျား သွားလိုက်ကြတော့၏။

တန်းလျားသည် ပေ ၂၀ ခန့်သာရှိချိမ့်မည်။ မြေစိုက်တော့ဖြင့် မဟုတ်။ ခါးစောင်းလောက်တွင် ဆင့်ခံ၍ ဝါးကြမ်းခင်းများခင်းထားခြင်းဖြစ်ချေ၏။ ကျွန်တော့်အမြင်ပြောရလျှင်ဖြင့် ဝါးပိုးပါးများကို ခွဲစိတ်၍ ကြမ်းခင်းလုပ်ထားခြင်းကြောင့် အမျိုးစုသည် ပြောင်ချောလို့သာနေချေ၏။ အမိုးကိုတော့မူ ကောင်သိန်းရွက်များဖြင့် ပြုလုပ်ထားချေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တန်းလျားဟုပြောရမည်ထက် တစ်ဖက်ရပ်တဲဟုဆိုလျှင် ပိုမှန်လိမ့်မည်။

'ကိုပိုက်ရေ… ဘယ်လိုဖြစ်ဖြစ်ပေါ့ဗျာ၊ နားနားနေနေ နေလိုက်ကြတာပေါ့၊ ကျွန်တော့်အထင် သည်ရွာမယ် ကျစ်ဆံမြီး ပျိုဖြူနဲ့ လူကြီးကို တွေ့နိုင်မယ်ထင်တာပဲ၊ နို့မှ ဖထီချစ်ထွန်း သေရတဲ့ကိစ္စ သွေးရိုးသားရိုး ဟုတ်၊ မဟုတ် စုံစမ်းရတာပေါ့'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တဲပေါ်တက်၍ ဝါးပိုးဝါးကိုပင် တစ်ဆစ်ခန့်ဖြတ်၍ထက်ခြမ်းခွဲထားသည့် ခေါင်းအုံးကဲ့သို့ အသုံးပြုရန် ထားသည်ကို ခေါင်းအုံး၍ အိပ်ချလိုက်တော့၏။

'သည်လို ဝါးခုတ်ခေါင်းအုံးနှင့် အိပ်တာ အကောင်းဆုံးပဲဗျ၊ တစ်ကိုယ်လုံး အကြောအခြင်တွေ ပျော့ပျောင်းနိုင်တယ်၊ ပြီးတော့ ဇက်ကြောတက်တတ်သူအတွက် အဆင်ပြေလွန်းတဲ့ ဝါးခေါင်းဦးခေါ်မပေါ့'

သို့ ပြောလာချေ၏။

သို့မှ ကျွန်တော်နှင့် စောတာပုသည်လည်း ပစ္စည်းများကို ခေါင်းရင်းဘက်တွင် ချထားလိုက်ကာ လဲလျောင်းလိုက်မည်ပြုသည်တွင်…

'သူကြီး ပို့ခိုင်းတာ'

သို့အသံနှင့်အတူ မိန်းမကြီးတစ်ယောက် ရောက်လာလေ၏။ အသက်အားဖြင့် ၅၀ ကျော်ရှိချိမ့်မည်။ ကရင်မကြီးဟု ထင်ရ၏။ မျက်နှာပြဲပြဲ၊ မေးရိုးကားကား၊ မျက်ခုံးပါးပါး၊ နှုတ်ခမ်းထူထူ၊ နှာခေါင်းပွပွသဏ္ဌာန်ရှိချေ၏။ သူမ၏ လက်ထဲတွင် ငှက်ပျောသီးများ၊ သင်္ဘောသီးများ၊ မာလကာသီးများ ထည့်လာသည့် လင်ပန်းတစ်ချပ်လည်း ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'စားကြပါ၊ သူကြီးက မှာတယ်၊ ဘယ်မှတော့ မသွားကြပါနဲ့'

အမျိုးသမီးကြီးက သို့ပြောကာ သစ်သီးဗန်းကို ချပေးသွား၏။

တစ်ချိုးတည်း လှည့်ထွက်သွားချေ၏။

'ဟာ…'

'ဟင်…'

ထိုအမျိုးသမီးကြီးနောက် လှည့်လိုက်လေမှ သူမ၏ ဆံပင်ကို သတိထားကြည့်မိတော့၏။ ကောင်းလိုက်သည့်ဆံပင်။ တုတ်တုတ်ခဲခဲကြီးဖြစ်ချေ၏။ ကျစ်ဆံမြီးကျစ်ထားသော်လည်း လက်ကောက်ဝတ်ခန့်ရှိချေ၏။ အရှည်အားဖြင့် တင်ပါးဖုံးလုဖြစ်ချေ၏။

'သည်အမျိုးသမီးကြီးဆံပင် ကောင်းလိုက်တာဗျာ'

ကျွန်တော်က ပြောလိုက်၏။

တောထဲမှာလှည့်လည်နေသည့် အမျိုးသမီးများလား။

စောတာပုက ပြောလာပြန်၏။

'ဘယ်လိုဟုတ်နိုင်မှာလဲ ဖထီးရယ်၊ ဟိုတစ်ယောက် အသက်ငယ်ငယ်မိန်းမပျိုလေးပါ၊ ရှိမှ နှစ်ဆယ်အထက်ပေါ့၊ သူမထက် ငယ်ဖို့ပဲရှိတယ်'

သို့ ကျွန်တော်က ပြောလိုက်ပြီး…

'အာ… အမိုး၊ အမိုး… ခဏနေပါဦး'

ကျွန်တော် တစ်စုံတစ်ရာကိုသတိရလိုက်သဖြင့် ကျွန်တော်တို့အပါးမှ ထွက်ခွာသွားသော မိန်းမကြီးကို လှမ်းခေါ်လိုက်ချေ၏။

'ဘာတုံး'

သူမ ခြေလှမ်းများ ရပ်တန့်သွား၏။ ကျွန်တော်တို့ဘက် ပြန်လှည့်ကြည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ… မေးစရာရှိလို့ပါ'

'မေးလျှင်ဖြင့်လည်း မေးလေ၊ ငါသိတာ ပြောရမပေါ့၊ အေး… ငါ မသိတာတော့ မဖြေနိုင်ဘူး၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ အမိုး'

'ငါ ကရင်မဟုတ်ဘူး၊ ဗမာပဲကွယ့်၊ အမိုး အမိုးလို့ မခေါ်နဲ့၊ ဟုတ်ပြီလား'

'ဩော်… ဟုတ်ကဲ့ပါ အစ်မကြီး'

'ငါ သွားစရာ လုပ်စရာရှိသေးတယ်၊ တခြားမဟုတ်ဘူး၊ မင်းတို့စားဖို့ ချက်ပြုတ်ပေးရဦးမှာ'

'အထွေအထူး ချက်မကျွေးပါနဲ့ဗျာ'

သို့ ကျွန်တော်က အားနာစွာပြောလိုက်၏။

'နို့က အိမ်ရှင်တွေကိစ္စပါ၊ စေတနာ သဒ္ဓါသလောက်တော့ ကျွေးမှာပဲ၊ စောစောက မင်းတို့ကိစ္စလည်း ပြောလေ။ စောစောက မင်းတို့မေးမယ်ဆို ဘာလဲ'

'ဩော်… ဒီလိုပါ အစ်မကြီး၊ အစ်မကြီးဆံပင်မျိုးနဲ့ အဲလိုကျစ်ဆံမြီးအကြီးကြီးကျစ်နောက်ကျောချထားတဲ့ အမျိုးသမီး တစ်ယောက် သည်ရွာမှာ ရှိတယ်မဟုတ်လား'

'ဟား… ဟား… ဟား… ဟား… ဟီး… ဟီး… ဟင်း… ဟင်း… ဟင်း… အဟား… ဟား… ဟား…. ဟား… ဟား…'

ကျွန်တော့်စကားက ဘာရယ်စရာပါသွားသည် မသိ။ အမျိုးသမီးကြီးက သို့ ရယ်မောလာချေသဖြင့်…

'နို့က ဘာလို့ရယ်ရတာတုံး၊ ဘာရယ်စရာရှိလို့တုံး၊ ကျွန်တော်က ကျစ်ဆံမြီးကျစ်အမျိုးသမီးငယ်တစ်ဦးရှိလားလို့မေး တာ'

www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်… ရှိတယ်…'

သို့ဆိုတော့ ကျွန်တော် လွန်မင်းစွာ ဝမ်းသာသွားသလို လင်းမြင့်လှိုင်နှင့် စောတာပုသည်လည်း ဝမ်းသာသွားကြပုံပင်။

'ဟုတ်ပြီ၊ ရှိတယ်ဆိုလျှင်ဖြင့် တွေ့နိုင်မလား၊ တွေ့ချင်တယ်'

'ဟင်း…ဟင်း…ဟင်း… ရှိတယ်ဆိုတာ တစ်ယောက်တည်းကို ပြောတာ မဟုတ်ဘူး'

'အို… အစ်မကြီးရယ်၊ နှစ်ယောက်ဖြစ်ဦးတော့ တစ်ယောက်ယောက်ကတော့ ကျွန်တော်တို့တွေ့ချင်တဲ့ အမျိုးသမီးဖြစ်ဖို့ သေချာတယ်၊ တစ်ခုတော့ရှိတယ်၊ အစ်မကြီး ဆံပင်ကျစ်ထားသလို တုတ်တုတ်ခိုင်ခိုင် ဆံပင်ရှည်ရှည်အမျိုးသမီးနော်'

'ဟုတ်ပါတယ်…ရှိပါတယ်၊ တစ်ရွာလုံး ရှိတဲ့အမျိုးသမီးတွေက ငါ့လိုချည်းပါပဲ၊ မင်းတို့ တွေ့ချင်တာ ဘယ်သူလဲမသိဘူး၊ သူကြီးပြန်လာမှ သူကြီးကိုမေး သူခေါ်ပေးပါလိမ့်မယ်၊ အများကြီးပဲ၊ တစ်ရွာလုံးက ငါ့လိုဆံပင်ရှိကြသူချည်းပဲ'

'ဗျာ…'

'ဟင်…'

အမျိုးသမီးကြီးက သို့ပြောပြီး ထွက်သွားချေလေ၏။

ဘုရားရေ… တစ်ရွာလုံး သို့ ကျစ်ဆံမြီးနှင့်ဆိုပါကလား။ အံ့ဖွယ်ကောင်းသေးတော့၏။

'ကဲပါ ကိုပိုက်ရယ်၊ အားလုံး တစ်ရွာလုံးဖြစ်ဦးတော့ ဘာဖြစ်လဲ၊ ကျွန်တော်တို့ မျက်နှာကိုမှတ်မိနေတာပဲ၊ ကိုယ်လုံးကိုယ်ပေါက်ကိုလည်း သိနေတာပဲ၊ တစ်ရွာလုံး ဆိုင်တူဂိုက်တူ မဖြစ်လောက်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ရွာလုံးက တစ်ပုံစံတည်းပဲကွ၊ မင်းတို့ အကြည့်မှား သွားလိမ့်မယ်'

သို့အသံနှင့်အတူ သူကြီးအဘိုးအိုပြန်လာချေ၏။ သူကြီး အဘိုးအိုနှင့်အတူ ကောင်လေးလည်း ပါလာချေ၏။

စောတာပုက ကောင်လေးလက်မှ ပုလင်းကိုကြည့်ပြီး…

'ဘာလဲ'

မေးလိုက်၏။

'မျှားရည်ရယ်၊ အဘိုးကို ပေးလိုက်တာ'

ကောင်လေးက ပြောပြီး ကျွန်တော့်အား ကြည့်၍…

'အဘိုးကို ဦးကြီးတို့က လက်ခံညှေ့ခံလိုက်ပါလို့ ပြော လိုက်တယ်'

'ဟင်…'

'အလို…'

ဘယ်လိုဖြစ်ပါလိမ့်။ ရွာလူကြီးက သူ့သဘောသူဆောင် သင့်တာ မဟုတ်ပါကလား။ သည်ကောင်လေး ပြောပုံအရ ထို အဘိုးအိုသည် သူကြီးဆိုတာ ဟုတ်ပါရဲ့လား။ ရွာထဲသွား၍ ကျွန်တော်တို့ကိစ္စ တင်ပြခဲ့ရတယ်ဆိုပဲ။

'ဘယ်လိုကြီးပါလိမ့်'

'ဘယ်လိုလဲ၊ မင်းတို့ ငါ့ကို သူကြီးဟုတ်ရဲ့လားလို့ ထင်နေကြတာလား'

'ဟို… ဟို… အဲဒါက ဟိုလေ…'

ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားတော့၏။ သို့ဆို သလို အဘိုးအိုကို ဘာပြန်ပြောရမှန်း မသိတော့ပါချေ။

'အသက်အကြီးဆုံး၊ ပြီးတော့ အလုပ်အကိုင်မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အသောက်အစား အပျော်အပါးမရှိဘူး၊ နို့ကြောင့် ငါ့ကို လူကြီး ခန့်လိုက်တာ၊ သည်ကောင်လေးနဲ့ ငါနဲ့ နေကာ'

'ဩော်...'

'သည်တော့ ငါက ရပ်ရေးရွာရေးကိစ္စတွေကို လိုက်ဆောင်ရွက်နေရတာပါ၊ ဆိုပါစို့ကွာ... ရွာစည်းရိုးပေါက်နေတာတို့၊ လင်မယားရန်ဖြစ်တာတို့၊ ရေတွင်းဖော်ဖို့ကိစ္စတို့၊ သီးနှံစိုက်ပျိုးတာတွေ ပျက်ဆီးမှု ရှိ၊ မရှိတို့၊ ပြီးတော့ အစုံပေါ့ကွာ၊ ဖြစ်လာလျှင် ငါက စုံစမ်းသင့်တာ စုံစမ်း၊ ဖြေရှင်းသင့်တာ ဖြေရှင်းပေါ့ကွာ၊ ပြီးတော့ တစ်နေရာနဲ့ တစ်နေရာ ကူးလူးဆက်ဆံဖို့ရှိလျှင်ဖြင့်လည်း ငါက ရွာသူကြီးတစ်ယောက်အနေနဲ့ ရွာလူတွေကိုယ်စား လိုတယ်လေ၊ ငါ့ကို သူတို့က အဲသည်တွက် ထောက်ပံ့ကြတယ်၊ ငါ တခြားအလုပ် လုပ်စရာမလိုဘူး၊ နေဖို့ စီစဉ်ပေးတယ်၊ စားဖို့ သောက်ဖို့ လုံလုံလောက်လောက်ပေးတယ်၊ တကယ်တော့ သူကြီးဆိုတာ အာဏာမပိုင်ပါဘူး၊ ရွာသားတွေ ပိုင်တာပါ'

'အလိုလေးဗျာ...'

ဘယ်လိုလူကြီးပါလိမ့်။

ကျွန်တော်သည် ရွာသိမ်ရွာငယ်များ မကြာခဏ ရောက်ဖူး၏။ သူကြီးနှင့် ဆက်ဆံဖူး၏။ အာဏာရသူကြီးများချည်း ဖြစ်ကြ၏။

သူကြီး၏ တစ်ချက်လွှတ်အမိန့်ကို နာခံတတ်ကြမြဲဖြစ်၏။ သို့ကြောင့်လည်း အာဏာရသူကြီးဟု ဆိုကြခြင်းပင်။ ခု ကျွန်တော်တို့တွေ့ရတဲ့သူကြီးကတော့ အဆန်းသားကလား။

'ကိုပိုက် မရှင်းဘူးလား'

လင်းမြင့်လှိုင်က တိုးတိုးကပ်မေးလာ၏။

'အေးဗျာ...` မရှင်းသလိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူကြီး ပြန်သွားလျှင် ပြောပြပါ့မယ်'

'ကဲ... ကဲ... မင်းတို့ စားကြချေ၊ လွတ်လွတ်လပ်လပ် နေကြချေ၊ အေး... တစ်ခုတော့ရှိတယ်၊ ညှို့သည်က ညှို့သည် လိုနေပါ၊ နို့ဆိုလျှင်ဖြင့် အိမ်ရှင်ကလည်း အိမ်ရှင်ပီသအောင်နေပြီး ညှို့ဝတ်ပြုမှာပါ၊ ဟုတ်ပြီလား...'

သူကြီးအဘိုးအိုက သို့ပြောပြီး လှည့်ထွက်သွားတော့၏။

ကောင်လေး ကျန်ခဲ့ချေ၏။

'မင်း လိုက်မသွားဘူးလား'

ကျွန်တော်က မေးလိုက်၏။

'အဘိုးက ဦးကြီးတို့ကို ညှို့ခံဖို့ ကျွန်တော့်ကို ထားခဲ့တာ'

'ဟေ...'

'ဟင်...'

'နို့ဖြင့် မင်းအဘိုးရဲ့ ပျားရည်ပုလင်း သွားယူခဲ့ချေမလကွာ၊ သည်မယ်ဆို ငါတို့ သောက်မိလိမ့်မယ်'

သို့ ကျွန်တော်က ကောင်လေးကို နောက်ပြောင်ပြောလိုက်ချေ၏။

'အဘိုးက သူ့ပစ္စည်းကို မနှမြောတတ်ဘူး၊ ဦးကြီး သောက်ချင် ယူလိုက်လေ'

'ဟာ... သည်ကောင် နောက်တာပါ'

သို့ ကျွန်တော်က ကောင်လေးလှမ်းပေးလာသည့် ပျားရည်ပုလင်းကို ပြန်ပေးလိုက်ရချေတော့၏။

'ဦးကြီးရော ယူမလား'

'ဦးကြီးရော သောက်မလား'

www.burmeseclassic.com

www.burmeseclassic.com



သို့လည်း လင်းမြင့်လှိုင်နှင့် စောတာပုတ္တိ ပုလင်းကိုကမ်းပေး ပြောလေ၏။

အားလုံးက ခေါင်းခါကြ၏။

'မင်းအဘိုးအတွက်ပဲ ယူသွားလိုက်ပါကွာ၊ အေး… နေဦးကွ၊ ငါတို့မယ် စားစရာပါတယ်၊ မင်းတို့အတွက် ပေးလိုက်ဦးမယ်'

ကျွန်တော်က သို့ပြောပြီး ကျွန်တော့်တွင်ရှိ ဝီစကီသောက်လျှင် အရေးပေါ် အမြည်းလုပ်ရန်အလို့ငှာ ယူလာသည့် ချိ(စ်)ပြားလေးများကိုယူ၍ ထုတ်ပေးလိုက်သည်တွင် ကောင်လေးက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ချေပြီး…

'ဘာလဲ… အဘိုး သူကြီးလုပ်တာကို မကြိုက်လို့လား'

'ဟင်…'

အလိုလေးဗျာ… ကောင်လေး ဘာကိုဆိုလိုတာပါလိမ့်။

'မင်းကွာ… ငါတို့က မင်းအဘိုးစားဖို့ပေးတာ၊ နို့ဘာဆိုင်လို့ မင်းအဘိုး သူကြီးဖြစ်တာ ငါတို့ မကြိုက်ရမှာတုံး'

'အဘိုးက ဘယ်သူပေးတာမှ မယူဘူး၊ ယူလို့လည်း မရဘူး၊ ကျွန်တော်က အဘိုးအတွက် စားဖို့ ယူချင်တာပေါ့၊ အဘိုးက ဖျက်တယ်လေ၊ အဘိုးကို ပြောဖူးတယ်၊ အဘိုး ယူလိုက်၊ သူတို့ပေးတာ ကိုယ်လုယူတာ မဟုတ်ဘူး၊ ခိုးယူတာ မဟုတ်ဘူး၊ အဲလိုပြောဖူးတယ်'

'ဟုတ်ပါပြီ၊ မင်းတို့အဘိုးက ဘာပြောလဲ'

ကျွန်တော်က မေးလိုက်၏။

'ငါပြောတာ မှတ်ထား၊ လူဆိုတာ ခိုးယူတာ မကောင်းဘူးဆိုပေမင့် သူများတံစိုးလက်ဆောင်ပေးတာယူတာမှ ပိုဆိုးတာကွတဲ့'

အလိုလေးဗျာ… တယ်ဟုတ်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



"နို့… နေပါဦး၊ တံစိုးလက်ဆောင်ယူတော့ ဘာဖြစ်လဲ"

"အဘိုးကို ကျွန်တော်လည်း မေးဖူးတယ်"

"ဟုတ်ပြီ၊ ပြောပါဦး"

"တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတာ ရှိတယ်တဲ့၊ ပေးတာယူကျွေးတာစားလျှင်ဖြင့် သူခိုင်းတာ လုပ်ရတော့မယ်တဲ့၊ တံစိုးလက်ဆောင်ပေးတာ သူ့ပစ္စည်းယူမိလျှင် နောက်ဆက်တွဲပြဿနာတွေ ပေါ်လာတတ်တယ်တဲ့၊ သူတို့က တစ်ခုခုအနိုင်အထက်လုပ်လာလိမ့်မယ်၊ တစ်စုံတစ်ဦးကို ထိခိုက်နိုင်တယ်၊ နို့မှမဟုတ်တစ်ရွာလုံးကို ထိခိုက်နိုင်တယ်တဲ့၊ နို့ကြောင့် တံစိုးလက်ဆောင်ဆိုတာ မယူကောင်းဘူးတဲ့၊ နို့မှ သူကြီးပီသတာတဲ့လေ"

ဘုရားရေ… ကျွန်တော် ကောင်လေးပြောသည်ကို ယုံရခက် မယုံရအခက်ကြီးပါကလား။ ထိုသည်ကို ကျွန်တော်သိ၏။ လူတိုင်းလည်း သိ၏။ သို့ပေမင့် လိုက်နာနိုင်ခြင်းမရှိခြင်းကများကြချေ၏။ ယခု တစ်ယူသန်ရွာသူကြီးကတော့ ဘယ်လိုပြောရမလဲ၊ စစ်မှန်တဲ့သူကြီးလို့ ပြောရလေမည်လား။

"အေးလေ… မင်းအဘိုးက ကြီးကြီးကျယ်ကျယ် ပြောတာပဲကွ၊ ကြည့်စမ်း ခုနက မင်းတို့လာတုန်းက သူများက ပျားရည်ပုလင်း ပေးလိုက်တယ်ဆို၊ နို့ကရော တံစိုးလက်ဆောင်လိုမဖြစ်ဘူးတဲ့လား"

သို့ လင်းမြင့်လှိုင်က ဝင်ပြောလိုက်လေ၏။

သို့ဆိုတော့ ကောင်လေးက လင်းမြင့်လှိုင်ကို စိန်းစိန်းကြည့်လိုက်ချေပြီး…

"သည်ပစ္စည်း အဘိုးအတွက်ပေးလိုက်တာ မှန်တယ်၊ နို့ပေမင့် ပေးလိုက်တဲ့ သည်ရွာသားတွေအားလုံးက ဆုံးဖြတ်ပြီးပေးလိုက်တာလေ၊ အဘိုးရဲ့ ကျန်းမာရေးအတွက် ပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



'ဟော...'

'ဟင်...'

'နို့ကြောင့် ဒါက တံစိုးလက်ဆောင်မဖြစ်နိုင်ဘူးဗျ၊ တံစိုးလက်ဆောင်ဆိုတာက သတ်သတ်၊ ကန်တော့တာက သတ်သတ်၊ လက်ဆောင်က သတ်သတ်၊ ကောင်လေး သည်အဓိပ္ပာယ်တွေကို ကြည့်တဲ့ အဘိုး ပြောဖူးတယ်'

သို့ဆိုတော့ ကျွန်တော်သည် ကောင်လေးကို ကြည့်မိပေမင့် သူ့အား မည်သို့ပြောရမည်ကို မစဉ်းစားတတ်အောင်ဖြစ်ချေလေ၏။

မြို့ပြတွင်တော့ သို့ မဟုတ်။

ကန်တော့တာဆိုပြီး ပေး၏။ တံစိုးလက်ဆောင်ဆိုပြီး ပေး၏။

စေတနာနဲ့ ပေးတာဆိုပြီး ပေး၏။ သို့ပေမင့် စာလုံးခေါင်းစဉ်သာ ကွဲသွား၏။ တကယ်တော့ လာဘ်ပေးလာဘ်ယူ လုပ်ခြင်းသာ ဖြစ်ချေတော့၏။

ထိုသည်ကို ကျွန်တော်က ကောင်လေးအား မည်သို့ပြောရပါလိမ့်မည်နည်း။

'ကိုလင်းရေ တကယ်ပဲ စိတ်ဝင်စားစရာကောင်းတဲ့ ရွာလေးပဲဗျ၊ ပြီး သူကြီးဆိုတာကလည်း တကယ့်ရွာသူကြီးပေပဲဗျ'

'နို့ဖြင့်လည်း ကျွန်တော်တို့ သည်မယ် ရက်အတန်ငယ် နေကြတာပေါ့'

ကျွန်တော်တို့ကို စောတာပုက ပြောလာလေ၏။

'သူတို့ လက်ခံလျှင်တော့ နေမပေါ့'

ကျွန်တော်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အိမ်သာလို့ ညွှန်လာတာပဲရှင်၊ နေချင် နေသာနေကြစမ်းပါ၊ ညွှန့်သည်က ညွှန့်သည်လိုနေလျှင် ရတယ်'

အလိုလေးဗျာ… သို့အသံနှင့်အတူ အမျိုးသမီးကြီး ပြန်ရောက်လာချေတော့၏။ ကျွန်တော်တို့အား ထိုအမျိုးသမီးကြီးကမည်သည့်သက်ာမကင်းမဖြစ်ပေပြား ကျွန်တော်တို့အား အလေးအနက်ထား ဂရုတစိုက်ကြည့်နေခြင်းတော့ရှိသည်ဟု ကျွန်တော်ခံစားလိုက်ရ၏။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကလည်း ရောက်တုန်းရောက်ခိုက်တော့ သည်မယ် သုံး၊ လေးရက်လောက်တန်သည်နေမလားလို့'

သို့ ကျွန်တော်က ပြောလိုက်၏။ သည်တွင် အမျိုးသမီးကြီးက ကျွန်တော့်အား ပြုံး၍ကြည့်လာချေပြီး…

'ညွှန့်သည်ကို ပြန်ပါတော့လို့ ဘယ်အိမ်ရှင်မျိုးက ပြောဖူးလို့လဲရှင်၊ ပျော်သလောက်နေကြစမ်းပါ၊ ရှင်တို့က သည်ရွာကအများဆုံးဖြတ်ချက်နဲ့ ညွှန့်သည်အဖြစ် လက်ခံထားလိုက်ပြီပဲ'

အလိုလေးဗျာ… အများဆုံးဖြတ်ချက် ဆိုပါကလား။ ဘယ်တုန်းကများ သူတို့ သို့ စုဝေးဆုံးဖြတ်လိုက်ကြတာပါလိမ့်။

'ကျေးဇူးတင်ပါတယ်လို့ ထပ်ပြောလိုက်ပါရစေဦး၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ သည်မယ် နေထိုင်ကြတဲ့အတွက်စားရေးသောက်ရေးအတွက် သည်ရွာက ဝန်ပိလိမ့်မယ်ဆိုလျှင်ဖြင့်ပြောပါ၊ ကျွန်တော်တို့က မုဆိုးတွေပါ၊ ရိက္ခာရှာပေးပါ့မယ်'

သို့ စောတာပုက ပြောလေသည်တွင် သို့ အမျိုးသမီးကြီးက မျက်လုံးမျက်ဆန်ပြူးသွားလေပြီး…

'အလိုရှင်… ဘယ်လိုဖြစ်နိုင်မှာတုံး၊ ကျွန်မတို့ရွာက

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်လည်း မွဲနေတာမဟုတ်ပါဘူး၊ လူတိုင်းကိုယ်စီ အလုပ်လုပ်ကြသူချည်းပါ၊ သက်ကြီးရွယ်အိုနဲ့ သူကြီးကလွဲလျှင်ပေါ့"

ကျွန်တော်က လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ချေ၏။ ကျွန်တော်၏အကြည့်အဓိပ္ပာယ် သိလိုက်ဟန်တူသော လင်းမြင့်လှိုင်က ထိုအမျိုးသမီးကြီးအား သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေကာ...

"နို့ဖြင့် အားမနာတော့ဘူးနော်"

ပြောလိုက်ချေတော့၏။

"အားမနာတော့ဘူးဆိုလျှင်ဖြင့် သူကြီးက သူ့အိမ်မယ်ထမင်းစားကြဖို့ ခေါ်ခိုင်းလိုက်လို့ပါ၊ လိုက်ခဲ့ကြပေရော့၊ အဆင်သင့်ဖြစ်ပြီဆိုလျှင်ပေါ့"

"ကောင်းပါပြီဗျာ၊ ကျေးဇူး"

ကျွန်တော်က သို့ပြောလိုက်ချေပြီး သေနတ်ကိုယူ၍ တဲတန်းလျားပေါ်မှ ဆင်းလိုက်ကြသည်တွင်...

"အဲဒါကြီးတွေ ထားခဲ့ပါ၊ တကတဲ ညှော်မဆန်လိုက်တာ၊ သည်နေရာက ငြိမ်းချမ်းပါတယ်"

ဘုရားရေ...

ထိုအမျိုးသမီးကြီးကို ကျွန်တော် ဘယ်သို့နားလည်ရမည်မသိပါချေ။ ထက်မြက်သူဟု ပြောရမည်လား။ တစ်စုံတစ်ဦးက ကြိုတင်မှာကြားထား၍များလေလား။ သို့ကြောင့် လင်းမြင့်လှိုင်၏ သဘောထားကို သိလို၍ မေးလိုက်ပြန်၏။

"နို့ဖြင့်လည်း အဲလိုပဲလုပ်တာပေါ့၊ တစ်ခုပဲရှိတယ်၊ သည်မယ်ထားခဲ့လို့ လက်ဆော့ခြေဆော့ရှိလေမလား၊ ရှိလျှင်ဖြင့် မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ပါဗျ၊ တခြားတော့ ဘာမှမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သို့ဆိုသလို သေနတ်ကိုထားခဲ့ပါက ပျောက်သွားမည်စိုးရိမ်ခြင်းကို သို့ဆိုသလို လိမ္မာပါးနပ်စွာပြော လိုက်ခြင်းဖြစ်၏။

'ဟင်း… ဟင်း… ဟင်း… နို့ကတော့ စိတ်ချပါ၊ သည်ရွာက စည်းကမ်းရှိပါတယ်၊ သူတစ်ပါးပစ္စည်းကို ကိုယ်ထိ လက်ရောက်ခိုးယူဖို့မပြောလေနဲ့၊ စိတ်နဲ့တောင် ပြစ်မှားကြလိမ့်မယ် မဟုတ်ပါဘူး၊ ပြီးတော့ ရှင်တို့ကို အံ့ဩစရာတစ်ခု ပြောထားရဦး မယ်၊ ကျွန်မတို့ရွာမလည်း ဘာသာတရားနဲ့ပတ်သက်လို့ အမြဲလာ ပြီး ပြောဆိုသွန်သင်ဆုံးမတဲ့ ရသေ့ကြီးတစ်ပါးရှိတယ်၊ ထုံးစံဆို သည်ကနေ့ ရွာကိုရောက်လာမယ့်ရက်ပဲ၊ ရှင်တို့ ကံကောင်းတယ်၊ ရှင်တို့ကို သည်မယ် တည်းခိုခွင့်ပေးတာလည်း အဲလို မင်္ဂလာရက် တိုက်ဆိုင်နေတာလည်း ပါတာပေါ့ရှင်'

'ဟင်…'

'အလို…'

'ဟာ…'

'ကိုပိုက်ရေ… ကျွန်တော်တို့ အင်မတန်ကို စိတ်ဝင်စား စရာတွေနဲ့ ကြုံနေရပြီပဲဗျ၊ နို့ကြောင့် သူတို့ သဘောကျနေကြတာ ပေါ့၊ သူတို့က လူကောင်းတွေဖြစ်မှာပါ။ ပြီးတော့ ရသေ့ကြီးကို လည်း တွေ့ချင်လိုက်တာဗျာ'

'ဟုတ်ပြီလေ… ကျွန်တော်တို့ကို နားလည်ပေးပါဗျာ၊ ကျွန်တော်တို့ ဘယ်လိုနေရမယ် ထိုင်ရမယ် ပြောဆိုရမယ်ဆိုတာ လည်း သင်ပြပေးပါ၊ ကဲ… ကဲ… ဖထီရေ သွားကြတာပေါ့'

သို့ဆိုလျက် ကျွန်တော်တို့သည် အမျိုးသမီးကြီးဦးဆောင် မှုဖြင့် ထိုတဲတန်းလေးမှ သူကြီးအိမ်ဘက်သို့ ထွက်ခဲ့ကြတော့သည်။

သို့မှသည် ကျွန်တော်တို့သည် သူကြီးအဘိုးအိုး၏ ဝံ့အိမ် တဲလွတ်လေးသို့ လျှောက်သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'သူကြီး သည်မယ် ရောက်လာကြပြီ၊ ကျုပ် ပြန်တော့မယ်'

'အေး… အေး… ကျေးဇူးတင်တယ်ကွယ်၊ ညကျလျှင်ဖြင့် ဖိုးသားကိုလည်း ပြောစမ်း၊ ဧည့်သည်တွေ အိပ်ဖို့ စီစဉ်ပေးချေဦးလို့၊ ဟုတ်လား'

'ဟုတ်ပြီ သူကြီး၊ ကဲ… ကျွန်မသွားမယ်၊ သူကြီးကရှင်တို့ကို တာဝန်ယူပါလိမ့်မယ်'

'လာကြဗျာ… လာကြပါ၊ အားမနာနဲ့၊ သူကြီးအိမ်ဆိုတော့ သည်လိုပဲပေါ့ဗျာ၊ သည်းခံကြပါ'

အလိုလေးဗျာ… ကောင်လေးပါကလား။ သူကြီး၏မြေးလေး ဖြစ်ချေတော့၏။

ကျွန်ုပ်တော်တို့ တဲကုတ်လေးတွင်း ဝင်လိုက်ကြ၏။

တဲလေးအတွင်း ထမင်းစားပွဲဝိုင်းကြီးတစ်ခု ရှိချေ၏။

'တစ်လက်စတည်း ထမင်းစားဖို့ လုပ်ကြပါ'

အဘိုးအိုက ရောက်လာပြောချေသဖြင့် ကျွန်တော်တို့သည် ထမင်းစားပွဲဝိုင်းတွင် နေရာကိုယ်စီယူလိုက်ကြ၏။

စားပွဲဝိုင်း၏ ဦးခေါင်းဘက်တွင်မတော့ အဘိုးအို ထိုင်ရန် နေရာလပ်ချန်လိုက်၏။

'အဘိုးလည်း တစ်ပါးတည်းစားမယ် မဟုတ်လား'

'အေးလေကွယ်… ငါ့ချည်းမဟုတ်၊ မြေးလည်းပါတာပေါ့၊ ငါတို့မိသားစုလိုက် စားကြမှာ၊ နို့ဆိုတော့ ကြိုပြောထားရမယ်၊ ဧည့်သည်လို သဘောထားလို့ မရဘူး၊ ဘယ့်နှယ် မင်းတို့ကို ဧည့်သည်လို ငါက သဘောထားတယ်၊ မင်းတို့ကလည်း မင်းတို့ကိုယ်မင်းတို့ ဧည့်သည်လိုသဘောထားတယ်ဆိုလျှင်ဖြင့် ဝမ်းလျားမှာပဲ မင်းတို့ကို ထမင်းကျွေးမှာပေါ့၊ ငါတို့က မိသားစုဖြစ်သွားပြီ၊

www.burmeseclassic.com



ခင်းတို့က ညှော်သည်မဟုတ်တော့ဘူး၊ လက်ရေတစ်ပြင်တည်းဆို သလို စားကြဦးကွာ'

သို့ဆိုလျက် အဘိုးအိုသည် ခေါင်းရင်းဘက်တွင် ထိုင် လိုက်ချေ၏။ သို့ဆိုတော့ ကောင်လေးကို အဘိုးအိုနှား ထိုင်ခိုင်းလိုက် ချေ၏။

ကျွန်တော်က ပြောလိုက်ခြင်းဖြစ်၏။

'ဘယ်လိုဖြစ်မှာလဲ၊ ခြေရင်းဘက်မှာ ထိုင်မှာ၊ ကျွန်တော် က သူကြီးရဲ့မြေးဆိုပြီး ညှော်သည်တွေအပေါ်မယ် နိုင်လိုမင်းထက် လုပ်တတ်ဘူး၊ ကလေးက ကလေးလိုနေမှာပါ၊ စားမှာပါ၊ ဟင်း… ဟင်း…'

သို့ဆိုလျက် ကောင်လေးသည် ခြေရင်းဘက်နေရာတွင် ဝင်ထိုင်လိုက်ချေတော့၏။

'ကဲ… ကဲ… စားလိုက်ကြဦး၊ သည်ထမင်းဟင်းက ရှိကွာတဲကနေ မင်းတို့ကို ကျွေးတာ၊ နောက်နေ့များမှ ညှော်သည် သို့ မင်းတို့ စားကြနော်၊ ညှော်သည်လို ကျွေးမယ်၊ တန်းလျားမှာ ပေါ့'

ဘုရားရေ… ဘယ်လိုကြောင့်ပါလိမ့်။

'ကဲ… ကဲ… ရွာလူကြီးက အလျှင်နှိုက်ပြီကွာ'

သို့ဆိုလျက် အဘိုးအိုသည် ဟင်းခွက်တစ်ခွက်တွင်းမှ အသားဟင်းတို့ကို ခပ်ယူ ပန်းကန်တွင်းသို့ ထည့်လိုက်ချေပြီး…

'မင်းတို့ စားကြလေကွာ၊ ကြိုက်တာနှိုက်စားကြချေ'

သို့ဆိုတော့ ကျွန်တော်က ချဉ်ပေါင်ရည်ဟင်းဟု ယူဆရ သော ဟင်းပန်းကန်တွင်းသို့ လက်လှမ်းလိုက်သည်တွင်…

'ဟင်…'

ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်သည်ကြောင့် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ကောင်လေးဖြစ်ချေတော့၏။ ကျွန်တော့်ကို ပြုံးပြလာချေ
ပြီး...

"ကိုယ့်ကိုယ်ကို နှိမ့်ချသလိုဖြစ်လိမ့်မယ်၊ ဘာသာစဉ်းစား
ကြပါဦး၊ ကိုယ့်ရဲ့ ရှိသင့်ရှိအပ်တဲ့ သိက္ခာကလေးကိုတော့ စောင့်
ထိန်းသင့်တယ်"

ဘုရားရေ... ကောင်လေး ဘာကိုဆိုလိုတာပါလိမ့်၊
သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ သူလေးက
ဘယ်လိုလဲပေါ့။

သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်အား ပြုံးပြလာချေ
ပြီး...

အဘိုးအို နှိုက်ယူလိုက်သည့် အသားပန်းကန်ကို နှိုက်ယူ
လိုက်ချေ၏။ သည်တွင် ကောင်လေးက လင်းမြင့်လှိုင်က မေးငေါ့
ပြချေပြီး...

"တွေ့လား... အဲဒီဦးကြီးကမှ ပွင့်လင်းတယ်၊ တွေ့တယ်
လား၊ သူ့ရဲ့ဂုဏ်သိက္ခာတော့ ထိန်းတတ်တယ်၊ ကိုယ့်ကိုယ်ကိုယ်
နှိမ့်ချသလို မလုပ်ရဘူး၊ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ
အသားဟင်းကို အရင်နှိုက်ရမယ်၊ ပြီးမှ နှိုက်ချင်တာ နှိုက်၊ ဘာလို့
လဲဆိုတော့ အဘိုးကလည်း ပြောဖူးတယ်၊ လူနေချုံကြား စိတ်နေ
ဘုံဖျား ဖြစ်ရမယ်တဲ့၊ တစ်ခုတော့ ရှိတာပေါ့၊ တစ်ဖြဲ နှစ်ဖြဲ
မစားရဘူးကွ၊ သူများသဒ္ဓါစိတ်ပျောက်အောင် မစားရဘူး၊ ထိုက်
သင့်သလောက်ပဲ စားရမယ်တဲ့၊ ဟင်း... ဟင်း... ဦးကြီးကြည့်
တာ သူများအထင်သေးမှာစိုးလို့လုပ်တဲ့သဘောဆိုလျှင်ဖြင့် သည်
ကစပြီး ပြုပြင်လိုက်တော့"

ဘုရားရေ... အတော်လာတဲ့ကလေးပါလား။ သည်
ကလေးတွင် သို့အရွယ်ကလေးနှင့် သို့ဖြစ်နေလျှင် သူ့အဘိုးဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘယ်လိုနေပါလိမ့်မည်နည်း။ သို့ကြောင့် အဘိုးအိုသူကြီးကို ကြည့်လိုက်၏။ သူကြီးအဘိုးအိုက ကျွန်တော့်ကို ပြုံး၍ကြည့်နေခြင်းသာ ရှိချေ၏။

"မြေးလေး ပြောမှားဆိုမှားရှိလျှင်ဖြင့် ကျုပ်မျက်နှာနဲ့ ခွင့်လွှတ်လိုက်ပါ"

သို့သာပြောပြီး ထမင်းလုတ်ကို ပါးစပ်တွင်း ထိုးထည့်လိုက်ချေတော့၏။

သို့ကြောင့် လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။

ဟင်းရည်ကို နှိုက်သောက်လိုက်ချေတော့၏။ စောတာပုကို လှမ်းကြည့်လိုက်၏။ ဟင်းဖတ်ကို ကိုက်ဝါးနေချေတော့၏။ ကောင်လေးကို ကြည့်လိုက်၏။ ခေါင်းကြီးကိုငုံ့ အားပါးတရ ထမင်းစားနေချေတော့၏။ သို့ကြောင့် ကျွန်တော်သည်လည်း သို့ဆိုသလို စားလိုက်ချေတော့၏။

ကျွန်တော်၏ အတွေးအခေါ်အယူအဆကို ထိုနေ့မှစ၍ ပြောင်းလိုက်ချေတော့၏။ ကျွန်တော်၏ သဘောထားကတော့ အစားကြီးသူ မဟုတ်။ အစားငမ်းသူ မဟုတ်ကြောင်း သိစေချင်လို၍ ဖြစ်၏။ သို့ကြောင့် ကျွန်တော်သည် ထမင်းဝိုင်းတွင် အရံဟင်းလျာကိုသာ စတင်နှိုက်လေ့ရှိသူဖြစ်ချေတော့၏။

တချို့က ထမင်းဖိတ်ကျွေးသည်မှာ လူတစ်ယောက်၏ စိတ်ထားကို စမ်းသပ်လိုခြင်းလည်း ရှိလောက်၏။

တချို့က စေတနာအရင်းခံဖြင့် ကျွေးမွေးလို၍ ဒါနပြုလို၍ ဖိတ်ကျွေးခြင်းဖြစ်တတ်ကြ၏။

သို့ဆိုတော့ ဘယ်သူက ကြိုသိနိုင်ပါလိမ့်မည်နည်း။ သို့ဆိုတော့ ကောင်လေးပြောသလို ပုံမှန်လုပ်ဆောင်ခြင်းသည် အကောင်းဆုံး၊ အသင့်တော်ဆုံး မဟုတ်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့သည် ထမင်းဝိုင်းတွင် စကားပြောကြ ခြင်းမရှိလေဘဲ ကိုယ်စီ သိမ်ဝပ်စွာစားနေကြတော့၏။ ကောင်လေး သည် ကလေးဖြစ်ပေမင့် ကလေးပီသစွာ တပ်မက်ခြင်း၊ လောဘ တက်ခြင်း၊ ရူန္ဒြေပျက်ခြင်းဖြင့် စားလေခြင်းမရှိသည်ကို တနေ့ တစောင်း မြင်လိုက်ချေတော့၏။ ထမင်းလုပ်ကို အားပါးတရ ဝါးခြင်းသာ ရှိချေ၏။ အသားဟင်းလျာကို အာသာငမ်းငမ်းစား လေခြင်းတော့ဖြင့် မရှိပါချေ။

သို့မှ ကျွန်တော်တို့သည် ထမင်းပွဲပြီးဆုံးသွားသည်နှင့် ကောင်လေးက အကြမ်းအိုးနှင့် လက်ဖက်သုပ်ပန်းကန်၊ ပြီးတော့ ထန်းလျက်ခဲပန်းကန်ကို ယူလာပေးချေ၏။

'ထမင်းစားပြီးလျှင် ထန်းလျက်စားဖို့အသင့်တော်ဆုံးပဲဗျ စားကြတာပေါ့'

သို့ ကောင်လေးက ပြောလာလေတော့၏။

သို့မှ ကျွန်တော်တို့သည် အဖန်ရည်သောက်ရင်း လက်ဖက် သုပ်စားရင်း ထန်းလျက်စားရင်း စကားစမြည်ပြောကြချေတော့၏။

စကားပြောဆို၍ အာလာပ သလ္လာပသာ ဖြစ်သည်ဆိုပေ မင့် ကျွန်တော်တို့ အမဲလိုက်ခြင်းကိစ္စများသာ ဖြစ်ချေတော့၏။

'သားသတ်မုဆိုးဘဝဆိုပေမင့် သတ္တဝါလေးတွေကို ညှဉ်းဆဲတာတော့ မဖြစ်စေနဲ့ကွ'

သို့ သူကြီးအဘိုးအိုက ပြောလာလေတော့၏။

'ကဲ... ကဲ... စားပြီးလေပြီဆိုလျှင်ဖြင့် မြေးလေးရေ တန်းလျားကို လိုက်ပို့လိုက်ပါ ဟုတ်လား၊ အဘိုးတော့ အိပ်ရ တော့မယ်၊ မနက်စောစော အဘိုး သွားစရာရှိတယ်'

'ဟင်... အဘိုး ဘယ်သွားမလို့လဲ'

မြေးလေးဖြစ်သူက ရုတ်တရက် အထိတ်တလန့်ဖြစ်သွား၍ သို့ပြောလေခြင်းဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'စည်သည်တွေအတွက်ပါကွာ'

'ဟင်…'

'အို…'

'ဘုရားရေ…'

ကျွန်တော်တို့အတွက်ဆိုပါကလား။ ဘာများပါလိမ့်။ သို့ကြောင့်…

'အဘိုး ဘာကိုသိလိုက်တာလဲ၊ ကျွန်တော်တို့တွက် ဘယ်ကိုသွားမှာလဲ'

သို့ဆိုတော့ အဘိုးအိုက ကျွန်တော့်အား ပြုံး၍ကြည့်လာချေပြီး…

'မင်းတို့ကြောင့် ငါ အဘိဉာဉ်ရသင့်သလောက်ရလိုက်ပါပြီ၊ နို့ကြောင့် မင်းတို့ကို လုပ်ဆောင်စရာတစ်ခုရှိနေတာကို လုပ်ပေးမလို့ပဲ'

ဘုရားရေ… ခုလို ပြောလာတော့ ပို၍ပင် စိတ်ဝင်စားမိလေးတော့၏။

ဘယ်လိုများပါလိမ့်။ သို့ကြောင့် လင်းမြင့်လှိုင်ကို သိလားဆိုသည့်အဓိပ္ပာယ်အပြည့်ဖြင့် ကြည့်လိုက်မိပြန်၏။

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်၍ ပြုံးပြလာချေပြီး အဘိုးအိုဘေးရပ်ကာ…

'နို့ဖြင့်လည်း အဘိုး အေးအေးဆေးဆေး အနားယူပါ၊ ကျွန်တော်တို့ သွားပါ့မယ်'

'အေး… သွားလေ၊ ဟုတ်ပြီ… မင်းတို့လည်း စောစော အိပ်ကြချေ၊ မနက်အစောကြီး ထမင်းစားတတ်ကြလား'

သို့ပြောလာသည့် အဘိုးအိုကို ကျွန်တော်က နားမလည်နိုင်စွာ ကြည့်လိုက်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ အဘိုး၊ စားတတ်ပါတယ်၊ ဘာမှလုပ်စရာ သွားစရာ လာစရာမရှိလျှင်ဖြင့် အေးအေးဆေးဆေး ထတတ်တာပါပဲ'

'ဟုတ်ပြီလေ… အဲလိုဆိုလို့ကတော့ ကျုပ် အားမနာပေဘူး၊ မင်းတို့ နက်ဖြန် စောစောထကြချေ၊ ကျုပ်နဲ့ ခရီးသွားစရာရှိတယ်'

'ဗျာ…

'ဟင်…'

'အို…'

အဘိုးအိုသူကြီးက သို့ပြောပြီး ထွက်သွားချေ၏။ ကောင်လေး ကျန်ခဲ့ချေ၏။

'ဘယ်ကိုသွားမှာလဲ'

ကျွန်တော်က ကောင်လေးကို မေးလိုက်၏။

'ဦးကြီးကလည်း စောစောက အဘိုးကို မမေးလိုက်ဘူး၊ ကျွန်တော် ဘာသိမှာလဲ၊ သိဦးတော့ ပြောပိုင်ခွင့်မရှိဘူးလေ'

'ဟေ… မင်းနှယ်ကွာ၊ သည်လောက်ကိစ္စလေးက ဘာဖြစ်သွားမှာမို့လဲ'

ကျွန်တော်က ကောင်လေးကို မကျေမနပ်ပြောလိုက်၏။

'ဘာဖြစ်ရမှာလဲဗျ၊ နို့က လူ့ကျင့်ဝတ်တဲ့ အဘိုးပြောဖူးတယ်'

'ကဲ…. ပြောပါဦး၊ ဘာတဲ့လဲ'

ကျွန်တော်က ခပ်ချဉ်ချဉ်ရှိသည်နှင့် သို့မေးလိုက်ချေတော့၏။

'သည်လိုလေဗျာ… တစ်ဦးတစ်ယောက်ရဲ့ကိစ္စကို ကြားဝင်ပြောတဲ့အကျင့် မလုပ်ရဘူးလေ၊ ပြီးတော့ မစပ်စုရဘူးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိစ္စဆိုလျှင်ဖြင့် ကိုယ့်ဘာသာဆုံးဖြတ် လုပ်ပိုင်ခွင့် ပြောပိုင်ခွင့် ရှိတယ်တဲ့၊ အဲ··· ကိုယ့်ကိစ္စကိုတော့ သူများဝင်ဆုံးဖြတ်တာ ပြောတာတော့ လက်မခံရဘူးတဲ့လေ'

ဘုရားရေ··· အလာကြီးပါကလား။ အရွယ်နဲ့မလိုက်အောင် တတ်သိနေသူပါကလား။ သို့ကလည်း သူကြီးအဘိုးအို၏ သွန်သင်ဆုံးမချက်ကြောင့်သာ ဖြစ်ချေလိမ့်၏။

'ဟုတ်ပါပြီတဲ့ဗျာ၊ ကဲ··· ကဲ··· မင်း ငါတို့နဲ့အိပ်မှာလား'

သည်တွင် ကောင်လေးက ခေါင်းကို ခါယမ်းလိုက်ချေပြီး···

'ဘယ်လိုဖြစ်နိုင်မှာလဲဗျာ၊ ဒူးနေရာဒူး တော်နေရာတော်တဲ့လေ'

'နို့ဖြင့်လည်း ငါတို့ အိပ်တော့မယ်'

'အိပ်လို့မဖြစ်သေးဘူး'

'ဟင်··· ဘာဖြစ်လို့လဲ၊ စောစောက မင်းအဘိုးပြောသွားတာ မကြားဘူးလား၊ စောစောအိပ်ကြတဲ့၊ မနက်စောစော ခရီးသွားဖို့ လာခေါ်မယ်တဲ့လေ'

'ဟုတ်ပါတယ်··· ကြားပါတယ်၊ ကျွန်တော့်ကိုလည်း မှာပါတယ်၊ ညှေ့သည်တွေ လွတ်လွတ်လပ်လပ်နေပါစေတဲ့လေ၊ နို့ပေမင့် ဦးကြီးတို့ကလည်း ပုဆိုးလဲမအိပ်ဘူး၊ ဘောင်းဘီကြီးတွေနဲ့ ပုဆိုးခြုံအိပ်လို့လည်း ဖြစ်မှာမဟုတ်ဘူးလေ၊ ပြီးတော့ ဝါးကြမ်းခင်းက အေးတယ်၊ အခင်းလည်း မရှိဘူးလေ၊ နို့ကြောင့် ကျွန်တော် စီစဉ်ထားပါတယ်၊ ခဏလေးတော့ စောင့်ပါ၊ ဟုတ်ပြီလား'

သို့လည်း အဟုတ်သားကလား။

'ဟော··· ဟော··· လာပါပြီဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ပြောလာသဖြင့် ကျွန်တော် လှမ်းကဲကြည့်လိုက်၏။ လာနေကျအမျိုးသမီးကြီး ဖြစ်ချေတော့၏။

သူ့မယ် မြက်ဖျာများပါလာလေ၏။ စောင်တော့ဖြင့် မပါချေ။ သို့ကြောင့် ကျွန်တော် ကောင်လေးကို အဓိပ္ပာယ်ပါပါကြည့်လိုက်၏။ ကျွန်တော်၏ အကြည့်အဓိပ္ပာယ်ကို သိလိုက်သောကောင်လေးက…

'မြက်ဖျာကိုလည်း စောင်လိုလုပ်ခြုံလို့ ရပါတယ်ဗျာ၊ သည်မယ် သည်လိုပဲနေကြတာချည်းပဲ'

ကောင်လေးက သို့ဆိုလျက် မိန်းမကြီးက ဆီးကြိုလက်ဆင့်ကမ်းယူလိုက်ချေပြီ။ ကျွန်တော်တို့အား တစ်ဆင့်ပေးလာချေတော့၏။

'ကောင်းသောညပါဗျာ၊ ကဲ… ကျွန်တော် သွားပြီ'

ကောင်လေးက သို့ပြောကာ စခန်းတဲမှ ထွက်သွားချေတော့၏။

'ကိုပိုက်ကြည့်ရတာ ကောင်လေးကို သဘောကျနေပုံပဲဗျ'

လင်းမြင့်လှိုင်က သို့ပြောလာချေတော့၏။

'ဟုတ်တယ် ကိုလင်း၊ သဘောလည်းကျတယ်၊ ပြီးတော့ အမြင်လည်း ကတ်တယ်'

အလိုလေးဗျာ… ဘယ်လိုများပါလိမ့်။

'လူကောင်နဲ့မလိုက် သိတတ်လွန်းနေတာကိုးဗျ'

'ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟီး… ဟီး… ဟား… ဟား… ဟား… ဟား…'

လင်းမြင့်လှိုင်က သဘောကျရယ်လိုက်ချေပြီး ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါတော့ အိပ်နှင့်ပြီကွာ'

စောတာပုက သို့ပြောပြီး မြက်ဖျာနှစ်ခုကိုယူ၍ တဲထောင့်လေးတွင် သွားရောက်အိပ်ရာပြင်လိုက်ချေတော့၏။

'အမြည်းတော့ မရှိဘူး'

ကျွန်တော်က ပြောလိုက်၏။

'ရှိပါတယ်၊ သည်မယ်လေကွာ'

စောတာပုက အနားရောက်လာ ပေးလေ၏။ မှန်း... ဘာများလဲလို့။

ဘုရားရေ... ကျွန်တော်တို့ ထမင်းစားစဉ်က စားခဲ့ရသော အသားများပါကလား။

'ဖထီ ဘယ်ကရသလဲ'

'ကောင်လေး ပေးတာ'

'ဗျာ...'

'ဟင်...'

'ဟုတ်တယ်၊ စောဦးပိုင်းက ကောင်လေး ဖက်နဲ့ထုပ်ပြီး ပေးထားတာ၊ လိုရမည်ရ ယူထားလိုက်ဆိုပြီး ပေးခဲ့တာလေ'

ဘုရားရေ... ကျွန်တော် ကောင်လေးကို ဘယ်လို သဘောမှတ်ရမည် မသိပါတော့ချေ။ ကျွန်တော်တို့ အရက်သောက်ကြမည်ကို သိ၍များလေလား။ သို့တည်းမဟုတ် ညအခါ ဆာနေလျှင် စားဖို့ပေးခဲ့သည်များလား။ မည်သို့ဖြစ်နိုင်သည်ကို ကျွန်တော် မပြောတတ်ပါတော့ချေ။

'အတော်အကင်းပါးပုံရတယ်ဗျ'

လင်းမြင့်လှိုင်က သို့ပြောလာချေတော့၏။

သို့မှ ပင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝီစကီသောက် အမြည်းစားရင်း စကားစမြည်ပြောနေကြချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်… ခေါ်… ခေါ်… ခူး… ခလော… ခူး… ခလော…'

စောတာပုတစ်ယောက် ဟောက်လို့ပင် နေသေးတော့၏။

သို့မှ ကျွန်တော်တို့ ပုလင်းပြားလေးကုန်သည်တွင်…

'ကိုပိုက်… ကိုပိုက်… ဟိုမယ်… ဟိုမယ်'

လင်းမြင့်လှိုင်က ကျွန်တော်၏နောက်ဘက်သို့ လက်ညှိုးပြ ပြော သူ့သေနတ်ဖြင့်လည်း လှမ်းချိန်လိုက်လေသဖြင့် ကျွန်တော် အံ့သြသွားမိတော့၏။

အလိုလေးဗျာ… အမှောင်ရိပ်တွင်းမှ လူတစ်ယောက် ထွက်လာလေခြင်းဖြစ်၏။ ထိုသူအား လင်းမြင့်လှိုင်က ဘာလို့ သေနတ်ဖြင့်ချိန်လိုက်သည်ကို သိလိုက်ချေ၏။ သူ့လက်ထဲတွင် ငှက်ကြီးတောင်ဓားလွတ်ကြီးကို တင်းတင်းဆုပ်ကိုင်ကာ ကျွန်တော့် ထံ လာနေသောကြောင့် ဖြစ်ချေ၏။

သို့ကြောင့် ကျွန်တော်သည် ကပျာကသီ နေရာကရပ် လိုက်၏။ သေနတ်ဖြင့် ထိုးချိန်လိုက်ရပြန်၏။

'ရန်သူ မဟုတ်ပါဘူးဗျာ'

'ပြောတတ်ပေဘူးလေ၊ သတိဆိုတာ ပိုတယ်မရှိဘူး မဟုတ်လား'

လင်းမြင့်လှိုင်ကို သို့ပြောလိုက်ပြန်ချေ၏။

'ဟင်း… ဟင်း… ဟင်း… ဟင်း… တကယ်တော့ ကျုပ်က ခင်ဗျားတို့အတွက် လာတာပါဗျာ'

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

'နို့ဖြင့်လည်း ပြောချေဗျာ'

ထိုသူ ကျွန်တော်တို့အနား ရောက်လာချေ၏။ ပြုံးလာချေ ၏။ ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'နက်ဖြန်စောစော ခရီးသွားဖို့ လာခေါ်လျှင်ဖြင့် လိုက်မသွားကြတာ အကောင်းဆုံးလို့ ထင်တယ်၊ နို့ကြောင့် လာပြောရတာပါ'

'ဟင်…'

'အို…'

စောတာပုတစ်ယောက် အိပ်ပျော်နေသည်ဖြစ်၍ ဘာမျှသိလိမ့်မည်မဟုတ်ချေ။

'ဘာလို့များလဲ ခင်ဗျားက သည်ရွာက မဟုတ်ဘူးလား'

လင်းမြင့်လှိုင်က မေးလိုက်ချေ၏။

သို့ဆိုတော့ ထိုသူသည် ကျွန်တော့်အား တွေဝေ၍ကြည့်လိုက်ချေပြီး…

'နို့ဖြင့်လည်း ပြီးတာပဲဗျာ၊ ကျုပ်က စေတနာနဲ့ပြောတာ'

'ဟုတ်ပါပြီ… ကျွန်တော်တို့ ဘယ်လိုအကျိုးဆက် ခံစားကြရမှာမို့လဲ၊ နို့တော့ ကြိုသိလျှင် ပြောချေဗျာ'

လင်းမြင့်လှိုင်က သို့ပြောလိုက်ချေ၏။ သည်တွင် ထိုလူက ကျွန်တော်တို့အား ဘုကြည့်ကြည့်လာချေပြီး…

'အထွေအထူး ကျုပ်မပြောတတ်ဘူး၊ လိုက်မသွားကြတာ ကောင်းလိမ့်မယ်လို့ပဲ ပြောမယ်ဗျာ'

သို့ဆိုလျက် ထိုသူသည် လှည့်ထွက်သွားချေတော့၏။

'ဟိတ်လူ… ဟိတ်လူ… ဟိတ်လူ…'

ကျွန်တော်က လှမ်းတားလိုက်ပေမင့် လှည့်၍ပင်မကြည့်ပါတော့ချေ။

'ဘယ်လိုလူပါလိမ့်၊ ကိုလင်း ဘယ်လိုထင်လဲ'

သို့ဆိုတော့ လင်းမြင့်လှိုင်က တစ်ချက်စဉ်းစားဟန်ပြုလိုက်ချေပြီး…

www.burmeseclassic.com

www.burmeseclassic.com



'သူမယ် နိုင်လုံတဲ့အကြောင်း ရှိပါလိမ့်မယ်၊ နို့မှမဟုတ် စိတ်မမှန်တဲ့သူ ဖြစ်ပါလိမ့်မယ်'

'စိတ်မမှန်တဲ့သူမဟုတ်ဘူး၊ မှန်လွန်းလို့ ခက်နေတာ'

'အလိုလေးဗျာ'

သို့အသံဖြင့် ညကြီးမင်းကြီး လာနေကျမိန်းမကြီး ရောက်လာပြန်လေသဖြင့် အံ့ဩမိသေးတော့၏။

'သည်အချိန်ကြီး ဘာလာလုပ်ပြန်တာလဲ'

သို့ပြောလိုက်သူမှာ စောတာပု ဖြစ်ချေ၏။

စောတာပုက တစ်ရေးနိုး ထလာခြင်းဖြစ်ချိမ့်မည်။

'ညကြီးမင်းကြီး ကျွန်မသဘောနဲ့ ကျွန်မလာတာများ မှတ်လို့လား၊ သူကြီးလွှတ်လိုက်တာ'

'အလိုလေးဗျာ... ဘာအရေးကိစ္စ ပေါ်ပြန်လို့လဲ'

သို့ ကျွန်တော်က မေးလိုက်ချေ၏။

သည်တွင် အမျိုးသမီးကြီးက အနားရောက်လာကာ...

'သူကြီးက မှာလိုက်တယ်၊ မနက်စောစော မသွားတော့ဘူး၊ နို့ကြောင့် ရှင်တို့ အေးအေးဆေးဆေးအိပ်ပါတဲ့'

အလိုလေးဗျာ... ဘယ်လိုပါလိမ့်။ စောစောကလည်း လူတစ်ယောက် ပြောလေ၏။ နက်ဖြန် သူကြီးနှင့် ခရီးမသွားရန်၊ ခု အမျိုးသမီးကြီး ရောက်လာပြန်၏။ သူကြီးက နက်ဖြန် ခရီး မသွားဟု ပြောလာပြန်ချေ၏။ ဘယ်လိုတွေပါလိမ့်။

အမျိုးသမီးကြီးက သို့ပြောပြီး ပြန်သွားတော့၏။ သူမ ထွက်သွားသည်မှာ စောကလူကြီး ထွက်သွားသောနေရာဆီသို့ ဖြစ်ချေတော့၏။

'နို့လည်း ကောင်းပါ့ဗျာ၊ အေးအေးလူလူ အိပ်ရတာပေါ့'

လင်းမြင့်လှိုင်က သို့ပြောပြီး ဝိစကီပုလင်းအတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



လက်ကျန်အရက်ကို တစ်ငုံမော့သောက်ပြီး ကျွန်တော့်အား လှမ်းပေးလာပြန်ချေ၏။

"ကိုပိုက် ဖြတ်လိုက်တော့၊ ပြီးလျှင် အိပ်ကြတာပေါ့"

"ငါတော့ အိပ်သေးဘူးကွာ၊ မီးလှုံချေဦးမယ်"

စောတာပုက သို့ပြောပြီး မီးပုံနား သွားလိုက်ချေတော့၏။

ကျွန်တော်သည် လက်ကျန်အရက်ကို သောက်လိုက်ပြီး နောက် မြက်ဖျာကို ကြမ်းခင်းပေါ် ခင်းလိုက်၏။ နှစ်ခုရှိသည့်အနက် တစ်ခုကို ခြုံရန် ထားလိုက်၏။

သို့မှ ကျွန်တော်တို့ အိပ်လိုက်ကြတော့၏။

ပင်ပန်း၍ဖြစ်ချိမ့်မည်။ တစ်ညလုံးတောက်လျှောက် နိုးခြင်း မရှိပါချေ။

သို့ပေမင့်...

"ကိုပိုက်... ကိုပိုက်... ကိုပိုက်..."

လူကို လှုပ်ခါနှိုးလေသည်ကြောင့် အိပ်ရာမှ နိုးထလာရ၏။

ပတ်ဝန်းကျင်တွင် အမှောင်ထုရှိနေသေးတော့၏။

"ဘယ်အချိန်ရှိပြီလဲ၊ ဘယ်လိုလဲ"

လင်းမြင့်လှိုင်ကို ကျွန်တော်က မေးလိုက်ချေ၏။

"ဦးကြီးကလည်း အဘိုးမကြိုက်တဲ့အလုပ်ကို လုပ်ပြန်ပြီ"

သို့အသံကြောင့် လှည့်ကြည့်လိုက်၏။

ကောင်လေး ဖြစ်ချေတော့၏။

"ဘာများတုံးကွာ"

"အဘိုး မှာထားတယ်လေ၊ စောစောထကြပါ၊ ခရီးသွား ရမယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



'ဟေ…'

'ဟင်…'

'ဘယ်လို…'

ညက အမျိုးသမီး လာပြောသွားသည်ပဲ။ သူကြီးက ပြောခိုင်းလို့ ခရီးမသွားဖြစ်တော့ဟု။ ခု ဘယ်လိုကြောင့်ဖြစ်ရတာပါလိမ့်။

'ဟ… မင်းတို့က အမျိုးမျိုးပဲ၊ ညက မင်းကြီးတော် လာသွားတယ်၊ သူကြီးက ပြောခိုင်းလို့ အေးအေးဆေးဆေးအိပ်ကြတော့။ ခရီးမသွားဖြစ်တော့ဘူးဆိုပြီးတော့ ခုတော့ ဘယ်လိုလဲ'

'ဗျာ… မဖြစ်နိုင်တာ၊ ကြီးတော်က ဘာလို့ အဲလိုပြောရမှာတုံးဗျ၊ အဘိုး မပြောခိုင်းဘဲ ဘာမှ တခြားလူကို ပြောရတာမှ မဟုတ်တာချည်း'

သို့ဆိုတော့ တစ်ခုခုမှားနေပြီဖြစ်ချိမ့်မည်။

'နို့… နေပါဦး… မင်းတို့အဘိုးနဲ့ ငါတို့တွေ့မှ သိချင်တာတွေ မေးရဦးမယ်'

'ဟုတ်ပါပြီ၊ တွေ့ပါပြီကောကွာ'

'ဟင်…'

'ဟာ…'

အဘိုးအို ကျွန်တော်တို့အနား ရောက်လာပါကောလား။

သူ၏လက်ထဲတွင် နှစ်လုံးပြူးသေနတ်တစ်လက် ပါလာလေ၏။ သူနှင့်အတူ အမျိုးသမီးကြီးလည်း ပါလာ၏။

သို့ဆိုတော့…

'ဟုတ်ပြီ၊ ခင်ဗျား ညက ဘာလာပြောတာလဲ'

ကျွန်တော်က ထိုအမျိုးသမီးကြီးကို မေးလိုက်ချေ၏။

သည်တွင် အမျိုးသမီးကြီးက ကျွန်တော့်အား တအံ့တသြ ကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကျုပ်ကို ဘာတွေပြောနေတာတုံး'

မေးလာလေတော့၏။

'ဘာပြောရမှာလဲ၊ ခင်ဗျား ညက လာတယ်၊ သူကြီးက ပြောခိုင်းတယ်ဆိုပြီး လာပြောတာလေ၊ သည်မနက် ခရီးမသွားတော့ဘူးဆိုပြီးပေါ့'

'ဘုရားရေ… ရှင်တို့ စိတ်ကောမှန်ရဲ့လား'

သို့ သူမ ဆက်ပြောလာလေတော့၏။

'နေပါဦး… စကားကို ရှင်းအောင်ပြောပါလား'

ထိုအမျိုးသမီးနှင့် ကျွန်တော် အခြေအတင်ပြောနေကြစဉ် သူကြီးအဘိုးအိုက သို့ပြောလာလေ၏။ သို့ကြောင့် ထိုအမျိုးသမီး ညက ရောက်လာကြောင်း၊ နံနက် ခရီးသွားမည့်ကိစ္စ ပျက်သွားကြောင်း လာပြောသဖြင့် ကျွန်တော်တို့ အေးအေးလူလူအိပ်မိကြောင်း ပြောလိုက်ချေတော့၏။ သို့သော် အဘိုးအိုက အမျိုးသမီးအား စေ့စေ့ကြည့်ကာ…

'သူတို့ပြောသလို ဟုတ်လား'လို့ မျက်စိပျက် မျက်နှာပျက်ဖြင့် မေးလေတော့၏။

သည်တွင် အမျိုးသမီးက အဘိုးအိုအား ကြည့်လိုက်ချေပြီး…

'ကျွန်မ သဘောပေါက်လိုက်ပြီ သူကြီး'ဆိုလိုက်သည်တွင် သူကြီးအဘိုးအိုက…

'ဟုတ်ပြီလေ… ပြောစမ်း မြန်မြန်'

'သူတို့ဆီလာသွားတဲ့သူက ဝတ်ရည်ပဲဖြစ်မပေါ့'

'ဟေ…'

'ဟင်…'

'ဟာ…'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသာ မဟုတ်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်ပင် အံ့သြသွားကြချေ၏။

'ခင်ဗျား ဘယ်လိုပြောနိုင်တုံး'

လင်းမြင့်လှိုင်က မေးလေတော့၏။

'ဝတ်ရည်ဆိုတာ ညည်းပြောတာ ဖြစ်နိုင်ပါ့မလား'

အဘိုးအိုက မေးလာချေ၏။

ဝတ်ရည်ဆိုသည့်သူသည် ဘယ်သူဘယ်ဝါ ဘယ်လိုမှန်း ကျွန်တော်တို့ မသိပါချေ။ အဘိုးအို မေးလေမှ သူမပြောလေမည့် စကားကို စောင့်နားထောင်နေရပေသည်။ ပြီးတော့ အဘိုးအို၏ ဆုံးဖြတ်ချက်ကို နားထောင်ရပေမည်။

'ဝတ်ရည် ရွာထဲပြန်ရောက်နေတယ်လို့ ကြားတယ်'

'ဟေ...'

သို့ ပြောလာသဖြင့် သူကြီးအဘိုးအို အံ့သြသွားပုံပင်။

'ညည်း သေချာလား'

'ဒေါ်လေးပြောတာ ဟုတ်တယ် အဘိုး၊ မြေးလည်း မနေ့က ဒေါ်ကြီးဝတ်ရည်ကို တွေ့လိုက်တယ်'

'တောက်...'

သို့ဆိုတော့ သူကြီးအဘိုးအို ဒေါသဖြင့် တောက်ခေါက် လိုက်ချေတော့၏။

ကျွန်တော်တို့သည် အဘိုးအိုကို နားမလည်နိုင်စွာကြည့်နေ ရုံမှတစ်ပါး မည်သို့ပြောဆို၍ ရပါလိမ့်မည်နည်း။ မေး၍ရပါလိမ့် မည်နည်း။ ထိုသည်ကို သိသွားသော အဘိုးအိုက...

'အေး... မင်းတို့တော့ ဘာမှသိမှာမဟုတ်ဘူး၊ အေး... တစ်ခုတော့ မင်းတို့သိအောင် ပြောရလိမ့်မယ်၊ ညနက်လာတဲ့ အမျိုးသမီးက သူ မဟုတ်ဘူးဆိုတာ ပြောလို့ရပြီ

www.burmeseclassic.com



'ဗျာ...'

'ဟင်...'

'သည်လိုကွ... ညက မင်းတို့ဆီလာပြီးပြောတဲ့သူက သူ့အစ်မပဲကွ၊ သူ့အစ်မဆိုပေမင့် မိနစ်ပိုင်းလေး ကြီးတာပါ၊ ပြောရလျှင်ကွာ အမြွှာပေါ့'

'ဟင်...'

'ဟာ...'

'သူက ဝတ်မှုံ၊ မင်းတို့တွေ့တာ ဝတ်ရည်၊ တစ်ပုံစံတည်းဆိုပေမင့် စိတ်ဓာတ်ချင်းက မတူကြဘူး၊ အဖြူအမဲလို ကွဲပြားတယ်၊ လောလောဆယ် မင်းတို့ သည်လောက်ပဲ သိထားကြချေ၊ ခုငါတို့ ခရီးသွားကြမယ်ဆိုတာ အဲဒီဝတ်ရည်နဲ့ သက်ဆိုင်တယ်၊ မင်းတို့နဲ့လည်း ပတ်သက်နေတယ်'

ကျွန်တော် ပို၍ပင် နားမလည်နိုင်ဖြစ်ရချေ၏။ သို့ပေမင့် မည်သည့်စကားမျှ ပြောလေခြင်းမပြုသည်မှာ အကောင်းဆုံးဟု ထင်မိသဖြင့် နှုတ်ဆိတ်နေလိုက်ချေတော့၏။

'ကျွန်တော် လွဲမှားပြောမိတာ တောင်းပန်ပါတယ်'

သို့ကြောင့် သူမကို တောင်းပန်လိုက်ချေ၏။

'ကဲ... ကဲ... မင်းတို့ စားသောက်ပြီးလျှင် ခရီးထွက်ကြတာပေါ့'

သို့ဆိုတော့ ကျွန်တော်တို့သည် လိုအပ်သည်များကို ယူဆောင်၍ အဘိုးအိုဦးဆောင်ရာနောက် လိုက်သွားချေတော့၏။

မည်သည့်နေရာ သွားမည်။

မည်သူနှင့်တွေ့မည်။

မည်သို့ကိစ္စဖြစ်မည် မသိပေငြား မေးစမ်းခြင်းကို လုံးဝမပြုတော့ဘဲ အဘိုးအို သွားရာနောက်သာ လိုက်သွားချေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့သည် ချောင်းမကြီးတစ်ခုသို့ ရောက်လာခဲ့ကြတော့၏။ တစ်ဖက်တစ်ချက်တွင် တောင်ကမ်းကာဆီးနေသည့် ချောင်းကမ်းပေါ်တက်၍ ဖြစ်နိုင်မည်မထင်။ ပေ ၂၀ ခန့်မြင့်၍ မတ်စောက်သောကြောင့် ဖြစ်ချေတော့၏။

ထိုချောင်းစပ်တွင် မျောက်ငိုပင်များ အများအပြားပေါက်လျက်ရှိသည်ကို တွေ့ရ၏။ မျောက်ကောင်တစ်ကောင်တလေကိုလည်း တွေ့ရချေ၏။ မျောက်ငိုပင်တို့သည် အစီအရီရှိချေသည်။ ချောင်းဘက်ကျကျ သစ်ကိုင်းအဖျားလောက်တွင် အသီးများ သီးနေကြခြင်း ဖြစ်၏။ သို့ဆိုတော့ မျောက်ကောင်သည် ထိုအသီးကို လွယ်လင့်တကူ ခူးဆွတ်၍ရလိမ့်မည် မထင်ပါချေ။

'ဖထီ သည်ချောင်း ဘာချောင်းလဲ သိလား'

ကျွန်တော်နှင့် ယှဉ်တွဲလျှောက်လာသည့် စောတာပုကို ကျွန်တော်က မေးလိုက်ချေ၏။ စောတာပုက ချောင်းတစ်ဖက်တစ်ချက်သို့ ကြည့်လိုက်ချေပြီး အတန်စဉ်းစားချေလေသဖြင့်…

'ဖထီ မသိဘူးမဟုတ်လား'

လင်းမြင့်လှိုင်က မေးလာချေတော့၏။

'ငါ သည်ချောင်းတော့ မသိဘူးကွ၊ ဖြစ်နိုင်တာကတော့ ငါတို့ ရေကျမှားလာပြီ ထင်တယ်'

'ဘာရယ် ဖထီ'

'ဩော်… တစ်ဖက်ရေကျကို ဆင်းကျလာတာဖြစ်မယ်လို့ ပြောတာ'

'ဟင်… နို့ဖြင့် ကျွန်တော်တို့ လွဲလာပြီပေါ့၊ သူကြီးကို မေးချေပါဦး'

သို့ ကျွန်တော်က ပြောလိုက်သည်တွင်…

'ငါ မမှားဘူး၊ မင်းတို့တွက် မှားချင်မှားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် နောက်ဘက်တွင် ပြောနေကြခြင်းကို ရှေ့ဆုံးမှ ဦးဆောင်သွားသော သူကြီးအဘိုးအိုက နားပါးကြားရ ချေ၏။ သို့ဖြစ်၍ သွားလမ်းကိုရပ်လိုက်ကာ ကျွန်တော်တို့ သူ့နားကို အရောက်စောင့်ပြီး သို့ ပြောလာချေတော့၏။

အလိုလေးဗျာ… ဘယ်လိုသဘောပါလိမ့်။ သူကြီးအဘိုး အို ပြောလာသည့်စကားကို မရှင်းသဖြင့် ကျွန်တော်က သူကြီး အဘိုးအိုကို စိန်းစိန်းကြည့်နေလိုက်ချေတော့၏။

'ဖထီ ပြောတာပဲ၊ ဒါ တစ်ဖက်ရေကျချောင်းဖြစ်မယ်လို့ ပြောတယ်'

သို့ ကျွန်တော်က ပြောလိုက်သည့်တွင်…

'ဟား… ဟား… ဟား… ဖထီ သိသားဟ၊ သိပ် ဟုတ်တာပေါ့၊ အေး… နို့ပေမင့် ငါ မမှားဘူးကွ၊ ငါက သည် လမ်းသွားရမှာမို့'

'ဗျာ…'

'ဟင်…'

'အို…'

'ဟုတ်တယ်၊ မင်းတို့အနေနဲ့ တစ်ဖက်ရေကျနေတော့ တခြားတစ်ဖက်ကိုရောက်သွားပြီဆိုလျှင်ဖြင့် နို့က လမ်းမှားပြီဆိုတာ ဟုတ်ပါတယ်၊ ခု ငါကိုက တမင်တကာ တစ်ဖက်ရေကျဘက် ဆင်းခဲ့တာ၊ ငါတို့သွားရမှာ အဲဒီဘက်နေရာကိုကွ'

'ဟုတ်ပါပြီ… သူကြီး၊ ခု သည်ချောင်းက နို့ဖြင့် ဇာမဏီချောင်းလား'

စောတာပုက မေးလိုက်လေ၏။

'သိပ်ဟုတ်တာပေါ့ကွ၊ ကဲ… ကဲ… ရှေ့နားကျ ဇာ နားမယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့သည် ချောင်းအတိုင်း စုန်ဆင်းခဲ့ကြရာမှ မြေပြန့်ချောင်းလေးနေရာ ရောက်သည်တွင် ချောင်းကမ်းပေါ် တက်နားနေရန် စီစဉ်ချေတော့၏။

'သူကြီး… ကျွန်တော်တို့စားဖို့ ရိက္ခာတော့ လိုမယ်ထင်တယ်'

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

'အေး… မင်းတို့မယ် သေနတ်တွေ ပါတယ်လေကွာ'

'ဟုတ်ပါတယ်၊ နို့ကြောင့် သည်မယ် နားကြချေဦး၊ ကျွန်တော် သားကောင်လိုက်ရှာချေဦးမယ်၊ ဖထီ ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ ကိုလင်း ကျွန်တော် သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့ ကိုပိုက်၊ ကျွန်တော် သူကြီးနဲ့ နားနေလိုက်မယ်၊ ရှေ့ခပ်လှမ်းလှမ်းလောက်မယ် ကိုပိုက် သားကောင်တွေ့နိုင်တယ်'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် ပြုံးပြလိုက်ချေတော့၏။

အတော်မျက်စိလျင်သည့် လင်းမြင့်လှိုင်ပါကလား။ ကျွန်တော်သည် ထိုနေရာလှမ်းလှမ်းတွင် ဂျီ(ချေ)ကောင်ကို လှမ်းမြင်လိုက်သဖြင့် ပစ်ခတ်ရန်သွားဖို့ သို့ စီစဉ်ထားသည်ကို လင်းမြင့်လှိုင်က သိလိုက်မြင်လိုက်ပုံပင်။

သို့မှ ကျွန်တော်နှင့် စောတာပုသည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။ မုဆိုးချောင်း ချောင်းမြောင်းသွားလိုက်ချေတော့၏။

သို့မှ သားကောင်နှင့် ကျွန်တော် မဝေးလောက်သောနေရာ ရောက်သည်တွင် မုဆိုးဒူးထောက် ထိုင်လိုက်သဖြင့် မုဆိုးဝနေသော စောတာပုက အလိုက်သင့်ပင် နောက်နားတွင် ငြိမ်သက်ထိုင်ချလိုက်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သားကောင်ကို ထင်းထင်းမြင်ရသည်တွင် မတော့ လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်ချေတော့၏။

ပစ်မှတ် ပစ်ကွင်း ရှင်းရှင်းဖြစ်လာသည်တွင်မတော့…

'ဒိန်း…'

သေနတ်မောင်းထိန်းခလုတ်ကို ညှစ်လိုက်သည်နှင့် သို့ဆိုသလို ဖြင်းထန်သောယမ်းအားပေါက်ကွဲသံကြောင့် ဂျီ(ချေ)ကောင်လေးသည် သူ့အား ပစ်လိုက်မှန်းသိဟန်မတူ။ ရုတ်ခြည်း လဲကျသွားချေ၏။

သို့ဖြင့် ကျွန်တော်သည် ချေသေကောင်ကို ပစ်ခတ်ရလိုက်ချေတော့၏။ ထိုချေကောင်ကို စောတာပု ထမ်းပိုးလာချေ၏။

စခန်းနေရာနားရောက်သည်တွင် သူကြီးအဘိုးအိုက ကျွန်တော့်အား စေ့စေ့ကြည့်လာချေပြီး…

'မုဆိုးကောင်းတစ်ယောက်ဆိုတာ သိပေမင့် အထင်မကြီးဘူး' ပြောလေ၏။

အလိုလေးဗျာ… ဘယ်လိုအဘိုးအိုပါလိမ့်။ ကျွန်တော့်ကို အထင်ကြီးရန် လုပ်ဆောင်ပြခြင်းလည်း မဟုတ်။ အားလုံးစားဖို့ အခြေအနေလည်း ပေးလေသည်ကြောင့် သွားရောက်ပစ်ခဲ့ခြင်းသာ ဖြစ်၏။

'ဘယ်လိုလဲ သူကြီး'

လင်းမြင့်လှိုင်က သူကြီးအဘိုးအိုကို မေးလိုက်ချေတော့၏။

'တရားမျှတမှု မရှိပေလို့ပဲ'

'ရှင်းရှင်းပြောပါလား သူကြီး'

လင်းမြင့်လှိုင်ကပင် သူကြီးအဘိုးအိုကို မေးလိုက်ပြန်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



'သားရဲကောင်မဟုတ်တဲ့ သမင်ငယ်လေးကို အလစ်အငိုက် ပစ်ခတ်လာလို့ပဲ'

'ဗျာ... ဘယ်လို... ဘယ်လို...'

ကျွန်တော်က နားမလည်နိုင်ဖြစ်ရသဖြင့် သို့မေးလိုက်ပြန်၏။

'တကယ်ဆို မင်းက ချေကောင်လေးကို အခွင့်အရေးတစ်ခုပေးသင့်တယ်၊ ဆိုပါစို့... မင်းကို ငါ သတ်ရလိမ့်မယ်၊ မင်း ပြေးနိုင်လျှင် ပြေးဆိုပြီး ချေကောင်လေးကို အသံပေးခြောက်လှန့်ထုတ်ပြီးမှ ပစ်သင့်တယ်၊ ခုတော့ မင်းက အလစ်အငိုက် ပစ်ခတ်လိုက်တာကြောင့်ပဲကွ၊ ငါတို့ရွာက မုဆိုးတွေ မင်းလို ဘယ်သူမှ မလုပ်ကြဘူး၊ တရားမျှတစွာနဲ့ အမဲလိုက်ကြတာချည်းပဲ'

'ဗျာ...'

'ဟင်...'

'အလိုလေးဗျာ...'

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်ကို လှောင်ပြုံးပြုံးလာချေတော့၏။ ကျွန်တော့်အဘိုးအိုစကားကြောင့် ရှက်မိသေးတော့၏။

'ဟင်း... ဟင်း... ဟင်း... နို့ကတော့ 'သူကြီးရယ်၊ မုဆိုးပဲ၊ မုဆိုးက သားကောင်ကို ချောင်းမြောင်းပစ်တတ်ကြတာချည်း မဟုတ်လား'

'မဟုတ်ဘူး၊ အပျော်တမ်းမုဆိုးလောက်ကို ငါ မပြောလိုဘူး၊ မင်းတို့ကိုကြည့်ရတာ အပျော်တမ်းမုဆိုး မဖြစ်လောက်ဘူး၊ ဝါရင့်မုဆိုးတွေဖြစ်မယ်၊ မုဆိုးကောင်းတွေ ဖြစ်မယ်ထင်တာပဲ၊ နို့ဆိုတော့ သားကောင်ပစ်တဲ့အခါမယ် သမာသမတ်ရှိဖို့လိုလိမ့်မယ် လို့တော့ ငါ အကြံပေးချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ သူကြီး၊ ကျွန်တော်တော့ သူကြီးပြောတာကို နားလည်ပါပြီ၊ သူကြီးပြောသလို မုဆိုးမျိုး ဖြစ်အောင်နေပါ့မယ်'

လင်းမြင့်လှိုင်က သို့ပြောလိုက်ချေလေမှ သူကြီးအဘိုးအို ကျေနပ်သွားရချေတော့၏။

'ဟုတ်ပါပြီ... ကဲ... ကဲ... စားစရာရှိ မြန်မြန်စားကြချေ၊ နေ့လယ်ခင်းလောက် ပျဉ်းမငုတ်တိုစခန်းကို ရောက်သွားမှဖြစ်မယ်'

သို့ဆိုတော့ ကျွန်တော်နှင့် စောတာပုသည် ရလာသော ချေကောင်လေးကို အရေဆုတ် အသားဖျက်လိုက်ကြတော့၏။

ကျွန်တော်သည် ချေကောင်လေးကို ကောင်လုံးမီးကင်ရန် လုပ်လိုက်တော့၏။ သို့ဆိုတော့ လင်းမြင့်လှိုင် ရှာဖွေစုဆောင်းထားသော သစ်ကိုင်းခြောက်တို့ကို စုပုံမီးရှို့လိုက်ချေတော့၏။

မီးရဲရဲထင်းပုံကြီးသည် ခွေးသာသာ ချေလေးကို မကြာလိုက်သောအချိန်တွင် စားရန် အသားကိုကျက်စေတော့၏။

လင်းမြင့်လှိုင်က အဘိုးအိုအား ခွင့်တောင်း၍ ဝီစကီပုလင်းပြားလေးကို ထုတ်လာချေတော့၏။

'သည်ကိစ္စ ငါ့မယ်မရှိပါဘူးကွ၊ အဲဒါရော သိကြရဲ့လား'

'ဟုတ်ကဲ့... ပြောပါ သူကြီး'

ကျွန်တော်က ဝီစကီတစ်ကျိုက်သောက်လိုက်ပြီး သို့ပြောလိုက်ချေတော့၏။

'ငါ့ရွာသားတွေ သောက်စားကြတယ်၊ နို့လည်း ငါ မပိတ်ပင်ဘူး၊ နို့ပေမင့် သေရည်ကိုသောက်ပြီး မူးလေမယ်ဆိုလျှင် ဖြင့် ငါ လက်မခံဘူး၊ တစ်ခါတည်း ဖမ်းချုပ်လိုက်တယ်၊ တစ်ခါတည်း အပြစ်ဒဏ်ပေးလိုက်တယ်၊ နို့ဆိုတော့ ငါက ဆွေသားရင်သား မခွဲခြားဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ သူကြီး၊ လေးစားပါတယ်'

'ပြောရဦးမယ်၊ ငါ မင်းတို့ကိစ္စနဲ့ ငါ့သမက်နဲ့ သမီးဆီလာတာ'

'ဗျာ…'

'ဟင်…'

အလိုလေးဗျာ… သူ၏သမက်နှင့် သမီးသည် ကျွန်တော်တို့နှင့် ဘယ်လိုပတ်သက်လို့ပါလိမ့်။

နားမလည်နိုင်သည်ဖြစ်ရခြင်းကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်သည်။ လင်းမြင့်လှိုင်က သူလည်း နားမလည်ဆိုသည့် သဘောဖြင့် ခေါင်းခါပြလာချေတော့၏။

သို့ကြောင့် ကျွန်တော်ကပင်…

'ဘယ်လိုကြောင့်လဲ သူကြီး၊ ကျွန်တော်တို့တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး'

ပြောလိုက်လေ၏။

သည်တွင် သူကြီးအဘိုးအိုက…

'ဟင်း… ဟင်း… ဟင်း… ဟင်း… တကယ်တော့ မင်းတို့ ငါတို့ရွာရောက်လာတာ လူနှစ်ယောက်ကို ရှာကြဖို့ မဟုတ်လား'

သို့ပြောလာသည့် အဘိုးအိုကို ကျွန်တော်က အံ့သြတကြီး ကြည့်နေမိကြတော့၏။

'တောင်းပန်ပါတယ်'

လင်းမြင့်လှိုင်က ပြောလိုက်လေ၏။

'အေး… ငါက သဘောပေါက်လိုက်တယ်၊ မင်းတို့ ရောက်မလာတာက ဘာမှမပြောတာပေါ့၊ တကယ်တော့ မင်းတို့ အပြစ် မဟုတ်ပါဘူး၊ ငါ့သမက်နဲ့ သမီးအပြစ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ…'

'ဘယ်လို…'

'ရှင်းအောင်ပြောပါလား သူကြီးရယ်'

ဆို့ဆိုတော့ သူကြီးအဘိုးအိုက…

'အေး… မင်းတို့မိတ်ဆွေ ကရင်ကြီးတစ်ယောက် မြွေကိုက်ခံရ သေသွားတယ်မဟုတ်လား'

'ဟုတ်ပါတယ်၊ သူကြီး ဘယ်လိုသိလဲ'

ကျွန်တော်က မေးလိုက်၏။

'ငါ့သမက်နဲ့ သမီးက ပြောတာ'

'ဟင်…'

'ဗျာ…'

'အေး… ငါ့စကားဆုံးအောင်ပြောမယ်ကွာ၊ ငါ့သမက်နဲ့ သမီး လွန်ခဲ့တဲ့ရက်ပိုင်းက ပြောဆိုကြတာ ငါ မကြားပေမင့် ရွာသားတွေ ကြားတယ်၊ သည်ရွာသားတွေက ငါ့လာပြောတယ်'

'သူကြီးသမက်နဲ့ သမီး ဘာတွေအရှုပ်အရှင်းဖြစ်ခဲ့လဲ မသိဘူး၊ သူကြီး မေးစမ်းကြည့်ပါဦး၊ နို့မဟုတ်လျှင်ဖြင့် ကျွန်တော်တို့ရွာ နာလိမ့်မယ်၊ ကျွန်တော်တို့ရွာ ဒုက္ခတွေ့နိုင်တယ်'လို့ ပြောလာကြတယ်'

'နို့ကြောင့် ငါ သမက်နဲ့ သမီးကို ခေါ်လိုက်တယ်'

'သူတို့ပြောတာက သမက်ရဲ့မြွေကောင်က သူစိမ်းတစ်ယောက်ကို ကိုက်သတ်လို့ အဲဒီလူ သေသွားတယ်ဆိုပဲ'

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်မိချေတော့၏။

လင်းမြင့်လှိုင် တွက်ထားသလို ဖထီချစ်ထွန်း သေရသည်မှာ ရိုးရိုးသားသား မဟုတ်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ တခြား ဘာများသိထားပါသလဲ'

လင်းမြင့်လှိုင်က သူကြီးအဘိုးအိုအား စကားကိုဆက်မြှောနိုင်းလေ၏။

'ငါထင်တာတော့ သည်ကောင် မြွေဆက်မွေးထားတယ်၊ သည်မြွေကြောင့် တစ်နေ့ သူဒုက္ခရောက်မှာ သိပါတယ်၊ နို့ကြောင့် ငါ သည်မြွေကောင်ကို စွန့်လွှတ်ခိုင်းတယ်၊ အေး… ငါ သူကြီးဆိုတော့ ငါက သူ့ကို ကျောသားရင်သားမခွဲခြားဘဲ သည်မြွေကို သူမွေးတယ်သိလျှင်ဖြင့် ငါ သူ့ကို ကြီးလေးတဲ့အပြစ်ကို ဒေးရမယ်ဆိုတာနဲ့ သူလည်း သည်မြွေကိုစွန့်ပစ်ဖို့ပါပဲ၊ ဘယ်လိုကဘယ်လိုခုလိုတွေဖြစ်သွားရတာလဲ ငါလည်းမသိဘူး၊ အေး… ငါသိရသလောက်တော့ ငါ့သမက်ကြောင့် ငါတို့ရွာ ထိခိုက်လာနိုင်တယ်ဆိုတာ ဖြစ်လာမယ်သိရတာပါပဲ၊ ငါထင်သလိုပဲ မင်းတို့ သည်ကိစ္စရောက်လာကြတာ မဟုတ်လား'

အဘိုးအိုက သို့ပြောပြီး ကျွန်တော့်အား စောင်းကြည့်လာချေတော့၏။

'အင်း… ကျွန်တော် ထင်တယ်၊ သည်ကိစ္စက သွေးရိုးသားရိုးတော့ မဖြစ်နိုင်လောက်ဘူး၊ အကြောင်းတစ်ခုခု ခိုင်ခိုင်လုံလုံတော့ ရှိပါလိမ့်မယ်'

သို့ လင်းမြင့်လှိုင်က ပြောလိုက်လေသဖြင့် သူကြီးအဘိုးအိုမျက်နှာ ပြုံးလာချေပြီး…

'အေး… ငါလည်း အဲလိုထင်တာ၊ နို့ကြောင့် ငါ့သမက်နဲ့ သမီးကို လာတွေ့ရတာပဲ၊ သည်ကိစ္စ ရှင်းရှင်းလင်းလင်းသိချင်တယ်၊ ရွာကလည်း သည်ကိစ္စ ငါ့ကိုလွှဲထားတယ်၊ သူတို့က ဘယ်သူတွေနဲ့မှ ပြဿနာမဖြစ်ချင်ကြဘူးလေ၊ ငါတို့ရွာလည်း မပျက်သုဉ်းစေချင်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့်အဘိုးအိုကို ကျွန်တော်တို့ စေ့စေ့ကြည့်နေမိတော့သည်။

'ဟုတ်ပါပြီ၊ သူကြီးသမက်နဲ့ ကျွန်တော် တွေ့လို့ အဆင်ပြေနိုင်တယ်လား'

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

'သူတို့တွေကို ငါမေးတယ်၊ သမက်ဖြစ်တဲ့သူက အဖြစ်မှန်ကို ဖုံးကွယ်ချင်တယ်၊ ရွာရဲ့ ဆိုးကျိုးဖြစ်မလာသေးတာကို တွေးပူကြလို့ သူက ကျေနပ်ပုံမရဘူး၊ နို့ကြောင့် သူတို့ သည်ကနေ ထွက်သွားကြတယ်၊ ဘာကြောင့်လဲတော့ မသိဘူး၊ ငါကလည်း မတားတော့ဘဲ အေးအေးဆေးဆေးနေလိုက်တယ်၊ သည်မှာပဲ နောက်တော့ မင်းတို့ ရောက်လာကြတယ်၊ မင်းတို့ ဝင်ပါကို လွယ်လင့်တကူ ဖြတ်လာနိုင်တယ်ဆိုတာကြောင့် မင်းတို့ကို လျှော့တွက်လို့မရဘူးလေ၊ သည်တော့ သည်ကိစ္စ ငါဝင်ရှင်းမှ ဖြစ်တော့မှာကိုး၊ အေး··· မင်းတို့ထင်သလို ငါ့သမီးဝတ်ရည်က ဝတ်မှုန်နဲ့ တူတော့ ပြဿနာက ဖြစ်ရပြန်တယ်၊ ငါ့သမီးဝတ်မှုန်ကို အထင်လွဲမခံနိုင်တော့ သည်ကိစ္စ ဖြေရှင်းမှဖြစ်မှာကိုး၊ နို့ကြောင့် သူတို့ရှိတယ် ထင်တဲ့သည်ကို လာရတာပဲ'

သို့ဆိုတော့ ကျွန်တော်တို့ နားလည်လိုက်ကြတော့၏။

သို့မှ ကျွန်တော်တို့ စားသောက်ပြီးနောက် ထိုနေရာလေးမှ 'ကတိုးနွယ်'သို့ ထွက်ခဲ့ကြရပြန်တော့သည်။

သူကြီးအဘိုးအို တွက်ထားသလိုပင် ကျွန်တော်တို့သည် 'ကတိုးနွယ်'သို့ စောစောပင်ရောက်သွားကြတော့၏။

စခန်းဆိုပေမင့် ဝါးခုတ်တဲသုံးလုံးခန့်သာ ရှိချေသော နေရာလေး ဖြစ်ချေ၏။ သို့ကြောင့်···

'သူကြီးပြောတော့ 'ကတိုးနွယ်' စခန်းဆို၊ ခုဟာက စခန်း

www.burmeseclassic.com

www.burmeseclassic.com



တဲနေရာလေး အထင်ပေပဲ၊ နို့ဖြင့် သည်နေရာကို ဘယ်လိုခေါ်လဲ၊ ပြီးတော့ သည်မယ် ကြည့်ရတာ ဝါးခုတ်စခန်းလည်း မဖြစ်နိုင်ဘူး'

သို့ ကျွန်တော်က သံသယဖြစ်သည်ကြောင့် သို့မေးလိုက်ချေ၏။ သည်တွင် သူကြီးအဘိုးအိုက…

'အေး… မင်းတို့ ငါနဲ့လိုက်ခဲ့ချေပါ၊ တဲမှာရှိတဲ့ ဖိုးထွန်းနဲ့ တွေ့လျှင်ဖြင့် ရှင်းသွားပါလိမ့်မယ်'

သူကြီးအဘိုးအိုက သို့ပြောပြီး တဲရှိရာနေရာသို့ သွားလိုက်ချေတော့၏။

'ဟာ… သူကြီး ဘာလာလုပ်တာတုံးကွ'

တဲသုံးတဲမှ ရှေ့ဆုံးတဲဖြစ်သည့်တဲမှ အသက်အားဖြင့် ၇၀ ကျော်လူကြီးတစ်ယောက် ဖြစ်ချိမ့်မည့် အဘိုးအိုက လှမ်းပြောလေ၏။

'အေး… ငါ့မယ် ကိစ္စလေးရှိလို့ လာခဲ့တာ'

သူကြီးအဘိုးအိုက ပြန်ပြောလိုက်၏။

'နို့ဖြင့် လာကြချေကွာ'

'ဟင်…'

'အို…'

'ဟာ…'

ထိုတဲသို့ချဉ်းကပ်သွားကြသည်နှင့် ကျွန်တော်၊ စောတာပုနှင့် လင်းမြင့်လှိုင်တို့သည် ထိုတဲပေါ်မှ အဘိုးအိုကို နီးနီးကပ်ကပ် မြင်လိုက်ကြသည်တွင် သို့ဆိုသလို အံ့သြသွားရချေတော့၏။ ဘယ့်ကြောင့်မူ တဲပေါ်ရှိအဘိုးအိုသည် ကျွန်တော်တို့နှင့်လိုက်ပါလာသည့် အဘိုးအိုနှင့် ရုပ်ချင်းချွတ်စွပ်တူနေသောကြောင့် ဖြစ်ချေတော့သည်။

'ဘယ်လိုလဲ… မင်းတို့ အံ့သြသွားကြပြန်ပြီလား'

သူကြီးအဘိုးအိုက ကျွန်တော်တို့ကို ပြုံးစိစိကြည့်ကာ မေးလာချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးနဲ့ ညီအစ်ကို အမြွှာများလား'

ကျွန်တော်က မေးလိုက်၏။

'အေး… ဟုတ်တယ်'

သူကြီး၏မျက်ဝန်းညာဘက်ထောင့်တွင် မှည့်နက်ကလေး တစ်လုံးပါတာကလွဲလို့ ခွဲမရအောင် တူကြတာကလား။

'ဟုတ်တယ်လေ… သူက ငါ့အစ်ကိုပဲကွ၊ သူနဲ့ ငါ့ကို ငါတို့ အဖေ အမေကလွဲလို့ ခွဲခြားနိုင်တဲ့သူက ရှားသကိုး၊ နို့ပေမင့် တစ်ခေါက်ဆုံပြီး ဘယ်သူအကြီး ဘယ်သူအငယ်လို့ သိလျှင် နောင်ကျ ခွဲခြားတတ်သွားမှာပါ၊ ဘာလို့လဲ သိလား'

'သိတာပေါ့ သူကြီးရယ်၊ သူကြီးရဲ့ ညာဘက်မျက်ဝန်း ထောင့်မှာ မှည့်ပါတယ်၊ သည်ဘကြီးမယ် မပါဘူး၊ သည်တော့ ခွဲခြားရလွယ်ပါတယ်'

သို့ ကျွန်တော်က ပြောလိုက်ချေတော့၏။

'သူကြီးတို့မျိုးရိုးကြည့်ရတာ အမြွှာတွေချည်းလိုလိုပဲနော်'

သို့ လင်းမြင့်လှိုင်က ပြောလာချေတော့၏။

'အေး… ငါ့သမီးနှစ်ယောက်လည်း မင်းတို့သိတဲ့အတိုင်း အမြွှာပဲလေကွာ၊ ဝတ်မှုန်နဲ့ ဝတ်ရည်က မင်းတို့ မြင်ဖူးကြတာပဲ မဟုတ်လား'

'ညီလေးရေ၊ ငါ့သားနှစ်ယောက်အကြောင်းလည်း ပြော လိုက်စမ်းပါဦးကွ၊ သူတို့ အံ့ဩသွားမှာလေ'

'ဘာများတုံး သူကြီး၊ ပြောပြစမ်းပါဦး'

'အေး… ငါ့အစ်ကိုမယ်လည်း သားနှစ်ယောက်ရှိခဲ့ဖူး တယ်၊ သူတို့ကလည်း အမြွှာတွေပဲကွ၊ နို့ပေမင့် သူတို့နှစ်ယောက် ကတော့ သက်ဆိုးမရှည်ကြဘူး၊ ငယ်စဉ်မှာပဲ ဆုံးသွားကြတယ်'

'ဟုတ်ပါပြီ ညီလေး၊ လာရင်းကိစ္စ ပြောချေကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဝတ်ရည်တို့လင်မယား အစ်ကိုတော်ဆီ လာကြတယ် လား'

သူကြီးက သို့မေးလေသည်တွင် ထိုအဘိုးအိုက ပြုံး၍ ကြည့်လာချေပြီး...

'ညီလေးကတော့ကွာ သည်သမီးတစ်ယောက်နဲ့ကို ဗျာများ နေတာကလား၊ အေး... ပြီးခဲ့တဲ့ သုံး၊ လေးရက်လောက်က ရောက် လာကြတယ်၊ လင်မယားနှစ်ယောက်စလုံးပဲကွ၊ ညီလေးနဲ့ ဘာဖြစ်လာကြတာတုံး'

'ဘာဖြစ်ရမှာလည်း အစ်ကိုတော်ရယ်၊ သည်ကောင်မ ရပ်ရွာနာမည်ပျက် သိက္ခာကျမယ့်အလုပ်မျိုး လုပ်လာတယ်၊ နို့ကြောင့် ညီမောင် သူ့ကို ဆူလိုက်မိတယ်၊ နို့ကြောင့် အစ်ကိုတော် ဆီပြေးလာတာ မဟုတ်လား'

'ဟား... ဟား... ဟား... သိပ်ဟုတ်တာပေါ့ကွာ၊ ညီမောင်ကလည်း လွန်ပါတယ်၊ သည်ရပ်ရွာကို သည်လောက်ပဲ အာရုံရလား၊ ကိုယ့်သွေးသားကိုတောင် နည်းနည်းမှ မငဲ့ပါကလား၊ သည်မယ် ငါ့တူမဘက်က လိုက်ပြောတာမဟုတ်ဘူးကွ၊ သူတို့ လင်မယား ရိုးရိုးသားသား လုပ်စားကြတယ်၊ ရိုးသားကြပါတယ်၊ သူများအပေါ် ကလိမ်ကကျစ်ကျပြီး ရှာဖွေစားကြတာ မဟုတ်ပါ ဘူး၊ နို့ကိုပဲ မင်းက ဘာလို့ သူတို့ကို အပြစ်ဖို့ရတာလဲ၊ ပြောပါ ဦး'

အမြွာအဘိုးအိုနှစ်ယောက် သို့ အပြန်အလှန်ပြောနေကြ သည်ကို ကျွန်တော်တို့ လုံဝနားမလည်ကြပါချေ။ သို့ကြောင့် နံဘေးမှနေ၍ အသာပင်နားထောင်နေခြင်း ဖြစ်ချေတော့၏။ သူတို့ နှစ်ဦး ပြောပုံအရ အစ်ကိုဖြစ်သူ အဘိုးအို၏ စကားသာ မှန်မည် ထင်၏။ လတ်တလော မသိရပေမင့် ကျွန်တော်တို့သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



သိရသလောက်ပြောရလျှင်ဖြင့် ထိုအဘိုးအိုဆိုလိုသည်မှာ သူကြီး အဘိုးအို၏အပြစ်ဟု ဆိုလိုခြင်းကို သိလိုက်ကြပေ၏။

'ကဲ… ပြောစမ်းပါဦး၊ မင်းရွာအတွက် အဲလိုကြီးလုပ်နေတော့မှာလား၊ တကယ်တော့ မင်းက ရွာလူကြီးဆိုပေမင့် စစ်စစ်ပေါက်ပေါက်ပြောရလျှင် မင်းက ရွာလူကြီးမဟုတ်ဘူး၊ ရွာရဲ့နိုင်းဖတ်ပါကွာ၊ ပတ်ဝန်းကျင်ရွာတွေကိုလည်း ငါ မကြာခဏ ရောက်ဖူးပါတယ်၊ သူကြီးဆိုသူတွေနဲ့လည်း ငါဆုံဖူးပါတယ်၊ အေးကွာ… သူတို့က အခွင့်အာဏာအပြည့်ရှိကြတယ်၊ သူကြီးပြီးလျှင်ပြီးပြီ၊ မင်းက အဲလိုမဟုတ်ဘူးကွ၊ ရွာရဲ့ကိုယ်စားလှယ်အဆင့်ပါပဲ၊ ငါ သဘောပေါက်ပါတယ်၊ မင်းကို သူတို့က အလုပ်ပေးတာ ရပ်ရေးရွာရေး တစေ့တစောင်းကြည့်ပြီး သူတို့ကို တင်ပြဖို့၊ ပြီးတော့ သူတို့နဲ့ ညှိနှိုင်းလုပ်ဆောင်ဖို့ အဲလိုမဟုတ်လား၊ သည့်အတွက် မင်းကို သူတို့က ထောက်ပံ့ထားတယ်၊ မင်း သူကြီးဖြစ်ပြီး မင်းသဘောနဲ့မင်း လုပ်လို့မှမရတာချည်း၊ လခွီးမှပဲကွာ… အေး… ထားပါတော့၊ မင်းတို့ရွာရဲ့ကိစ္စပဲ၊ ငါ ဝင်ပြောခွင့်မရှိဘူး၊ အမြင်ချင်းမတူတော့လည်း အခက်သားကလား၊ နို့ကြောင့် ငါလည်း သည်မယ်နေတာပေါ့ကွာ၊ ခု ငါပြောနေတာ ဘာလို့လဲဆိုတော့ ငါ့တူမနဲ့ ပတ်သက်လာပြီလေ၊ ဘယ့်နှယ် သူတို့ ခုဖြစ်ပျက်တဲ့ ကိစ္စလေးက ဘာဖြစ်မှာလဲ၊ မင်းက တရားသေကြီးမစွဲလမ်းစမ်းပါနဲ့'

'ဟာ… အစ်ကိုတော်ရ၊ ငါက တသမတ်တည်း ဖြစ်စေချင်တယ်၊ ခုကိစ္စကလည်း ဆန်ရင်းနာနာဖွပ်တဲ့သဘောပါကွာ၊ ကျောသားရင်သား မခွဲခြားချင်ဘူး၊ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မပေပဲကွ'

'ဟုတ်ပါပြီ… နို့ကြောင့် သည်ကိစ္စ ဘာများ ကြီးကြီးကျယ်ကျယ်ဖြစ်ရတာတုံး'

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ သူကြီးအဘိုးအိုက ကျွန်တော်တို့ကို လက်ညှိုး ထိုးပြလာလေပြီး...

'သည်မယ် သူတို့ရွာကိုရောက်လာပြီ၊ ဝတ်ရည်ကြောင့်ပဲပေါ့၊ မင်း မသိပါဘူး၊ ငါတို့ရွာလေးက ဘယ်သူနဲ့မှ အဆက်အဆံ ရှိတာမဟုတ်ဘူး၊ တသီးတခြား အေးအေးလူလူ ဘဝကို ဖြတ်သန်းနေကြတာ၊ နို့ကြောင့် ပျဉ်းမဝက်ပါ လုပ်ထားတယ်၊ နို့ပေမင့် ခု ဝတ်ရည်ကြောင့် သူတို့တွေ ရောက်လာကြပြီ၊ ပြဿနာပေပဲကွ'

သို့ဆိုတော့ အဘိုးအိုက ကျွန်တော်တို့ကို စေ့စေ့ကြည့်လာ ချေပြီး...

'ဟုတ်ပါပြီ၊ မောင်ရင်လေးတို့ကို ငါ့တူမက ဘာအပြစ် ကျူးလွန်ခဲ့လို့တုံး'

သို့ပြောလေသဖြင့် ကျွန်တော် ဘာပြောရမည်မသိသောကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ ကျွန်တော့်အကြည့် သဘောကို သိလိုက်သော လင်းမြင့်လှိုင်က သို့အဘိုးအိုကို ကြည့် လိုက်ချေပြီး...

'ဦးကြီးတူမနဲ့တော့ တိုက်ရိုက်ပတ်သက်တာ မဟုတ်ပါဘူး၊ နို့ပေမင့် ကျွန်တော်တို့နဲ့ပတ်သက်တဲ့ လူတစ်ယောက် သေဆုံး သွားရတာဟာ ဦးကြီးတူမရဲ့ပယောဂမကင်းဘူးလို့ ထင်တယ်၊ ပြီးတော့ ရှင်းရှင်းပြောရလျှင်ဖြင့် ဦးကြီးတူမနဲ့ သူ့အမျိုးသား ထင်ပါရဲ့၊ သူတို့က ကျွန်တော်တို့စခန်းနား ရောက်ရောက်လာပြီး ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တာ ရှင်းရှင်းလင်းလင်းသိလိုက် တာကြောင့် သူတို့နှစ်ယောက်ကို တောတောင်ထဲလိုက်ရှာရင်း သူတို့ ရွာကို ရောက်သွားရတာပဲ'

'ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ငါ သဘောပေါက်သဘောက်ပဲကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါပြီ… ဟုတ်ပါပြီ၊ သူတို့နဲ့ဆုံရှင်းလိုက်လျှင်တော့.အရှင်းကြီးဖြစ်သွားမှာပါ၊ ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား… ဟား…'

အဘိုးအိုက သို့နှယ်ပြောပြီး ရယ်မောနေလေချေသဖြင့် ကျွန်တော် ဘယ်သို့ပြောရမှန်းမသိ ဖြစ်ရလေ၏။

'ကဲပါ အစ်ကိုတော်ရယ်၊ ဘယ်မလဲ ဝတ်ရည်တို့'

သူကြီးအဘိုးအိုက မေးလိုက်ပြန်၏။

'ဖြည်းဖြည်းပေါ့၊ မနေ့က ထွက်သွားကြတာ ခုထိ ပြန်မလာသေးဘူး၊ ငါ့အထင် မင်းတို့ရောက်လာမယ်သိလို့ ထွက်သွားကြတာဖြစ်မယ်'

'ဟာ… အတော်ဒုက္ခပေးကြတာကလား၊ တောက်…'

သူကြီးအဘိုးအိုက ဒေါသတကြီး တောက်ခေါက်လိုက်ပြန်တော့၏။

'နို့ဆိုတော့ သူတို့မယ် အပြစ်ရှိတာ သေချာလို့ ငါ့ကိုရှောင်နေကြတာဖြစ်မပေါ့'

သူကြီးအဘိုးအိုက သို့ ပြောလာချေတော့၏။

'ကဲ… ကဲ… မင်းတို့ကိုလည်း အားနာပါရဲ့၊ မင်းတို့လည်း သိသင့်သလောက်သိပြီပဲ၊ တကယ်တော့ ငါ့သမီးနဲ့ သမက်တို့ မင်းတို့နဲ့ဆုံရှင်းခိုင်းမလို့ပဲကွ၊ နို့ကြောင့် သည်မယ်ရှိတယ်ထင်ပြီး ခေါ်လာတာ၊ ခု မင်းတို့အမြင်ပဲ၊ မရှိဘူးလေ'

'ဟုတ်ပါပြီ သူကြီး၊ ကျွန်တော်တို့ကိစ္စက မကြီးဘူးလည်း မဟုတ်ပါဘူး၊ နို့ပေမင့် တစ်ခုတော့မေးချင်တယ်'

'မေးလေကွာ'

'ကျွန်တော်တို့ မရှင်းတာတစ်ခုက ဘာလဲဆိုတော့ သမီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



သမက်က သစ်ခုတ်လား၊ ဝါးခုတ်လား၊ ပြီး ဘယ်လိုလုပ်ကိုင်ကြ တာတုံး"

"ဟဲ... ဟဲ... ဟဲ... ပြောရမှာပေါ့ကွာ၊ သည်လိုလေ သည်နှစ်ယောက်က ထူးခြားတယ်ကွ၊ တောထဲတောင်ထဲ အဆိပ် ရှိတဲ့သတ္တဝါတွေကို လိုက်ဖမ်းတယ်၊ ဆိုပါစို့ကွာ... မြွေကောင် ပေါ့၊ မြွေကောင်တွေ အရှင်ဖမ်းပြီး လူနဲ့ယဉ်ပါးအောင်လုပ်တယ်၊ အဲလိုလုပ်ပြီးတဲ့အခါ လူတွေကိုလှည့်ပြီး မြွေအလမ္ပာယ်ပြတယ်၊ အဲလိုလုပ်ပြီး ဝမ်းစာရှာဖွေစားတာ၊ ငါက သူတို့တွက် အန္တရာယ် ဖြစ်မှာစိုးလို့ ဒီအလုပ်ကို မလုပ်ခိုင်းဘူး၊ သူတို့ကလည်း မြွေကောင် တွေနဲ့ ဖက်လှဲတကင်းနေချင်ကြတာလေ၊ နို့ကြောင့် ငါက သူတို့ ကို အမြဲပြောတယ်၊ မြွေတွေကို စွန့်လွှတ်လိုက်ပါပေါ့၊ အဲလိုနဲ့ မင်းတို့ကြုံပြီးမဟုတ်လား၊ မင်းတို့မိတ်ဆွေကို မြွေကောင်က ကိုက် လိုက်ပြီလေ၊ အဲဒီကိစ္စ ငါသိတယ်၊ ဘာကြောင့် ဘယ်လိုဖြစ်မယ် တော့ မသိဘူး၊ အဆိပ်ရှိတဲ့သတ္တဝါကိုမွေးထားလို့ ပြဿနာဖြစ် တယ်ဆိုတာကြောင့်နဲ့တင် ငါတို့က အပြစ်ပေးလို့ရတယ်"

"အာလားလား... မင်းကတော့ကွာ လုပ်ပြီ၊ ကလေးတွေ နဲ့ တွေ့ပါဦး၊ အကျိုးအကြောင်းကိုပဲ ဂဃနဏစုံစမ်းပါဦး၊ မင်း ကလည်း အပြစ်ပေးဖို့ချည်း လုပ်နေတာပဲ၊ တကတဲမှကွာ"

သူကြီးအဘိုးအိုအား သို့ဆိုသလို ထိုအဘိုးအိုက အပြစ် တင်ချေတော့၏။

တကယ်တော့ ကျွန်တော်တို့သည် ထိုအဘိုးအိုနှစ်ယောက် ကိုကြည့်ပြီး စိတ်ဝင်စားမိကြ၏။ သူကြီးအဘိုးအိုနှင့် ထိုအဘိုးအိုတို့ ပြောဆိုနေကြသည်မှာ သေဆုံးသူ ဖထီးချစ်ထွန်းနှင့်လည်းကောင်း ကျွန်တော်တို့နှင့်လည်းကောင်း ပတ်သက်နေသည်ကို သိလိုက်ကြ ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ သူကြီးရယ်၊ ဦးကြီးပြောသလို သူတို့နဲ့တွေ့မှ အကျိုးအကြောင်းပြောပြလေပြီးမှ သူကြီး ဆုံးဖြတ်သင့်တယ်'

သို့ ကျွန်တော်က ပြောလာလေသည်တွင် သူကြီးအဘိုးအိုက...

'ဟုတ်ပြီလေ၊ သည်မယ်ခဏနားကြတာပေါ့၊ ကျွန်တော်တို့ စားဖို့ ဘာရှိတုံး'

'ဟ... ငါ့တဲမယ် စားစရာမရှိဘဲ နေလို့မရဘူးလေ၊ နို့ကြောင့် ရှာကြံရှာဖွေထားရတာ၊ မနက်ကတော့ ငါးတွေရထားတယ်၊ မင်းတို့ ယူစားလေကွာ'

'ဟာ... ဟုတ်လား၊ အစ်ကိုတော်အတွက်ပဲ ထားလိုက်ပါတော့၊ နက်ဖြန်တွက်ပေါ့၊ ငါတို့က ရှာလို့ဖွေလို့ရပါလိမ့်မယ်'

သူကြီးအဘိုးအိုက ကျွန်တော့်ကိုကြည့်၍ သို့ဆိုသလို အဘိုးအိုကို ပြောလိုက်လေသဖြင့် သူကြီးအဘိုးအိုက ဘာဆိုလိုသည်ကို သိလိုက်ချေတော့၏။

'ဟုတ်ပြီ သူကြီး၊ ကျွန်တော်တို့ သွားလိုက်မယ်၊ အချိန်ရသေးတယ်မဟုတ်လား'

'ဘယ့်နှယ်ပြောပါလိမ့်၊ ငါတို့ သည်မယ် တစ်ညအိပ်ကြမယ်၊ ဟိုကောင်မ ပြန်လာကောင်း လာနိုင်မယ်ထင်လို့ပဲ၊ နက်ဖြန်မနက်စောစော ပြန်ကြတာပေါ့'

သို့ဆိုတော့ ကျွန်တော် စောတာပုကိုခေါ်၍ အမဲပစ်ထွက်မည်အလုပ်တွင် လင်းမြင့်လှိုင်က...

'ကိုပိုက် နားနေချေပါ၊ ကျွန်တော် ဖထီးနဲ့သွားလိုက်မယ်'

သို့ပြောပြီး ထွက်သွားချေတော့၏။

'ငါ့မယ်လည်း သေနတ်တစ်လက်လိုမယ်ကွ'

သူကြီးအဘိုးအိုကို အဘိုးအိုက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'နို့တော့ ဟုတ်တာပေါ့၊ နို့ပေမင့် အစ်ကိုတော် ငါ့ရဲ့ သေနတ်ကိုတော့ မလိုချင်တာနဲ့ လိုချင်လို့လည်းမရဘူး၊ ဘာလို့လဲ သိလား၊ ငါတို့ရွာမယ် ငါက သည်သေနတ်ကြီးကို လက်ခံယူထား ရတာ'

သူကြီးအဘိုးအိုက နှစ်လုံးပြူးသေနတ်ကြီးကို ပုတ်ပြပြော လိုက်ချေ၏။

'ဟား... ဟား... ဟား... ငါသိပါတယ် ညီလေးရာ၊ မင်းကို သက်သက်ပြောတာပါ၊ ဟား... ဟား... ဟား... မင်းကတော့ကွာ သူကြီးအင်္ကျီနဲ့ ပြည့်စုံပါတယ်၊ ပြီးတော့ သူကြီး ဆိုလျှင်ဖြင့် နှစ်လုံးပြူးကြီးကိုင်ကို ကိုင်ထားရမယ်၊ အဲလိုမဟုတ် လား၊ ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား...'

သို့ပြောပြီး ရယ်မောနေချေသဖြင့် ကျွန်တော်သည်လည်း ကိုယ့်အတွေးနှင့်ကိုယ် သဘောကျပြုံးမိသေးတော့၏။

'ဒိန်း...'

သို့ရှိစဉ် လင်းမြင့်လှိုင်ကိုထွက်သွားသည့်ဘက်မှ သေနတ် သံတစ်ချက် ကြားလိုက်ရ၏။ လင်းမြင့်လှိုင် သားကောင်တွေ့၍ ပစ်လိုက်ခြင်းဖြစ်ချိမ့်မည်။

သို့ဆိုတော့ ကျွန်တော်သည် အဘိုးအိုနှစ်ယောက်အား ခွင့်တောင်း၍ ထင်းခြောက်များကို အနီးတစ်ဝိုက် ရနိုင်သလောက် ရှာဖွေစုဆောင်းထားလိုက်၏။

ထင်းမီးပုံလိုသည် မဟုတ်ပါကလား။

'ဟကောင်ရ... သေချာလှချည်လား၊ ဘာသားကောင်မို့ မီးပုံကြီးလုပ်တာပါလိမ့်၊ ဟင်း... ဟင်း... မင်းလူကို အံ့ဩယုံတယ် ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက မေးလာလေတော့၏။

'သိပ်ယုံတာပေါ့ ဦးကြီးရယ်၊ ကျွန်တော့်မိတ်ဆွေက တစ်ချက်တစ်ကောင် သေချာတာပဲ'

'ဟုတ်ပါပြီ၊ ချီးကျူးပါတယ်'

အဘိုးအိုကြီးက သို့ပြောပြီး ပြုံးစိစိလုပ်နေချေတော့၏။ ကျွန်တော့်စကားကို ယုံကြည်သည်တော့ သိပ်မရှိပုံပင်။

'ဒီနီး...'

အလိုလေးဗျာ... သေနတ်သံတစ်ချက် ကြားလိုက်ရပြန်၏။ သို့ဆိုတော့ လင်းမြင့်လှိုင် ပထမပစ်ချက် သားကောင်ကို လွဲချော်သွားလို့များလား။ သို့တည်းမဟုတ် ဒဏ်ရာဖြင့် ပြေးသွားသဖြင့် ထပ်မံပစ်ခတ်ခြင်းများလေလား။

သို့ ကျွန်တော်တို့ စဉ်းစားစဉ် အဘိုးအိုက...

'ဟိတ်ကောင်... ကြားပြန်ပြီ တစ်ချက်၊ မင်းကောင်က တစ်ချက်တစ်ကောင်ဆိုတော့ သူပြန်လာလျှင်ဖြင့် သားကောင် နှစ်ကောင်ပါလာမှာ မဟုတ်လား'

အဘိုးအို သို့စကား မည်သည့်အဓိပ္ပာယ်နှင့်ပြောလိုက်သည်ကို ကျွန်တော် သိလိုက်ချေတော့၏။

သို့ကြောင့် ကျွန်တော်က...

'ပြန်လာတော့ ကြည့်တာပေါ့'

သို့သာလျှင် ကျွန်တော်က ပြောလိုက်ရချေတော့၏။ လင်းမြင့်လှိုင် ဘာကြောင့် နှစ်ချက်ပစ်လိုက်ရတာပါလိမ့်။ သို့က အကြောင်းမဟုတ်။ အဘိုးအိုက ကျွန်တော့်ကို စိန်ခေါ်နေသလိုပါပဲလား။

သို့လည်း လင်းမြင့်လှိုင် ပြန်ရောက်လျှင် ရှင်းရပေလိမ့်မည်။ အဘိုးအို ကျေနပ်အောင် ရှင်းရပေလိမ့်မည်။ သို့မှ...

www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဟော… ဟိုမယ် တစ်ချက်တစ်ကောင်ကြီး ပြန်လာပြီပဲကွ'

သို့ဆိုတော့ ကျွန်တော် ကြည့်လိုက်၏။

ဘုရားရေ… တကယ်ပဲ လင်းမြင့်လှိုင်ပါလား။ သူ့လက်ထဲတွင် သေနတ်တစ်လက်သာ ပါလာချေ၏။

'ဟင်…'

ပြီးတော့ လူနှစ်ယောက်။ အမျိုးသမီးတစ်ယောက်၊ အမျိုးသားတစ်ယောက်။

နောက်ဆုံးမှ စောတာပုတစ်ယောက် သားကောင်ကိုထမ်းလျက် လိုက်ချေတော့၏။

'ဟား… ဟား… ဟား… နို့ မင်းပြောတော့ တစ်ချက်တစ်ကောင်ဆို၊ ခု ငါတို့ကြားတာ နှစ်ချက်ဆိုတော့ နှစ်ကောင်ဖြစ်မပေါ့၊ ဟင်း… ဟင်း… ဘယ်လိုဖြစ်ရတာလဲ၊ ဟား… ဟား… ဟား… ဟား… ဟား… ဟား…'

အဘိုးအိုက သို့ပြောကာ လှောင်ပြောင်ရယ်မောနေပေမင့် သူကြီးအဘိုးအိုက သူတို့အား စေ့စေ့ကြည့်လိုက်ချေ၏။

'ဟာ… ဟိုမှာ၊ ဝတ်ရည်တို့ မဟုတ်လား'

သို့ ဝမ်းသာအားရပြောလာချေတော့၏။ သို့ဆိုတော့ လင်းမြင့်လှိုင်နှင့်အတူ လိုက်ပါလာခဲ့သည်ကား သူကြီးအဘိုးအို၏ ဝတ်ရည်နှင့် သမက်တော်သူတို့ ဖြစ်ချေတော့သည်။

'ဘယ်လိုက ဘယ်လိုဖြစ်ရတာတုံး'

သူကြီးအဘိုးအိုနှင့် ထိုအဘိုးအိုတို့က လင်းမြင့်လှိုင်နှင့် အတူပါလာသည့် မိန်းမပျိုနှင့် အမျိုးသားကိုကြည့်၍ အံ့သြဘကြီး မေးလေတော့၏။

ဘယ့်တွက်မှု အမျိုးသားနှင့် ထိုအမျိုးသမီးတို့အား ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လင်းမြင့်လှိုင်က တုပ်နှောင်လာသောကြောင့် ဖြစ်ချေတော့၏။

အဘိုးအိုနှစ်ယောက်က လင်းမြင့်လှိုင် မည်သို့စကားပြောလာမည်ကို စောင့်နားထောင်နေပုံပင်။ သို့ကြောင့်…

"ကိုလင်းရေ… အကျိုးအကြောင်း ရှင်းပြစမ်းပါဗျာ"

သို့ ကျွန်တော်က ပြောလိုက်၏။

"သည်လိုဗျ… ကျွန်တော် ဖထီနဲ့ အမဲပစ်သွားတုန်း ချေကောင်လေးတွေ့လို့ ပစ်လိုက်တယ်၊ ဒဏ်ရာနဲ့ပြေးသွားပေမင့် ဝေးဝေးမပြေးနိုင်တော့ကာ ဖထီကို လိုက်ခိုင်းလိုက်တယ်၊ ကျွန်တော်က သစ်တစ်ပင်အောက်မယ် နားနေတာပေါ့၊ ဖထီတစ်ယောက် ကျွန်တော့်အမြင်ကပျောက်သွားချိန်မှာပဲ သူက ကျွန်တော့်ကို နောက်ကနေ ထင်းချောင်းနဲ့ ဝင်ရိုက်လိုက်တယ်၊ ကံကောင်းချင်တော့ သူက ကျွန်တော့်ကိုအရိုက် နောက်ကနေပေါ့၊ ကျွန်တော့်ရှေ့မယ် လိပ်ကောင်သွားသောကြောင့် ကျွန်တော်က ကပျာကသီ လိပ်ကောင်ကို ရုတ်ခြည်းအကောက်နဲ့ တစ်ပြိုင်နက်ဖြစ်သွားတော့ကာ သူ့ရဲ့ရိုက်ချက်ကနေ လွတ်သွားတာပေါ့၊ သူကလည်း ကျွန်တော့်ကို ရိုက်ချက်လွဲသွားတော့ တစ်ချိုးတည်းလှည့်ပြေးသွားတော့တာပဲ ပေါ့၊ နို့ကြောင့် ကျွန်တော် သူ့ကို သေနတ်နဲ့ ခြောက်လှန့်ပစ်လိုက်ရတာ"

"သေနတ်သံကြောင့် သူ လန့်ဖျပ်ပြီး ခလုတ်တိုက်လဲကျသွားတာကို ကျည်မှန်သွားတာထင်ပြီး သည်အမျိုးသမီးက ပုန်းကွယ်နေရာကနေ ထွက်လာတာ၊ နို့ကြောင့် နှစ်ယောက်စလုံးကို ခေါ်လာခဲ့ရတာ၊ လမ်းမှာ ကျွန်တော် ဖထီချစ်ထွန်း သေရတာနဲ့ ပတ်သက်ပြီး သူတို့ကို မေးတယ်"

"ဟုတ်ပြီ၊ သည်တော့ သူတို့က ဘာပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သိလိုဇောဖြင့် မေးလိုက်ချေ၏။

'သူတို့ကြောင့် သေတာကို ဝန်ခံတယ်ဆိုပေမင့် အကျိုးအကြောင်းကိုတော့ သေသေချာချာ မရှင်းပြဘူးလေ၊ နို့ကြောင့် နှစ်ယောက်စလုံးကို ကြိုးတုပ်ခေါ်လာရတာ၊ နို့မှမဟုတ်လျှင် သူတို့ ထွက်ပြေးသွားကြလိမ့်မယ်၊ သည်ပြန်ခေါ်လာပြီး သူကြီးကိုအပ်တာ အကောင်းဆုံးလို့ထင်တယ်လေ၊ ကဲ… ကဲ… ဖထီ သူတို့ကြိုးတွေ ဖြေပေးလိုက်ပါဗျာ၊ ကျွန်တော် သည့်တွက် တောင်းပန်ပါတယ်၊ အဲလိုမှမလုပ်လျှင် မဖြစ်လို့ပဲ'

သို့ သူတို့အား ကြိုးတုပ်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ လင်းမြင့်လှိုင်က အဘိုးအိုနှစ်ယောက်ကို တောင်းပန်လိုက်ခြင်းဖြစ်၏။

'အေးပါ… ငါကတော့ သဘောပေါက်ပါတယ်'

သူကြီးအဘိုးအိုက ပြောလေ၏။

ထိုတဲရှိ အဘိုးအိုကတော့မူ…

'ငါတော့ မကြိုက်ဘူး၊ သူတို့မယ် ဘာအပြစ်မှမရှိလေဘဲ ခုလို ကြိုးနဲ့တုပ်နှောင်တယ်ဆိုတာ အတော်မကောင်းတဲ့အလုပ်ပေပဲကွ'

သို့နှယ်ပြောကာ လင်းမြင့်လှိုင်ကို အပြစ်တင်လေတော့၏။

'နို့ဖြင့်လည်း တောင်းပန်ပါတယ်၊ ကျွန်တော်က သူတို့ကို ကျွန်တော်တို့ကိစ္စကြောင့် ခုလိုလုပ်ရတာကြောင့်ချည်း မဟုတ်ပါဘူး၊ သူကြီးရဲ့သမီး သမက်ဆိုတာကြောင့် သူကြီးလက်ထဲအပ်ချင်လို့ပါဗျာ၊ ကျွန်တော် မှားလေလျှင်ဖြင့် ထပ်ပြီးတောင်းပန်ပါတယ်'

'အစ်ကိုတော်ကလည်း သူပြောတာ မှတ်ပါတယ်၊ တစ်ဖက်သတ်မပြောချင်ပါနဲ့၊ ကိုယ့်တူ တူမတို့ သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



မေးစမ်းပါဦး၊ သူတို့မယ် အပြစ်ရှိမရှိ သေချာမှပြောတာ အကောင်းဆုံးဖြစ်မှာပေါ့'

သို့ သူကြီးအဘိုးအိုက အဘိုးအိုကို ပြောလိုက်ချေတော့၏။ ·သို့ဆိုတော့ ထိုအဘိုးအို ငြိမ်သွားချေတော့၏။

'ကဲ… ဝတ်ရည် မင်း မှန်မှန်ပြောစမ်း၊ ရွာကထွက်သွားပြီး အပြင်မှာ ဘာတွေသွားလုပ်ခဲ့တာလဲ၊ အဖေ့ကို အမှန်အတိုင်းပြော၊ အမှန်ဝန်ခံတာကို ကြိုက်တယ်နော်'

သူကြီးအဘိုးအိုက သမီးဖြစ်သူ ဝတ်ရည်ကို မျက်နှာထားတင်းတင်းဖြင့် မေးလေတော့၏။ သည်တွင် ဝတ်ရည်က အဘိုးအိုကို လှမ်းကြည့်လိုက်ချေ၏။ သူမ၏အကြည့်သည် ထိုအဘိုးအိုအား စစ်ကူတောင်းခြင်းဖြစ်ချေတော့၏။

သို့ဆိုတော့ ထိုအဘိုးအိုက ကျွန်တော်တို့အား တစ်စုံတစ်ရာပြောမည်ပြုလေသည်တွင်မတော့…

'အဘိုး ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော်တို့ အပြစ်ကျူးလွန်မိပါတယ်၊ အဖေ့ကို (သူကြီးအဘိုးအိုအား ပြောလာခြင်းဖြစ်၏။) မပြောဝံ့လို့ပါ'

'ဟေ…'

သို့ဆိုတော့ ထိုအဘိုးအို နှုတ်ဆိတ်ငြိမ်သက်သွားတော့၏။ သူကြီးအဘိုးအိုကလည်း အမိပွာယ်ပါပါ ကြည့်လိုက်ချေတော့၏။

'အစ်ကိုတော် ပြောကြားပြီးနောက် သည်ကိစ္စ ညီလေးကိစ္စဖြစ်သွားပြီ၊ ညီလေးရဲ့ကိစ္စဆိုတော့ ညီလေးဆုံးဖြတ်ရမယ်၊ ဒို့ကြောင့် သူ့ကို ဖြစ်ကြောင်းကုန်စင် စစ်မေးရလိမ့်မယ်၊ အစ်ကိုတော်လည်း သူ့ရဲ့ဖြောင့်ချက်ကို ကြားတော့မှာဆိုတော့ကာ ညီလေးရဲ့ဆုံးဖြတ်ချက်အတွက် တရားမျှတမှု ရှိ၊ မရှိ သိနိုင်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့် သူကြီးအဘိုးအိုကို ကျွန်တော် တအံ့တသြကြည့်မိချေတော့၏။

'ကဲ… မင်း ငါမေးမယ်၊ မင်းတို့ရဲ့မြွေကောင်ကို စွန့်ပစ်လိုက်ကြပါဆိုတာ မင်းတို့ ဘာလုပ်လိုက်ကြလဲ'

သူကြီးအဘိုးအိုက အမျိုးသားကို မေးလေတော့၏။ သည်တွင် အမျိုးသားက သူ၏ဇနီးဖြစ်သူ ဝတ်ရည်ကို တောင်းပန်အကြည့်ဖြင့် ကြည့်လိုက်ချေပြီး…

'ကျွန်တော်တို့လည်း အဖေပြောလို့ မြွေကောင်ကို လွှတ်မယ်ဆိုထွက်သွားခဲ့ရာမှာ သံဒင်းစခန်းနားရောက်သွားတော့ လူတစ်ယောက်နဲ့တွေ့တယ်၊ ကရင်လူမျိုးပဲ'

သို့ဆိုတော့ ကျွန်တော် ဖထီချစ်ထွန်းကို သတိရလိုက်တော့၏။ သူပြောနေသူမှာ ဖထီချစ်ထွန်း ဖြစ်ချိမ့်မည်။

'ဟုတ်ပြီ၊ ဆက်ပြော'

သူကြီးအဘိုးအိုက စကားထောက်လိုက်ပြန်၏။

'ကျွန်တော့်ခြင်းပုလိုင်းထဲက မြွေကောင်ကိုမြင်တော့ ရောင်းမလား မေးတယ်၊ ကျွန်တော် ဒေါသထွက်သွားတယ်၊ ဘာလို့လဲဆိုတော့ သည်ကောင်က ကျွန်တော့်သားဆိုလည်း ဟုတ်တယ်လေ၊ ကျေးဇူးရှင်ဆိုလည်း ဟုတ်တယ်လေ၊ သည်ကောင်ကြီးဟိုဇန်းပြုပြီး ကျွန်တော်က မြွေအလမ္မာယ်ပြစားနေတာကိုး၊ ကျွန်တော့်ထမင်းရှင်ပေါ့၊ ကျေးဇူးရှင်ပေါ့၊ ဆက်ပြောရလျှင်သည်ကောင်ကြီးကို သွားပစ်ရမှာ ကျွန်တော် နှမြောတာပေါ့၊ ယောက္ခမကြီးက လက်မခံတော့လည်း ခက်နေတာရယ် သံယောဇဉ်ဖြတ်နေချိန်မှာ အဲဒီကရင်ကြီးက သူသတ်စားဖို့ဝယ်လာတယ်ဆိုတော့ ကျွန်တော် ဒေါတ်ကလေး ဒေါသထွက်သွားတယ်၊ နို့ကြောင့် အဲဒီကရင်ကြီးနဲ့ စကားများကြတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



'ဝတ်ရည်ကတော့ ကျွန်တော်တို့နှစ်ယောက် အခြေအတင်ဖြစ်ပြီးနေတာကို ငေးကြည့်နေရုံပါပဲဗျာ၊ သည်ကိစ္စက သူဝင်ပါလို့လည်း မဖြစ်ဘူးလေ။

'သည်မှာပဲ ကရင်ကြီးက ကျွန်တော့်ကို ကိုယ်ထိလက်ရောက်ကျူးလွန်လာတယ်၊ သူက ကျွန်တော့်ထက် ဗလတောင့်တောင့်ဆိုတော့ ကျွန်တော် ခံရတာပေါ့၊ သူက ကျွန်တော့်ကို အဲလိုလုပ်ပြီး ထွက်သွားတယ်၊ နို့ကြောင့် ကျွန်တော်လည်း သူ့ကို အခဲမကျေဖြစ်ပြီး ငြိမ်နေလိုက်တာပေါ့၊ နို့ပေမင့် ဘယ်ကျေနပ်ပါ့မလဲ၊ သူ့ကို နောက်ကလိုက်ချောင်းတာပေါ့၊ သည်တော့ ဝတ်ရည်က လက်ရှောင်လို့ပြောပေမင့် ဝတ်ရည်အလစ်မှာ ကျွန်တော်သည်လူနောက် အမီလိုက်သွားတော့တယ်၊ စပါးကြီးစခန်းရောက်တော့ သူ့ကို လိုက်မီသွားတယ်ပေမင့် သူ့နားမယ် လူနှစ်ယောက်ရှိနေတယ်လေ၊ သူ့ကြည့်ရတာ ထိုလူနှစ်ယောက်နဲ့ သူ နားနေမယ့်ပုံပဲ၊ နို့ကြောင့် ကျွန်တော် သူတစ်ယောက်တည်း အဲဒီစခန်းကထွက်အလာကို စောင့်နေရတာပေါ့။

'နောက်နေ့မနက်စောစော အဲဒီစခန်းက သူထွက်လာတယ်၊ သူက အလေးအခင်းသွားမယ်ပေါ့၊ ကံကောင်းချင်တော့ ကျွန်တော်လည်း အဲသည်နေရာမယ် အခင်းသွားနေခဲ့တာ၊ နို့ဆိုတော့ ကျွန်တော်လည်း သားကြီး (မြွေကောင်ကို ဆိုလိုခြင်းဖြစ်၏။)ကို သူ့ခြေစပ်နား အသာချလိုက်တယ်၊ ပြီးတော့ သားကြီး ဒေါသထွက်အောင် နောက်ကနေ ဆွပေးလိုက်တယ်ဆိုလျှင်ပဲ သူ့ကို ကိုက်လိုက်တော့တာပဲပေါ့'

အလိုလေးဗျာ… တယ်လည်းပိရိပါကလား။ နို့ပေမင့်လင်းမြင့်လှိုင်ကတော့မှ ဖထီချစ်ထွန်းတစ်ယောက် သွေးရိုးသားရိုးမြွေကိုက်ခံရခြင်းမဟုတ်ကြောင်း ဘယ်လိုကြောင့် ပြောနိုင်တာပါ

www.burmeseclassic.com



လိမ့်။ သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေ၏။

'ကိုလင်းက ဘယ်လိုလုပ် သိနေတာတုံး'

'ဖထီချစ်ထွန်း သေတဲ့နေရာမယ် လူခြေရာတွေ့တယ်လေ၊ မြွေကောင်ခြေရာကိုတော့ မတွေ့ဘူး၊ မြွေကိုက်တယ်ဆိုပေမင့် မြွေကောင် အဲဒီနေရာတစ်ဝိုက် သွားလာတာမှ မတွေ့ရဘဲ၊ လူတစ်ယောက်ရဲ့ သွားလာခြေရာပဲတွေ့တာဆိုတော့ သည်ကိစ္စ တိတိကျကျမပြောတတ်ပေမင့် တစ်စုံတစ်ဦးရဲ့ ပယောဂကြောင့်ဆိုတာ သိလိုက်တယ်'

'သည့်ထက် ပိုရှင်းပြလို့ရဦးမလား'

ကျွန်တော်က မေးလိုက်ချေ၏။

'သိပ်ရတာပေါ့ ကိုပိုက်ရယ်၊ ဖထီချစ်ထွန်း သေတဲ့နားခပ်လှမ်းလှမ်းမယ် မြွေထည့်တဲ့ပခြုပ် တွေ့တယ်လေ'

'ဗျာ...'

'ဟင်...'

'ဟုတ်ပါတယ်၊ ကျွန်တော် မြွေကောင်ကို ပခြုပ်ထဲက ထုတ်ပြီး ပခြုပ်တောင်းကို အဲဒီနေရာမယ် ပစ်လိုက်တယ်၊ မြွေကောင်ကိုတော့ ကျွန်တော် ချိတ်နဲ့သိမ်းယူပြီး အဝေတစ်နေရာမယ် ပစ်လိုက်တယ်လေ၊ နို့ကြောင့် အဲဒီနားမယ် မြွေကောင်သွားလာတဲ့ ခြေရာ မတွေ့တာပေါ့၊ နို့က ကျွန်တော့်အမှားပါဗျာ၊ မြွေကောင်ကို သည်အတိုင်း သူ့သဘောအတိုင်း သွားစေသင့်တယ်ဆိုတာ အဲဒီအချိန်က မတွက်မိဘူး၊ ကျွန်တော် သည်လိုလုပ်ရတာလဲ၊ မြွေကောင်က လူကို ကိုက်ပြီဆိုလျှင်ဖြင့် ဝေးဝေးမသွားနိုင်ဘူးလေ၊ အဲဒီပတ်ဝန်းကျင်နားမှာပဲ နားနေရမှာဆိုတော့ သေသူရဲ့အဖော်တွေ ရောက်လာပြီး မြွေကောက်ခံရတာဆိုတော့ကာ အနားတစ်ဝိုက်

www.burmeseclassic.com

www.burmeseclassic.com



မြွေကောင်ကို ရှာဖွေသွားတွေ့လျှင်ဖြင့် ရိုက်သတ်ခံရမှာစိုးလို့ ခုလို လုပ်လိုက်ကာမှ မြွေကောင်က အသက်ရှင်ခွင့်ရပြီး ကျွန်တော်က ပြစ်ဒဏ်ခံရတော့မှာပေါ့၊ နို့ကလည်း တန်ပါတယ်ဗျာ'

သို့ပြောလာသည့် သူ့ကို ကျွန်တော် ကြည့်မိရင်းမှ…

'ဟုတ်ပြီ၊ နို့ကြောင့် သည်စခန်းကိုရောက်လာပြီး လူကြီး ခရီးထွက်လျှင် ကျွန်တော်တို့ကို မလိုက်သွားဖို့ တားတာပေါ့'

'ဟုတ်ပါတယ်၊ သူကြီးက ခင်ဗျားတို့ကိစ္စ ဖြေရှင်းပေး မယ်ဆိုလျှင်ဖြင့် သည်မယ် ကျွန်တော်တို့ရှိမှန်းသိပြီး လိုက်လာကြ လျှင် ဘယ်လိုမှဖြင်းမရဆိုတာ သိလို့ ခုလို ဘကြီးကို လာပြော ပိတ်ပင်လိုက်တာပါ'

သို့ဆိုတော့ ကျွန်တော်တို့ ရှင်းသွားရချေတော့၏။

'ဟုတ်ပြီ၊ အစ်ကိုတော်လည်း ရှိတယ်၊ သူ့ကို ထိုက်တန် တဲ့အပြစ်ပေးရမယ်ဆိုတော့ အစ်ကို့ရှေ့မှာပဲ ပြောတော့မယ်'

'ပြောလေကွာ'

'လူသတ်မှုနဲ့ သူတို့ကို ရဲလက်အပ်လိုက်မယ်၊ သည့်နောက် ပိုင်း ရဲကိစ္စဖြစ်ပြီပေါ့၊ နို့မှ သည်ရွာလေးက ကျွန်တော့်ကို သမာ သမတ်ကျတဲ့သူကြီးလို့ ပြောလာကြမှာလေ၊ ကျောသားရင်သား ခွဲခြားခြင်းမရှိတဲ့ သူကြီးပဲဖြစ်ချင်တယ် အစ်ကိုတော်ရာ'

'ဘယ်လိုလဲ၊ မင်း ကျေနပ်လား'

တဲ့ရှင်အဘိုးအိုက တရားခံအမျိုးသားကို မေးလေခြင်း ဖြစ်တော့၏။

'ကျွန်တော် ကျေနပ်ပါတယ်၊ ဒေါသကလေးတစ်ခုကြောင့် ကိုယ့်ဘဝကိုယ် ဖျက်ရာကျတဲ့အပြင် သမာသမတ်ကျတဲ့ ကျွန်တော့် ယောက္ခမ အဖေကိုလည်း တော်လှန်ရာကျခဲ့တယ်၊ နို့ကြောင့် ခုလို အဖေက အပြစ်ပေးတာကို ကျေကျေနပ်နပ်ကြီး ခံပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှင်းရှင်းပြောရရင်လျှင်ဖြင့် သမာသမတ်ကျတဲ့သူကြီးတစ်ယောက် ပေးတဲ့အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီးခံပါ့မယ်၊ နို့ပေမင့် သမာသမတ်မကျတဲ့သူကြီးရဲ့ ဆုံးဖြတ်ချက်မျိုးဆိုလျှင်ဖြင့် ကိုယ့်မယ် အပြစ်ရှိဦးတော့ လက်ခံမှာမဟုတ်ဘူး၊ ဖြစ်နိုင်သမျှ အလွတ်ရုန်းရတော့မပေါ့ဗျာ၊ ခုတော့ သမာသမတ်ကျတဲ့သူကြီးဆိုတော့ ကျွန်တော် ကျေနပ်ပါတယ်"

သို့ပြောလာသည့် တရားခံကို ကျွန်တော်တို့ ငေးကြည့်မိကြတော့သည်။

"တကယ်တော့ တောင်သူကုန်းရွာကလေးသည် ကျွန်တော်တို့အတွက် ထူးဆန်းသည့်ရွာကလေးဟု ဆိုရချိမ့်မည်ဖြစ်သလို ထိုရွာကြီးမျိုး၊ ရွာသားမျိုး တွေ့နိုင်ခဲ့သည်ကိုလည်း သိလိုက်ကြချေတော့သည်။

သမာသမတ်ကျသည့်လူကြီး ဘယ်လိုကြောင့် ဖြစ်ရတာပါလိမ့်။

သူ၏ပါရမီကြောင့်လား၊ ရပ်သူရွာသားတွေကြောင့်လား ဆိုသည်ကို ကျွန်တော်တို့ စဉ်းစားရပေလိမ့်မည်။

*စာဖတ်ပရိသတ်အား လေးစား*

*ကြိုးစားလျက်*

ကိုပိုက်

၁၄.၁၂.၂၀၀၉

1:50 PM

BURMESE CLASSIC

www.burmeseclassic.com